
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သားသားလက်ဆောင်ပုံပြင်များ


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၈၄၉/ ၉၆ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | (၂/ ၉၇) (၃) |
| အုပ်ရေ | – | ၁၀၀၀ အုပ် |
| တန်ဖိုး | – | ၃၀၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | – | K ဘသက်း |
| မျက်နှာဖုံး+အတွင်းပုံနှိပ်သူ | – | ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်းအော့(ဖ်)ဆက် ၁၇၃၊ ၃၃လမ်း၊ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | – | ဦးသောင်း (၀၁၁၁၄) ရွှေပင့်ကူစာပေ၊ ၅၂၅/ ခ (၈၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။ |


BURMESE CLASSIC

ဆရာဦးမိုးမြင့် (B.Sc)

# သားသားလက်ဆောင်ပုံပြင်များ

ဖြန့်ချိရေး

မိုးမြင့်စာပေ

အမှတ်(၁၉)၊ ၄-လွှာ၊ တာမွေဈေးလမ်း

တာမွေပလာဇာအနောက်ဘက်

တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၅၁၅၇၀၂၈

www.burmeseclassic.com

www.burmeseclassic.com





ဆရာဦးမိုးမြင့် (B.Sc)

# [illegible]

**မကြာမီ ထွက်ပါတော့မည်**

စာမူခွင့်ပြုချက်အမှတ် (၃၀/၉၇)(၈)



## မာတိကာ

စာမျက်နှာ


၁။ စေတနာကောင်းလျှင် ကံကောင်းသည် ...... ၈

၂။ မြင်းနှစ်ကောင် ...... ၁၃

၃။ ခွေးမှု ...... ၂၃

၄။ အရှုံးရေးတဲ့ဂဏန်းနှစ်လုံး ...... ၂၉

၅။ ဘုရင်ဖြစ်ချင်သူ ...... ၃၄

၆။ ဘုရင့်သားနှင့် မြက်ထုံး ...... ၃၆

၇။ ဘုရင့်သားသူကြီးမင်း ...... ၄၀

၈။ ဘုရင့်သမီးနှင့် မင်းသားလေး ...... ၄၃

၉။ တင်လဲအိုးကြီး ...... ၄၀

၁၀။ ကာလဒေသ ...... ၅၁

၁၁။ လည်ပင်းကြီးသော အဘိုးအို ...... ၅၇


www.burmeseclassic.com

www.burmeseclassic.com

၁၂။ သားရဲ့လက်ဆောင် (အမေတူသား) ........ ၆၅
၁၃။ နတ်မြင်းပျံ ........................... ၇၄
၁၄။ ဘီလူးစားခံရသူများ ..................... ၈၅
၁၅။ ရှင်ကြီးကျားထက်ဆိုး ..................... ၈၈
၁၆။ နှင်းဆီနီ .............................. ၉၂
၁၇။ မေတ္တာနှင်းဆီ ......................... ၁၀၃
၁၈။ သစ်ခုတ်သမားနှင့် ပညာရှိသုံးယောက် ..... ၁၀၇
၁၉။ မင်းစည်းစိမ် .......................... ၁၁၂
၂၀။ တန်ကြေး ............................ ၁၁၈
၂၁။ တရားရှာသူ .......................... ၁၂၄
၂၂။ တူသောအကျိုး ........................ ၁၂၉
၂၃။ သနားစရာကောင်းသူ ................... ၁၃၄
၂၄။ သူ့အစွမ်းနဲ့သူ ........................ ၁၄၀



www.burmeseclassic.com

www.burmeseclassic.com

## စေတနာကောင်းလျှင်ကံကောင်းသည်

ရှေးရှေးတုန်းကပေါ့ကွယ်။

စီးပွားရေးလုပ်ငန်းကိုင်ငန်းကောင်းမွန်လှတဲ့ ရွာကြီးတစ်ရွာရဲ့ အနီးမလှမ်းမကမ်းမှာ တရားအားထုတ်နေတဲ့ ရသေ့ကြီးတစ်ပါးရှိသတဲ့။ ရသေ့ကြီးဟာ ကျင့်ဝတ်သိက္ခာနဲ့ပြည့်စုံလှပြီး တရားကိုသာဘဲ အမြဲတန်းအားထုတ်နေတာမို့၊ ရွာသူရွာသားတွေက လေးစားကြည်ညိုကြတယ်။ ရသေ့ကြီးဆွမ်းခံသွားတိုင်း စားကောင်းသောက်ဖွယ်တွေနဲ့၊ သစ်သီးဝလံတွေကို လောင်းလှူကြတယ်။

ရသေ့ကြီးကတော့ သူ့အတွက် ဆွမ်းကိစ္စပြီးတာနဲ့ ပိုလျှံသမျှတွေကို ကျေးငှက်၊ တောတိရစ္ဆာန်လေးတွေကို ကျွေးမွေးပစ်တယ်။ ကျောင်းသင်ခန်းနားကိုရောက်လာကြတဲ့ ခရီးသွားတွေ၊ လှည်းသမားတွေ၊ သစ်ခုတ်ဝါးခုတ်သမားတွေကို ဝေငကျွေးမွေးပစ်လေ့ရှိတယ်ကွဲ့။



ရသေ့ကြီးဟာ သူ့ကိုလာပြီးလျှဒါန်းကြတဲ့သူတွေ၊ သူဆွမ်းခံသွားလေရာမှာ လောင်းလှူကြတဲ့သူတွေကို…

"ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ စေတနာကောင်းရင် ကံကောင်းမယ်"

လို့ နေ့စဉ်နဲ့အမျှ သတိပေးစကားပြောလေ့ရှိတယ်။ ရသေ့ကြီးဆွမ်းခံတဲ့အိမ်တွေထဲမှာ ရွာအစွန်မှာရှိတဲ့ မိသားစုလေးတစ်စုလည်း ပါဝင်သတဲ့။

အဲဒီမိသားစုလေးရဲ့ အိမ်ကိုရောက်တိုင်း ဆွမ်းအလှူခံပြီးတိုင်းလဲ….

"ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ် စေတနာကောင်းရင် ကံကောင်းမယ်"

လို့ အမြဲပြောလေ့ရှိသတဲ့။

ဒီစကားလေးကို ခဏခဏပြောနေတော့ ရွာအစွန်အိမ်က ဆွမ်းလောင်းနေကျမိန်းမကြီးဟာ နားကြားပြင်းကပ်ပြီး၊ အလိုလို မုန်းတီးနေသတဲ့ကွယ်။

ဒါနဲ့ တစ်နေ့ကျတော့ စဉ်းစားသတဲ့။ 'ဒီရသေ့ကြီးဟာ တစ်နေ့လာလည်း ကောင်းတာလုပ်ပါ၊ တစ်နေ့လာလည်း စေတနာကောင်းရင် 'ကံကောင်းမယ်၊ ဒီစကားဘဲ ထပ်တစ်လဲလဲ ပြောနေတယ်။ သူပြောတာ ဟုတ်မဟုတ် စမ်းကြည့်ဦးမှာပဲ'လို့ ကြံကြံဖန်ဖန်

www.burmeseclassic.com

www.burmeseclassic.com



တွေးမိသတဲ့။

တွေးမိတဲ့အတိုင်းလဲ တစ်နေ့ကျတော့ ဆန်မှုန့်နဲ့လုပ်တဲ့ မုန့်လုံးကြီးသုံးလုံးလုပ်ပြီး ရသေ့ကြီးကို လောင်းလှူလိုက်သတဲ့ကွယ်။ ရသေ့ကြီးကတော့ ထုံးစံအတိုင်း ဆုကလေးပေးပြီး ပြန်ထွက်သွားတာပေါ့။ မိန်းမကြီးကတော့ သူ့အတွေးနဲ့သူ ကြိတ်ပြီးပျော်နေတာပေါ့လေ။

နောက်တစ်နေ့မနက်၊ ဆွမ်းခံသွားတဲ့အချိန်ကျတော့ မိန်းမကြီးရဲ့ အိမ်ရှေ့မှာ အလောင်းစင်နှစ်ခုပြင်ထားတာကို ရသေ့ကြီး တွေ့ရသတဲ့။ ရသေ့ကြီးကိုတွေ့ရတော့ မိန်းမကြီးလည်း ကပျာကယာပြေးပြီး ရှိခိုးဦးတိုက်ပြီး အမောတကော လျှောက်တင်သတဲ့။

"ရသေ့ကြီးဘုရား ကယ်တော်မူပါဦး ဘုရား၊ တပည့်တော်မရဲ့ ယောကျ်ားနဲ့သားအဖြစ်ကို မြင်ဝံ့သေးရဲ့လားဘုရား"

ဆိုပြီး လူးလှိမ့်ငိုသတဲ့။ ဒါနဲ့ ရသေ့ကြီးလည်း မစဉ်းစားတတ်အောင်ဖြစ်သွားပြီး၊ အနီးမှာရှိတဲ့ဆေးဆရာကို မေးကြည့်တဲ့အခါကျတော့ ဆေးဆရာက…

"မုန့်လုပါ အရှင်ဘုရား… မနေ့ နေ့လည်က အဆိပ်ပါတဲ့မုန့် တစ်ခုခုကို စားမိတယ်နဲ့တူပါတယ်ဘုရားလို့"

လျှောက်သတဲ့။

ရသေ့ကြီးကတော့ ပညာဉာဏ်ကြီးသူပီပီ၊ အခြေအနေမုန့်ကို



ချက်ချင်းရိပ်မိသွားတာပေါ့ကွယ်။ အမှန်က မိန်းမကြီးလှူလိုက်တဲ့ မုန့်လုံးကြီးသုံးလုံးတည်းမှာ နှစ်လုံးက သေစေတတ်တဲ့အဆိပ် ထည့်ထားတာကိုး။ ဆွမ်းဘုန်းပေးပြီးတော့ ရသေ့ကြီးက မုန့်လုံးတွေကို ဘုန်းပေးနေဆဲမှာ သေသွားတဲ့ထင်းခုတ်သမားသားအဖ ရောက်လာကြတယ်။ ပင်ပင်ပန်းပန်းနဲ့ရောက်လာတာဆိုတော့ ရသေ့ကြီးက သူဘုန်းပေးလို့ ကျန်တဲ့မုန့်လုံးနှစ်လုံးကို စွန့်လိုက်တယ်။

ရသေ့ကြီးစားမိတာက အဆိပ်မပါတဲ့မုန့်။ စွန့်လိုက်တဲ့မုန့် နှစ်လုံးက အဆိပ်ပါတဲ့မုန့်တွေ ဖြစ်နေတာကိုး။ ရသေ့ကြီးလည်း သတ္တဝါတစ်ခု၊ ကံတစ်ခု ဥပေက္ခာတရားနဲ့ရှုပြီး ကျောင်းကိုပြန်လာခဲ့သတဲ့။ မပြန်ခင်မှာ ပူဆွေးနေတဲ့ဒကာမကြီးကို ဆုံးမခဲ့သေးသတဲ့။ ဆုံးမတဲ့စကားလေးကတော့ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ် စေတနာကောင်းရင် ကံကောင်းမယ်ဆိုတဲ့ စကားလေးပါပဲကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com




## မြင်းနှစ်ကောင်

တူ တူမလေးတို့ရေ····

တစ်ခါတုန်းက အလွန်လူကြိုက်များတဲ့၊ နယ်လှည့်ဆပ်ကပ်အဖွဲ့ကြီးတစ်ဖွဲ့ဟာ မြို့နဲ့အလှမ်းဝေးတဲ့ တောရွာတစ်ရွာကို ရောက်လာသ ဂဲ့။ ဆပ်ကပ်အဖွဲ့ဆိုတော့လည်း သိကြတဲ့အတိုင်းပေါ့ကွယ်။ ကျွမ်းဘားမျိုးစုံတွေ တိရစ္ဆာန်ပေါင်းစုံတွေနဲ့ အင်မတန်ကြီးကျယ်ခန်းနားလေတာပေါ့။ အထူးသဖြင့် ဆင်၊ မြင်း၊ မျောက်၊ ဝက်ဝံအစရှိတဲ့ တိရစ္ဆာန်တွေကိုပါ နိုင်နိုင်နင်းနင်းခိုင်းစေထားတာမို့ ကလေးကော၊ လူကြီးကော သိပ်သဘောကျကြလွန်းလို့ ဝင်ငွေဆိုတာလည်း သိပ်ရနေတာပေါ့။ အထူးသဖြင့်တော့ တိရစ္ဆာန်တွေရဲ့ လိမ္မာပုံ၊ ကျွမ်းကျင်ပုံတွေကိုပြတဲ့ ပြကွက်ကို လူကြိုက်အများဆုံးပေါ့ကွယ်။

အဲဒီဆပ်ကပ်အဖွဲ့ကြီးတည်းမှာ မြင်းဖြူကြီးတစ်ကောင်နဲ့ မြင်းညိုကြီးတစ်ကောင် ပါသတဲ့။ ဆပ်ကပ်ဆရာခိုင်းသမျှကို ····

www.burmeseclassic.com



မယှဉ်းအောင် လုပ်တတ်လွန်းလို့ ပရိသတ်တွေက သြဘာလက်ခုပ်တွေ ပေးကြ။ ဆုတွေချကြနဲ့ပေါ့ကွယ်။ ဆပ်ကပ်မပြတဲ့ အားလပ်ချိန်တွေ နေ့လည်နေ့ခင်းအချိန်တွေမှာလည်း ရွာထဲက လူငယ်လူကြီးမှန်သမျှ ဆပ်ကပ်ရုံနားကိုလာပြီး အလွန်လှတဲ့ အလွန်ကျွမ်းကျင်တဲ့ မြင်းနှစ်ကောင်ကို ဝိုင်းအုံလာကြည့်ကြ။ ကျွေးကြ၊ မွေးကြနဲ့ပေါ့။ မြင်းကြိုက်တတ်တဲ့ ကုလားပဲတို့၊ ဂျုံစေ့တို့ ပြောင်းရိုးနုနုလေးတွေကိုလည်း ယူလာပြီး ကျွေးကြပေးကြတာပေါ့။

ရှာနီးချုပ်စပ်က လူတွေထဲလည်း ကြည့်ပြီးကြပြီ။ ငွေကလည်း နင့်နေအောင်ရပြီဆိုတော့မှ ဆပ်ကပ်အဖွဲ့ကြီးလည်း တစ်ခြားတစ်နေရာကို ပြောင်းဖို့ရွှေ့ဖို့ ပြင်ကြသတဲ့။ လူတွေအားလုံး ပစ္စည်းတွေသိမ်းကြ၊ ထုပ်ကြပိုးကြနဲ့ အလုပ်ရှုပ်နေတုန်းမှာ ဆပ်ကပ်ထဲက မြင်းကြီးနှစ်ကောင်ကို အမှတ်တမဲ့ ထားနေကျအတိုင်း ထားကြတာပေါ့။ စားကျက်ထဲမှာ ဘာသိဘာသာ လွှတ်ထားကြတာပေါ့ကွယ်။ လူနဲ့ အနေများနေတဲ့ မြင်းတွေဆိုတော့လဲ ယဉ်ပါးနေပြီကိုး။

အဲသလို လွှတ်လွှတ်လပ်လပ်နေရတုန်းမှာ မြင်းနှစ်ကောင်ဟာ သူတို့ချင်း လွှတ်လွှတ်လပ်လပ်စကားပြောကြသတဲ့။ ပထမစပြီး ပြောတာက မြင်းဖြူကြီးပေါ့ကွယ်။

"ကိုင်း သူငယ်ချင်း . . . မင်းကို ငါတိုင်ပင်ထားတာ ပြောထား တာ ခုနေခါအချိန်ကောင်းပဲ။ ဒီရွာရဲ့ဟိုဘက်မှာ စားကျက်လွင်ပြင်ကြီး



ရှိတယ်။ လွင်ပြင်ရဲ့ဘေးမှာ ဘယ်တော့မှရေမခမ်းတဲ့ စမ်းချောင်းရှိ တယ်။ တို့လိုအဖော်မြင်းတွေလည်း သူတို့အုပ်စုနဲ့သူတို့ သဘာဝ အတိုင်း လွှတ်လွှတ်လပ်လပ်နေကြတာတွေ အများကြီးရှိတယ်။ ဒီနေရာကို ငါငယ်ငယ်ကရောက်ဖူးတယ်ကွ မင်းဆုံးဖြတ်ပြီးပြီလား"

မြင်းဖြူကြီးရဲ့အမေးကို မြင်းညိုကြီးခမျာ ရုတ်တရက် မဖြေနိုင် ဘူး ဖြစ်နေရှာတယ်။ တစ်စုံတစ်ရာကို စဉ်းစားနေသလိုလို၊ တွေဝေ ငေးမောနေရှာတယ်။ လေရဲ့အနံ့ကိုရှူကြည့်တော့လဲ အေးမြလတ်ဆတ် နေတာကို သူသိတယ်။ ဆပ်ကပ်ရုံနားကိုလာကြတဲ့မြင်းတွေကို ကြည့်တော့လဲ ဝဖီး၊ ကျန်းမာနေတာကိုလည်း သူမြင်ရတယ်။ ဆပ်ကပ်ပိုင်ရှင်ရဲ့ နှိပ်စက်မှုဒဏ်ကိုမခံနိုင်တော့လို့ အခွင့်ရရင် ထွက် ပြေးဖို့ တိုင်ပင်ထားကြတာကိုး။ ဒါပေမယ့် အခွင့်အရေးကောင်းရလို့ တကယ်လုပ်တော့မယ်ဆိုတော့ မြင်းညိုကြီးက ဇဝေဇဝါဖြစ်နေတယ်။ အားနာနေတာလား၊ ကြောက်နေတာလား ဆိုတာလည်း သူ့ဘာသာ မဝေခွဲတတ်ဘူး။ ပထမတိုင်ပင်ကြတုန်းကတော့ နှစ်ကောင်သဘော တူပေါ့လေ။ တွေဝေငေးငိုင်နေတဲ့မြင်းညိုကြီးကို သူငယ်ချင်း မြင်းဖြူ ကြီးကကြည့်ပြီး၊ တိုးတိုးလေး ပြောလိုက်ပြန်တယ်။

"သူငယ်ချင်း၊ မင်းစဉ်းစားနော်၊ တို့တစ်တွေ ဒီဆပ်ကပ် ထဲမှာ လုပ်လာတာကြာပြီ။ မြင်းမွေးမြင်းရောင် ပြောင်လို့လား။ နိုင်း ..မျှစေသမျှလည်း လုပ်ပေးနေရတာ နားရတယ်မရှိဘူး။ တောရွာတွေ

www.burmeseclassic.com

www.burmeseclassic.com



မို့သာ တို့ ဂျူလေး၊ ကုလားပဲလေး မြင်ရ စားရတာနော်။ ဒါတောင် ဆပ်ကပ်ပိုင်ရှင်က ကျွေးတာမဟုတ်ဘူး။ ရွာကလူတွေသနားလို့ စားရတာ၊ တို့အဖွဲ့ထဲမှာတော့ မင်းမြင်တဲ့အတိုင်း သိတဲ့အတိုင်းပဲ။ မဆေးရုံတမယ် ကျွေးထားတာ။ နိုင်းပြီဆိုတော့လည်း အရှင်လတ်လတ် ငရဲပြည်ရောက်သလိုပါပဲ။ ဖိုးဆင်ကြီးဆိုရင် ရောက်စနဲ့ တူသေးလား"

မြင်းဖြူကြီးကတော့ စိတ်ရှည်ရှည်၊ လေအေးအေးနဲ့ ဖျောင်းဖျ နားသွင်းနေတာပေါ့။ ဒါပေမယ့်လည်း မြင်းညိုကြီးကတော့ မလှုပ်ဘူး။

"ငါတို့ဆေးကောင်ပေါင်းလဲ အသုံးတော်ခံပြလို့ ရသမျှလဲ သူချည်းအကုန်ယူတာ မဟုတ်လား၊ တို့ကို ပြောင်းရိုးလောက် မဆေးရုံ ကျွေးပြီး၊ သူက သားမယားတွေ၊ တိုက်တွေကားတွေနဲ့ ဇိမ်ခံနေတာကွ။ နာမည်ကောင်း ယူတော့လည်း သူပဲမဟုတ်လား"

"သူ့မှာလည်း စိုက်ထုတ်ရတဲ့ အရင်းအနှီးတွေ သယ်ယူပို့ဆောင်ရတဲ့ စရိတ်တွေ၊ လုပ်အားခတွေ၊ အခွန်အခတွေ ပေးရပါတယ်ကွာ"

မြင်းညိုကြီးဆီက မထင်မှတ်တဲ့အဖြေကြောင့် မြင်းဖြူကြီး အံ့အားသင့်သွားတာပေါ့။ သူ့သူငယ်ချင်းကို ပေါ်လို့မရနိုင် တော့ဘူးဆိုတာ သိသွားပြီ။ သူငယ်ချင်းကို စိတ်မကောင်းစွာကြည့်ပြီး တိုးတိုးလေး ကပ်ပြောလိုက်တယ်။



"သူများ အုပ်ချုပ်ခံ၊ နှိပ်စက်ခံ၊ စော်ကားခံပြီး မဝရေစာ စားရင်း ဩဘာလက်ခုပ်သံတွေကို နားမထောင်ချင်ဘူး သူငယ်ချင်း၊ မြင်းဟာ မြင်းလိုပဲနေမယ်…ငါသွားပြီ သူငယ်ချင်း"

မြင်းဖြူကြီးဟာ သူငယ်ချင်းကို နှုတ်ဆက်ပြီး ရှော့ရဲရဲဖြစ်နေတဲ့ ကြိုးကိုဆောင့်ရုန်းပြီး၊ မြက်ခင်းကျယ်ကြီးနဲ့ တောအုပ်ကြီးရှိရာကို လေးညှို့ကလွှတ်လိုက်တဲ့မြှားတစ်စင်းလို တစ်ဟုန်ထိုး ပြေးထွက်သွားပါလေရောတဲ့ကွယ်။ မြင်းညိုကြီးကတော့ ပြောသလိုလုပ်တတ်တဲ့ သူငယ်ချင်းကို မလှုပ်မယှက်တွေတွေကြီးကြည့်ရင်း ကျန်ရစ်ခဲ့ရှာသတဲ့။

ဒီလိုနဲ့ နှစ်တွေလတွေကြာညောင်းသွားတဲ့အခါမှာ အဲဒီနေရာ ဟောင်းကို ဆပ်ကပ်အဖွဲ့ကြီး တစ်ခေါက်ပြန်ရောက်လာပြန်တာပေါ့ ကွယ်။ ဟိုတုန်းက ကလေးဘဝလူငယ်တွေဟာလည်း လူကြီးဖြစ်ကုန်ကြတဲ့အချိန်ပေါ့။ ဆပ်ကပ်အဖွဲ့ကြီးကလည်း ခါတိုင်းလို စုံစုံလင်လင် ဝေဝေဆာဆာပေါ့ကွယ်။ ပရိသတ်တွေကလည်း အုတ်အုတ်သဲသဲနဲ့ပေါ့။

ဆပ်ကပ်အဖွဲ့ကြီးပြန်ရောက်ပြီဆိုတဲ့ သတင်းက ပျံ့နှံ့သွားတော့ တောထဲမှာရှိတဲ့ မြင်းဖြူကြီးကလည်း ကြားတာပေါ့။ ဟိုတုန်းက လက်တွဲပြီး ကျွန်ခံဖော်ကျွန်ခံဖက် သူငယ်ချင်း မြင်းညိုကြီးကိုလည်း သတိရတာနဲ့။ လူရှင်းတဲ့ တစ်နေ့လည်ခင်းမှာ ဆပ်ကပ်ရုံနားကို

www.burmeseclassic.com

www.burmeseclassic.com



သတိထားပြီး၊ မယောင်မလည် သွားကပ်သတဲ့။ လူဆိုတာ အလွန်ကောက်ကျစ်စဉ်းလဲတတ်မှန်းကို သိထားတဲ့ မြင်းဖြူကြီးက သိပ်တော့လည်း အတင့်မရဲဂုံဘူးပေါ့။

"ဟာ…သူငယ်ချင်း"

ဘေးနားကနေ အမှတ်တမဲ့ နှုတ်ဆက်လိုက်သံကြောင့် မြင်းဖြူကြီး ရုတ်တရက်လန့်ဖျတ်သွားသတဲ့၊ ဝိုပြီး လန့်ဖျတ်သွားတာကတော့ သူ့ သူငယ်ချင်းမြင်းညိုကြီးကို မြင်လိုက်ရလို့ပါပဲ။ သူ့သူငယ်ချင်းဟာ သူနဲ့တုန်းကလို မဟုတ်တော့ဘူး။ ပါးချုပ်တွေမှာလည်း မှန်စီပြီး ခြူလုံးလေးတွေဆွဲထားတဲ့ သားရေကြိုးနဲ့ ကျောပေါ်မှာလည်း ကောက်ပတဲ့ဝတ်ရုံနဲ့။ ခွာလေးဖက်မှာလည်း ပန်းပွားလေးနဲ့ ခြူလုံးလေးတွေနဲ့ဆိုတော့မမှတ်မိဘဲ လန့်ဖျတ်သွားတာပေါ့ကွယ်။

သူငယ်ချင်းရဲ့ အသွင်သဏ္ဍာန်အဆင်အပြင်ကိုကြည့်ပြီး ကောင်းစားနေပြီထင်ပါရဲ့လို့တော့ တွေးလိုက်မိသတဲ့။

"မင်းအဆင်ပြေနေတယ် မဟုတ်လား"

လို့မေးတော့လည်း၊ မြင်းညိုကြီးက ဘာမှမဖြေဘူး။ နှစ်အတန်ကြာအောင်ကွဲကွာနေတဲ့ မြင်းဖြူကြီးကို ကြည့်နေရှာတယ်။ ဖြူဖွေးပြောင်လက်နေတဲ့အမွေးတွေ လှုပ်လိုက်တိုင်း ဖွားခနဲဖွားခနဲဖြာသွားတဲ့ လည်ဆံမွေးတွေ၊ အမြီးတွေနဲ့အတူ သန်မာထွားကျိုင်းလှတဲ့ မြင်းဖြူကြီးကို ငေးကြည့်နေရှာသတဲ့၊



"ငါ မေးတာလဲ ဖြေပါဦး"

လို့ မြင်းဖြူကြီးက ထပ်မေးလိုက်တယ်။ ဒီတော့မှ …

"တို့တစ်တွေ အရှင်ပိုင်ရှင်လက်ထဲမှာ မဟုတ်တော့ဘူးကွာ"

လို့ ဖြည်းဖြည်းလေးဖြေတယ်။

"အရှင်လူက သေသွားပြီလား"

"ဟင့်အင်း… တို့တစ်ဖွဲ့လုံးကို ဈေးကောင်းကောင်းနဲ့ ရောင်းစားသွားတာ"

"နောက် ပိုင်ရှင်ကကော ညှာတာတာမှာရဲ့လား"

"မတွေ့ပါဘူး သူငယ်ချင်းရာ"

"ဒီလိုဆိုလည်း မင်း ငါနဲ့တစ်ခါတည်းလိုက်ခဲ့ကွာ။ ဟိုမှာ တို့လူတွေအများကြီးပဲ။ တိရစ္ဆာန်ဆိုတာ တိရစ္ဆာန်သဘာဝ လွတ်လွတ်လပ်လပ်ပျော်ပျော်ရွှင်ရွှင် နေမှပေါ့။ ဘယ့်နှယ်လဲ လိုက်မယ်မဟုတ်လား"

မြင်းဖြူကြီးကတော့ သူငယ်ချင်းကို သံယောဇဉ်ကြီးကြီးနဲ့ ခေါ်ရှာတယ်။ မြင်းညိုကြီးက သူ့ကိုယ်ပေါ်မှာဆင်ထားတဲ့ ပြောင်ပြောင်လက်လက်တွေကို စောင်းငဲ့ကြည့်ပြန်တယ်။

"ဒါတွေက ဟိုကျရင် ချွတ်လို့ချွာလို့ ရပါတယ်ကွာ"

"ရတာတော့ ဟုတ်ပါရဲ့၊ ဒါတွေပါနေရင် ဒီခေတ်ကပ်ထဲက မြင်းဆိုတာ လူတိုင်းသိတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"အို ငါ့တာဝန်ထား မင်းသာလိုက်ခဲ့စမ်းပါ"

မြင်းညိုကြီး တွေဝေသွားပြန်သတဲ့။ ကြာတော့ မြင်းဖြူကြီးက စိတ်မရှည်တော့ဘူး။

"ဘယ်လိုလဲကွာ"

"ဒီလိုရှိတယ်ကွ သူငယ်ချင်းရ…တို့တစ်တွေ အရှင်တုန်းကလို တစ်ကောင်ချင်းပြရတဲ့ ပြကွက်မဟုတ်တော့ဘူး"

"အင်း…ပြောပါဦး"

"တစ်ကောင်ချင်းမပြဘဲ ငါ့ကျောပေါ်မှာ ဆပ်ကပ်ပိုင်ရှင်အသစ်ရဲ့ သမီးလေးတက်စီးတဲ့ ပြကွက်တွေပါတယ်ကွ"

"တိုးတက်နေတဲ့ သဘောပေါ့လေ"

"ပိုင်ရှင်ရဲ့သမီးနဲ့ငါနဲ့ မကြာခဏဆိုသလို တွဲပြီး လေ့ကျင့်ရတယ်"

"ကောင်မလေးက ကြောက်တတ်တော့ သိပ်အဆင်မပြေဘူး။ ကျောပေါ်က ခဏခဏလိမ့်ကျတယ်ကွ"

မြင်းညိုကြီးဟာ ပြောရင်းပြောရင်း တက်ကြွလာတယ်။ အသံတွေ မြူးလာတယ်။ ခေါင်းကိုင့်ရင်းဆက်ပြောတယ်။

"အဲသလိုလိမ့်ကျတော့ ဟိုနေ့က ပိုင်ရှင်က သူ့သမီးကို နောက်တစ်ခါလိမ့်ကျရင် နင့်ကို အဲဒီမြင်းကြီးနဲ့ပေးစားပစ်မယ်လို့ ကြိမ်းတယ်ကွ"



မြင်းညိုကြီးရဲ့ပြေသလည်းကြားရော မြင်းဖြူကြီးက အားရပါးရရယ်မောပြီး….

"ဩော် သူငယ်ချင်းက မျှော်လင့်ချက်ကြီးနဲ့ကိုး။ ကဲ ဒါဆိုလည်း ဖြစ်လာချင်လာမှာပေါ့ကွာ"

လို့ နှစ်သိမ့်ပြီး လာလမ်းကို ဒုန်းစိုင်းထွက်ခွာသွားပါလေရောတဲ့ကွယ်။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com




## ခွေးမှု

တစ်ခါတုန်းက ရွာတစ်ရွာမှာ ခင်ပွန်းသည်လင်ယောကျ်ား သေဆုံးသွားပြီဖြစ်တဲ့ မုဆိုးမကြီးတစ်ယောက် ရှိသတဲ့ကွယ်။ သူ့အလုပ်က ရွာထဲမှာ အိမ်စဉ်လျှောက်ပြီး၊ ဈေးရောင်းတဲ့အလုပ်ကို လုပ်သတဲ့။ ရွာထဲမှာကလည်း ဈေးသည်ဆိုတာက ရှားပါးတာမို့ သူ့ဆီမှာပဲ ဝယ်ကြရသတဲ့။ ဒါပေမယ့် နှုတ်ကကြမ်းလျှာကြမ်းနဲ့ ဆင်ခြေပေးတတ်လို့ သူ့ကို ဒေါ်အာကျယ်လို့ ခေါ်ကြသတဲ့ကွယ်။

ဒေါ်အာကျယ်ဟာ ရွာလယ်ပိုင်းမှာနေတာမို့ သွားစရာလာစရာရှိတဲ့လူတွေ၊ ဆွမ်းခံကြတဲ့ ကိုရင်ကျောင်းသားလေးတွေဟာ ဒေါ်အာကျယ်ရဲ့ဝိုင်းထဲ၊ ခြံထဲက ဖြတ်သန်းသွားလာကြရသတဲ့။ တောရွာဆိုတာကလည်း မြို့မှာလို ဝန်းတွေခြံတွေနဲ့ လုံလုံခြုံခြုံနိုင်နိုင်မာမာ မဟုတ်ဘူးပေါ့ကွယ်။ သူ့အိမ်ငါ့အိမ်ထဲက ဖြတ်သန်းသွားလာကြ

www.burmeseclassic.com

www.burmeseclassic.com



သတဲ့။

တစ်နေ့ကျတော့ တောရွာထုံးစံအတိုင်း လျှောက်လည်ကြတဲ့ ကာလသားတစ်သိုက်ကို ဒေါ်အာကျယ်ရဲ့ခွေးက လိုက်ကိုက်လို့ ကာလသားတစ်ယောက် ခြေသလုံးမှာ ပေါက်ပြဲသွားသတဲ့။ ခွေးကိုက်ခံရတဲ့ ကာလသားလေးရဲ့မိဘတွေက ဒေါ်အာကျယ်ကို လာပြီးပြောကြဆိုကြ ရန်တွေ့ကြသတဲ့။ နောက်ဆုံးကျတော့ ဒေါ်အာကျယ်က

"ဟော့ အချိန်မရွေးအခါမရွေး သူများသမီးပျိုတွေကို ပိုးကြပန်းကြ ညည့်နက်သန်းခေါင်မှ ပြန်လာကြ။ ကျုပ်ခွေးက လူကောင်းဆိုရင် မကိုက်ဘူး"

လို့ ဆင်ခြေပေးပြီး၊ ရန်တွေ့သတဲ့။ ဒါနဲ့ဘဲ ခွေးကိုက်ခံရတဲ့ လူတွေခမျာ အသာလေးနှုတ်ဆိတ်ပြီး ပြန်သွားရတော့တာပေါ့။

ဒီလိုနဲ့ မကြာခင်မှာပဲ ဘုန်းကြီးကျောင်းက ဆွမ်းခံတဲ့ ကျောင်းသားလေးတစ်ယောက်ကို ဒေါ်အာကျယ်ရဲ့ခွေးက ကိုက်ပြန်ပါလေရော။ အရင်တစ်ခါလိုပဲ စကားများကြ၊ ငြင်းကြခုန်ကြနဲ့ ဖြစ်ကြပြန်ပါရောတဲ့။ ဒေါ်အာကျယ်က ဘာဆင်ခြေပေးသလဲဆိုတော့ ...

"တစ်ကယ်ဆို ကလေးတွေပဲ တုတ်ကလေးနဲ့ ယမ်းပါလား၊ ခဲကလေးနဲ့ပစ်ပြီး ခြောက်ပါလား၊ လှန့်ပါလား။ သူတို့ကလည်း မီးပွင့်ခမန်း၊ ပျာလောင်ခတ်အောင် ဆော့ကြတာကိုး"

လာပြီး တိုင်ကြတောကြသူတွေလည်း ဘာမှမပြောသာဘဲ



အသာလေး လက်လျှော့ပေးလိုက်ကြရပြန်ရောတဲ့ကွယ်။

တစ်နေ့ကျတော့ ကျောင်းသားလေးတွေကို ထပ်ပြီးခွေးက ကိုက်ပြန်တယ်။ ဒီလိုပဲ စကားပြောကြ ဆူကြညံကြ ပြန်ပါရော၊ ဒီတစ်ခါကျတော့...

"ကိုက်တာတောင် နည်းသေး၊ ခွေးက သူ့ဘာသာသူနေတာ၊ တုတ်နဲ့ရိုက်တဲ့သူကရိုက်၊ ခဲနဲ့ပစ်တဲ့သူကပစ်တာကိုး။ တိရစ္ဆာန်ကို ရိုက်တာ၊ နှိပ်စက်တာ တိရစ္ဆာန်စိတ်ရှိတဲ့သူမို့လို့သာပေါ့"

လို့ ပြန်ပြီးအော်လွှတ်ပြန်သတဲ့။

နောက်ဆုံးကျတော့ ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး၊ ရွာသူကြီးခမျာ တစ်မျိုးတိုင်ပင်ရသတဲ့။ တိုင်ပင်ပုံကတော့ ရွာထဲမှာ အမိန့်ကြော်ငြာစာထုတ်ပြီး မောင်းထုရသတဲ့။

"ရွာသူရွာသားအပေါင်းတို့ မြို့စားကြီးအမိန့်တော်ချမှတ်လိုက်သည်။ မြို့စားကြီး၏ ပိုင်နက်အတွင်းတွင် ခွေးသတ္တဝါများရှိနေသည့်အတွက် အညစ်အကြေးသန့်ရှင်းမှုနှင့် ရပ်ရွာလုံခြုံရေးကို ကူညီရာရောက်သည်။ ထို့နောက် ခွေးမွေးထားသူများသည် မိမိတို့ခွေးများကိုပါ ယူဆောင်၍ ခွေးအတွက် အစားအစာနှင့် ဆေးဝါးများ ထုတ်ယူနိုင်ရန် သက်ဆိုင်ရာ သူကြီးများထံသို့ ကိုယ်တိုင်လာ၍ရောက် စာရင်းသွင်းကြရမည်"

www.burmeseclassic.com

www.burmeseclassic.com



လို့လဲ ကြေငြာလိုက်ပါရော ဒေါ်အာကျယ်ဟာ သူ့ချေး ကလေးကို ပွေ့ပြီးသွားတာပေါ့။ ဟိုကျတော့ အရင်တုန်းကအပြစ် တွေကို ဝန်ခံရာရောက်နေတယ်ဆိုပြီး သူကြီးက ဒဏ်ငွေတပ်လွှတ် လိုက်ပါရောတဲ့ကွယ်။

* * *




www.burmeseclassic.com

www.burmeseclassic.com

# အရူးမရေးတဲ့ဂဏန်းနှစ်လုံး

တစ်ခါတုန်းက မြစ်ကမ်းနားရွာကြီးတစ်ရွာမှာ အိမ်တကာကို လှည့်လည်တောင်းရမ်းစားသောက်နေတဲ့ အရူးကြီးတစ်ယောက် ရှိသတဲ့ကွယ်။

တစ်နေ့ကျတော့ အဲသည်အရူးကြီးဟာ မြစ်ဆိပ်ကမ်းဘက်ကို ဆင်းလာပြီး ဖောင်သမားတွေဆီကိုလာသတဲ့။ ဖောင်သမားတွေကလည်း ရွာကအရူးကြီးမှန်းသိတော့ တောက်တိုမယ်ရလေးတွေ နှိုင်းပြီး ထမင်းဟင်းတွေ ကျွေးလိုက်ကြသတဲ့။ အရူးကြီးလည်း ကျွေးတာမွေးတာတွေကိုစားသောက်ပြီး ပြန်သွားတာပေါ့၊ သူ မပြန်ခင်မှာ သူအိပ်တဲ့အိပ်ရာကို ၃ ဂဏန်းနဲ့ ၁ ဂဏန်းနှစ်ခု ရေးပစ်ခဲ့သတဲ့။

ညနေပိုင်းကျတော့ ရေချိုးလာတဲ့ ပညာရှိကြီးဦးပဏ္ဏိ ရောက်



လာပြီး၊ အရူးကြီးရေးသွားတဲ့ ဂဏန်းနှစ်လုံးကို တွေ့သွားပါရော တဲ့ကွယ်။ ပညာရှိကြီးက စဉ်းစားသတဲ့…

"သည်ဂဏန်းနှစ်လုံးဟာ သာမညကိစ္စမဟုတ်ဘူး၊ သိပ်အရေးကြီးတဲ့ ဂဏန်းနှစ်လုံးဖြစ်ရမယ်။ ပညာရှင်တစ်ယောက်ယောက်က ပညာစမ်းသွားတာပဲဖြစ်ရမယ်"

လို့ တွေးပြီး စဉ်းစားအဖြေရှာနေသတဲ့။

သုံးဂဏန်းဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာကြီး သုံးပါးကို ညွှန်တာဖြစ်ရမယ်။ သည်လက္ခဏာကြီးသုံးပါးအနက် ၁ ဆိုတဲ့ဂဏန်းဖြစ်တဲ့ လက္ခဏာတစ်ပါးပါးကို ပိုင်ပိုင်နိုင်နိုင်သိရင် သံသရာဝဋ်ဆင်းရဲက လွတ်မြောက်မယ်ဆိုတာကို ဖော်ညွှန်းထားတာပဲဖြစ်ရမယ်လို့တွေးပြီး ရွာထဲက ဆေးဆရာတစ်ဦးကိုပြောပြရင်း တရားဟောသတဲ့။

ဆေးဆရာကလည်း ကမ်းနားကိုလိုက်ကြည့်ပြီး…

"ခင်ဗျားပြောတဲ့လက္ခဏာ မဟုတ်ဘူးဗျ။ သည်ဂဏန်းဟာ သုံးခွက်တစ်ခွက်တင်ကျိုသောက်ရမယ်လို့ပြောတာ၊ မယုံရင်ကြည့်"

ဆိုပြီး အနားမှာပေါက်နေတဲ့ ကန့်ကလာပင်တွေကို နှုတ်ပြသတဲ့။

"ကန့်ကလာပင်ဆိုတာ လေနာရောဂါကို နိုင်တယ်ဗျ။ သယိပ်ဒေါသကို ငြိမ်းတယ်ဗျ။ ခင်ဗျားရမ်းမဖြီးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပညာရှိကြီးကို အပြစ်တင်သတဲ့။

သည်စကားဟာ ရွာဦးကျောင်းက ဦးသူတော်ကြီးဆီရောက်သွားပြန်တယ်။ ဦးသူတော်ကြီးလဲလိုက်လာပြီး····

“ခင်ဗျားတို့ပြောတာတွေ တစ်ခုမှမဟုတ်ဘူး၊ အမိပ္ပာယ်လွဲနေတယ်။ အမှန်က အလှူခံလို့ရတာကို လေးပုံပုံ၊ သုံးပုံကို ဘုရားလှူ တစ်ပုံကို ကိုယ်စားလို့ပြောတာဗျ။ ကိုပညာရှင်လဲမှားတယ်။ သမားတော်ကြီးလဲမှားတယ်”

လို့ ပုတ်ခတ်ဝေဖန်သတဲ့။ သုံးယောက်စလုံးကတော့ သူမှန်တယ် ငါမှန်တယ်ဆိုပြီး ပွက်ပွက်ညံအောင် ငြင်းနေကြသတဲ့။ လူတွေလည်း ဝိုင်းအုံလာကြတာပေါ့ကွယ်။

ဒါနဲ့ ပရိသတ်ထဲကတစ်ယောက်က···

“ခင်ဗျားတို့ ငြင်းမနေနဲ့။ ဆရာတော်ကြီးဆီသွားမယ်”

လို့ပြောပြီး၊ အဆုံးအဖြတ်နာခံဖို့ သွားကြပါလေရော။

ဆရာတော်ကြီးလည်း အခြေအနေကိုသိရတော့····

“ဒကာကြီးတို့ထင်လဲ လွဲမှာတော့ မဟုတ်ပါဘူး။ ဘုန်းကြီးထင်တာပြောပါရစေ” လို့ ပြောသတဲ့။

“သုံးဆိုတာက ပိဋကတ်သုံးပုံပေါ့ကွယ် ပိဋကက် ၁ ဝိနည်း၊ သုတ်၊ အဘိဓမ္မာရယ်လို့ သုံးမျိုးရှိပေမယ့် အနှစ်ချုပ်ကတော့ ဓမ္မာတစ်ခု ကျန်တာပေါ့။ ဟုတ်ဘူးလား”



လို့ မေးတယ်။ ဟိုလူတွေကတော့ အင်းမလုပ်အဲမလုပ် မကျေနပ်ဘူးတဲ့။ ဒါနဲ့ ဆရာတော်ကြီးက···

“သတိ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးကို ဝိရိယစိုက်အားထုတ်ရင် တစ်ဆိုတဲ့အနှစ်ဖြစ်တဲ့ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တာကော မဖြစ်နိုင်ဘူးလား” လို့ မေးသတဲ့။

ကျန်တဲ့လူတွေက ဘာမှမပြောဘူးတဲ့။ ဆရာတော်ကြီးအဖြေကိုပဲ မကျေမနပ်နဲ့ထားခဲ့ကြပြီး၊ ကမ်းနားသွား ငြင်းကြခုန်ကြ ပြန်ပါရောတဲ့။

သည်လိုနဲ့ သည်ဂဏန်းနှစ်လုံးပြဿနာဟာ ညနေစောင်းမိုးကြီးချုပ်တဲ့ထိ မပြီးနိုင်ဘူးပေါ့။ ‘လူတွေက ကိုယ်ထင်ရာပြောရင်းပြောရင်း တုတ်တစ်ပြက်ဓားတစ်ပြက် ဖြစ်တော့မယ့်အခြေအနေထိရောက်လာပါရောတဲ့ကွယ်။

အဲသည်အချိန်မှာပဲ စောစောကရေးသွားတဲ့ အရူးကြီးပြန်လာတယ်တဲ့။ အရူးကြီးက···

“ဘာဖြစ်နေကြတာလဲ”

လို့ပြောတော့···

“သည်ဂဏန်းနှစ်လုံးကြောင့် တို့တစ်တွေ ပြဿနာကြီးအကျယ်တက်နေတာကွ။ ဒါ မင်းရေးတာလား”

လို့ မာန်ကြမဲကြတော့····။

www.burmeseclassic.com

www.burmeseclassic.com



အရှုးကြီးက…

“ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော်ရေးတာပါ”

လို့ ကြောက်ကြောက်လန့်လန့် ဖြေရှာသတဲ့။

“အေး… မင်းရေးတာ မင်းသိရမယ်။ ဖြေနိုင်ရင်ဖြေ မဖြေနိုင်ရင် မင်းကိုရွာမှာလဲမထားဘူး၊ ဘာမှလဲ မကျွေးဘူး”

လို့ ခြိမ်းခြောက်ကြတာနဲ့ အရှုးကြီးလည်း

“ပြောပါ့မယ်ခင်ဗျာ”

ဆိုပြီး ရှင်းပြသတဲ့။

အရှုးကြီးက ဘာပြောသလဲဆိုတော့….

“ကျွန်တော်ရေးတဲ့ သုံးဂဏန်းနဲ့တစ်ဂဏန်းကို အမြန်ဖတ်ရင် သုံးတစ် (၃-၁)လို့ အဓိပ္ပါယ်ရပါတယ်ခင်ဗျာ။ ကျွန်တော် နေ့လည်က အိပ်ခဲ့တဲ့သစ်တုံးကို ပြောင်းပြန်ပြန်ပြီး သုံးတစ်လို့ ရေးခဲ့တာပါ။ သုံးတစ် သစ်တုံးပေါ့ဗျာ”

လို့ဖြေတော့မှ လူတွေအားလုံး သက်ပြင်းချနိုင်ကြသတဲ့ကွယ်။

* * *




www.burmeseclassic.com

www.burmeseclassic.com



သားတော်ငယ်လေးနဲ့ သမီးတော်ငယ်လေးတို့ကတော့ ပညာသင်ကြားဖို့ကိုလည်း စိတ်မဝင်စားကြသလို၊ လူမှုဆက်ဆံရေးမှာလည်း နားလည်သိတတ်မှု မရှိကြဘူး။ ဒါကြောင့် ဘုရင်ကြီးက နေ့စဉ်မချမ်းမြေ့ စိတ်မချဘဲ ပူပန်နေရတယ်။ ဒါပေမယ့် ထီးမွေနန်းမွေကိုလည်း အဲသည်အငယ်ဆုံးသားတော်နဲ့ သမီးတော်တို့ကသာ အငန်းမရလိုချင် မက်မောနေကြသတဲ့။

သားတော်နဲ့သမီးတော်တို့ အရည်အသွေးကတော့ ဘယ်ဘက်ကမှ အားကိုးစရာ လမ်းမမြင်တော့ဘူးဆိုပါတော့ကွယ်။ ဒါပေမယ့် အစ်ကိုကြီးတွေကတော့ ညီတော်လေးကို တစ်ဖက်ဖက်ကတော့ ပူ့ချွန်လာကောင်းပါရဲ့လေဆိုပြီး၊ ခမည်းတော်ကို အမျိုးမျိုးဖြောင်းဖျကြသတဲ့။ ညီတော်လေးကိုလည်း အမျိုးမျိုး ဆုံးမသွန်သင်ကြသတဲ့ကွယ်။

* * *

# ဘုရင်မြစ်ချင်းသူ

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ နတ်ရွာစံကံတော်ကုန်ခါနီးတဲ့ ရှင်ဘုရင်တစ်ပါးရှိသတဲ့။ အဲသည်ရှင်ဘုရင်ကြီးမှာ သားတော်သုံးပါးနဲ့ သမီးတော်လေးတစ်ပါး ထွန်းကားသတဲ့။

မွေးထားတဲ့ သားတော်သမီးတော်တွေထဲမှာ သားတော်ကြီးနှစ်ယောက်ကတော့ ပညာလည်းတက်မြောက်ကြတယ်။ ဘာသာတရားကိုလည်း ရိုသေကိုင်းရှိုင်းကြတယ်။ အစစအရာရာကိုလည်း နှိုင်းယှဉ်စဉ်းစားတတ်တဲ့ ဉာဏ်ပညာကိုယ်စီ ရှိကြတယ်။ ပြီးတော့ ငယ်ရွယ်သူတွေကိုလည်း သနားညှာတာရကောင်းမှန်းသိကြသူတွေမို့ ဘုရင်ကြီးက သူတို့အတွက် ဖောင်ရေးကိုစိတ်ချတယ်။ ထီးမွေနန်းမွေကိစ္စကိုလည်း သားကြီးနှစ်ယောက် မျှမျှတတတိုင်တိုင်ပင်ပင် အုပ်ချုပ်ကြလိမ့်မယ်လို့လဲ ယုံကြည်သတဲ့။ သားငယ်နဲ့သမီးငယ်ကို ဘုရင်ကြီးက လုံးဝမယုံကြည်ဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရင့်သားရဲ့မြက်ထုံး

တစ်နေ့ကျတော့ နောင်တော်နှစ်ပါးဟာ ညီတော်လေးကို လူ့လောကနဲ့တွေ့ပေးဖို့ ကူညီချင်စိတ်ရှိလာဖို့ စမ်းသပ်ပွဲထုတ်ကြဖို့ တိုင်ပင်ကြသတဲ့။

"ကဲ ညီတော်ဘုရင်ဖြစ်ချင်တဲ့သူဟာ လူတောသူတောထဲမှာ ဝင်ဆံ့ရတယ်။ အကြံဉာဏ်ကောင်းတွေကို ယူတတ်ရတယ်ကွယ်။ သည်တော့ ဟောသည်လမ်းအတိုင်းလျှောက်သွားပြီး ကူညီသင့်တဲ့လူကို ကူညီခဲ့ပေါ့ကွယ်"

လို့ ခိုင်းပြီး အစ်ကိုနှစ်ယောက်က ညီလေးမသိတဲ့နေရာကနေ အသာချောင်းမြောင်းလိုက်ပါလာကြသတဲ့။

ပထမဆုံး မင်းသားလေးစတွေ့တာက မြက်ထုံးကြီးချပြီး မောမောပမ်းပမ်းနဲ့ထိုင်နေတဲ့ တောသားကြီးတစ်ယောက်ကို တွေ့သတဲ့။ မင်းသားလေးက...

"ကျွန်တော်ဘာကူညီရမလဲခင်ဗျာ"

လို့ မေးတော့ တောသားကြီးက...

"လူလေးရယ် အဲသည်မြက်ထုံးလေးကိုပဲ မြို့တော်တံခါးဝအထိ ကူပြီးသယ်ပေးပါတော့"

လို့ပြောတော့ မင်းသားလေးလည်း...



"စိတ်ချနေပါအဘရယ်"

ဆိုပြီး မြက်ထုံးကြီးကို ရွက်လာသတဲ့။ ရွက်လာလို့မှ သိပ်မကြာလိုက်သေးဘူး မြက်ထုံးကြီးကပြေကျပြီး မင်းသားလေးကိုယ်ပေါ်မှာ ဟိုတစ်ပင်သည်တစ်ပင် ကပ်ညှိနေတာပေါ့ကွယ်။

ဒါကိုမြင်တဲ့ ခရီးသွားတွေက...

"အော် မောင်ရင်လေးနှယ် မြက်ထုံးဆိုတာ ကန့်လန့်ရွက်ရတယ်။ အရှည်လိုက်ရွက်တော့ မြက်တွေက တဖြည်းဖြည်းနဲ့ မောင်ရင်လေးခေါင်းထဲ ဝင်ကုန်တာပေါ့"

လို့အကြံပေးပြီး၊ ညီညီညာညာစည်းနှောင် ပေးလိုက်ကြသတဲ့။ ဒါနဲ့မင်းသားလေးလည်း မြက်ထုံးကို ကန့်လန့်ရွက်လာတာပေါ့။

ကြာကြာရွက်လာတဲ့အခါကျတော့ ခေါင်းတွေကျိန်းပြီး၊ လည်ကုပ်တွေညောင်းညာလာလို့ မကြာခဏအောက်ကိုချပြီး နားရတာပေါ့။ ဒါကို မမြင်ရက်တဲ့ အဘွားအိုတစ်ဦးက...

"လူလေးရယ် အလကားဆင်းရဲခံရွက်လာတယ်။ မြက်ထုံးနဲ့ အလေးချိန်တူတဲ့ ကျောက်တုံးတစ်တုံးကိုရှာ ကြိုးနဲ့ချည်ပြီး ထမ်းပိုးနဲ့ ထမ်းလိုက်ပါလား"

လို့ အကြံပေးသတဲ့။ ဒါနဲ့ ဘုရင့်သားလေးလည်း ကျောက်တုံးတစ်ဖက် ဝါးလုံးရှိုပြီး ထမ်းလာသတဲ့။ စိတ်ထဲကနေပြီး...

"အင်း အခုမှပဲပေါ့သွားတော့တယ်။ လူ့လောကကြီးဟာ

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိတွေ သိပ်ပေါပါလား၊ ငါတော့ လူနဲ့နီးစပ်ပြီး ပညာရှိဖြစ်ပြီ"

လို့ ပီတိဖြစ်လာသတဲ့။

ချွေးသံတွေအရွှဲသားနဲ့ ထမ်းလာလိုက်တာ လမ်းတစ်ဝက်လောက်ရောက်တော့ ပေရေစုတ်ပြတ်နေတဲ့ သူတောင်းစားကြီးတစ်ယောက်နဲ့ တွေ့ပြန်ပါလေရောတဲ့ကွယ်။ သူတောင်းစားကြီးက မင်းသားလေးကိုကြည့်ပြီး အားပါးတရရယ်သတဲ့။

"ခြော် လူပုံသနားကမားနဲ့ သနားစရာကောင်းလိုက်ပါဘိတော့။ တကယ်ဆိုသည် မြက်ထုံးကိုပဲ ထက်ဝက်ညီညီညာညာခွဲပြီး ထမ်းပိုးရှိထမ်းသွားပါလား"

လို့ အကြံပေးလိုက်သတဲ့။ သည်တော့မှ မင်းသားလေးလည်း မြက်ထုံးကိုထက်ဝက်ခွဲပြီး ထမ်းပိုးရှိ ထမ်းသွားပြန်တာပေါ့။

အဲသည်လိုနဲ့ မြို့ရှိနားရောက်ကာနီးမှာ သားသားနားနားဝတ်ဆင်ထားတဲ့လူတစ်ယောက်က မင်းသားလေးရဲ့အဖြစ်ကိုကြည့်ပြီး နှုတ်ဆက်တယ်။ အဖြစ်ကို မေးမြန်းတယ်။

မင်းသားလေးကလည်း သူဟာ ပညာရှိအဆင့်ဆင့်နဲ့တွေ့ခဲ့ရပုံ၊ လူတွေကိုကူညီတတ်ပုံ မကြာခင်ဘုရင်ဖြစ်တော့မှာတွေကိုပါ အားရဝမ်းသာရှင်းပြတယ်။ သားသားနားနားဝတ်ဆင်ထားတဲ့လူက အားပါးတရရယ်မောပြီး မင်းသားလေးကို ပြောပြန်သတဲ့။

"လူတွေကိုကူညီတာကောင်းပါတယ် မင်းသားလေးရယ်။



ဒါပေမယ့် မကြာခင်ဘုရင်ဖြစ်တော့မယ့်ဘုရင့်သားက ဘာမဟုတ်တဲ့ သူတောင်းစားတစ်ယောက်ရဲ့ အကြံဉာဏ်ကို လက်ခံလိုက်နာရတယ်ဆိုတာတော့ ချွေမျိုးသိက္ခာ၊ ရာဇဝင်သိက္ခာကျတာပေါ့။ ကိုယ့်မှာလဲ စဉ်းစားဉာဏ်ရှိနေတာပဲလို့" ပြောလိုက်သတဲ့။

သည်တော့မှ မင်းသားလေးလည်း သေသေချာချာ စဉ်းစားမိပြန်တယ်။ 'ဟုတ်တယ် ငါဟာရာဇသွေး ဘုရင့်သားပါလား' ဆိုတဲ့ မာန်တွေဝင်လာတယ်။ သည်လူတွေရဲ့ ကျေးဇူးတင်တော့ ငါမခံဘူးဆိုပြီး မြက်ထုံးကြီးကိုထမ်း၊ လာလမ်းအတိုင်း ပြန်လှည့်သတဲ့။ ကျောက်တုံးကြီးနေရာရောက်တော့ မြက်ထုံးကိုပြန်စည်းပြီးကျောက်တုံးတစ်တုံးတစ်ဖက် မြက်ထုံးတစ်ဖက်ထမ်းပြီး ပြန်လှည့်လာသတဲ့ကွယ်။

သူတို့ညီရဲ့ ဖြစ်ပုံအလုံးစုံကို ချောင်းကြည့်နေတဲ့ နောင်တော်တွေခမျာတော့ သူတို့ညီရဲ့ရှေ့ရေးကို ရင်လေးမိကြသတဲ့။ ဒါပေမယ့် သွေးရင်းသားရင်းဆိုတော့ ခမည်းတော်ဆီမှာ ဘုရင်ရာထူး၊ အိမ်ရှေ့မင်းသားရာထူးမျိုး မပေးချင်ရင်နေပါ။ ကျေးရွာတွေကိုအုပ်ချုပ်ရတဲ့ သူကြီးရာထူးလောက်တော့ ပေးသနားပါလို့ တောင်းပန်ကြသတဲ့ကွယ်။ ဒါနဲ့ပဲ ဘုရင့်သားလေးဟာ ရွာတစ်ရွာမှာ သူကြီးရာထူး ရသွားပါရောတဲ့။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## ဘုရင့်သား သူကြီးမင်း

ဘုရင်ကြီးက လုံးဝသဘောမတူပေမယ့် ဘုရင့်သားလေးကတော့ အစ်ကိုတွေရဲ့ကောင်းမှုကြောင့် သူကြီးမင်းရာထူး ရသွားတာပေါ့ကွယ်။ သူကြီးဖြစ်တယ်ဆိုရင်ပဲ မကောက်သင့်တဲ့ အခွန်တော်တွေ တိုးမြှင့်ကောက်တာတို့၊ မလျှော့သင့်တဲ့အခွန်တော်တွေ လျှော့ချပစ်တာတို့ လုပ်ပါလေရောတဲ့။ ဒါကြောင့် ဘုရင့်နန်းတော်မှာရှိတဲ့ လွှတ်တော်ဝန်ကြီးတွေဟာ သူကြီးမင်းရဲ့အမှုကိစ္စတွေကိုပဲ မကြာခဏဆိုသလို တည့်မတ်အောင် ပြင်ဆင်ပေးနေရတာနဲ့ပဲ အချိန်ကုန်နေကြတော့တာပေါ့။ သူကြီးမင်းရဲ့ စီရင်ဆုံးဖြတ်ချက်တွေအတိုင်း အတည်ပြုလိုက်ရင်လည်း အားလုံးကမောက်ကမနဲ့ ပရမ်းပတာဖြစ်ကုန်ကြမှာကိုး။

သည်လိုနဲ့ ဘုရတ်သုက္ခအုပ်ချုပ်လာတဲ့ သူကြီးမင်းရဲ့ရွာကလေးမှာ ထူးဆန်းတဲ့အချင်းအရာတစ်ခု ဖြစ်သတဲ့။ တစ်ခြားတော့ မဟုတ်ဘူး။ ရွာရဲ့ ရေခပ်လမ်းမှာ မရိုးပင်လို့ခေါ်တဲ့ ထူးဆန်းတဲ့အပင်ကြီးပေါက်လာသတဲ့။ မရိုးပင်ဆိုတာက အရွက်မရှိဘူး။ အလက်တွေပဲ ရှုပ်ထွေးနေအောင်ပေါက်တယ်။ သူ့မှာ အမြဲတမ်း အဖြူရောင်အစေးတွေရှိတယ်။ အစေးဖြူဖြူတွေက လူကိုထိရင် ထိတဲ့နေရာအသားအရေပူလောင်ပြီး အနာဖြစ်စေတယ်။ မျက်နေထဲဝင်ရင်လည်း ကန်းတတ်တယ်ကွယ့်။



အမှန်ကတော့ သည်အပင်ရှိတာ ကြာပါပြီ။ မိုးဦးလေးဦးကျတော့ အပင်က အခက်တွေဝေပြီး လမ်းဖက်ကို အိကျလာတာပါ။ လမ်းကလည်း တစ်ဖက်မှာချောက်ကမ်းပါး၊ တစ်ဖက်မှာက မာကျောမြင့်မတ်တဲ့ ကျောက်တောင်တွေရှိတော့ လူသုံးတစ်စီးစာပဲ သွားလို့ရတဲ့ လမ်းဖြစ်နေသတဲ့ကွယ်။

သည်ကိစ္စကို သူကြီးမင်းကြားတော့ ရွာသားတွေကို ချက်ချင်းခေါ်ပြီး တိုင်ပင်စေတယ်။ အကြံဉာဏ်ကောင်းတွေပေးဖို့ တောင်းခံပါလေရောတဲ့။ သည်တော့ ရွာသားတွေက တစ်ယောက်တစ်မျိုး အကြံဉာဏ်တွေ ပေးကြသတဲ့။ ဒါပေမယ့် သူကြီးမင်းက သဘောမကျလို့ ပယ်ချလို့ချည်းနေသတဲ့။ ဒါနဲ့ ရွာသားတွေကုန်တော့ ရွာထဲက လက်သမားဆရာတွေ၊ ဈေးသည်တွေကိုခေါ်ပြီး အကြံဉာဏ်တောင်းပြန်သတဲ့။

လက်သမားတွေက ဘယ်လိုအကြံပေးသလဲဆိုရင်....

"သူကြီးမင်းခင်ဗျာ... သည်အန္တရာယ်ပေးတဲ့သစ်ပင်ကြီးကို ကျော်လွှားပြီး ဇရပ်တားကြီးတစ်ခုဆောက်လုပ်လိုက်ရင် အလွန်ကောင်းမွန်ပြီး ရွာလဲလှပကျက်သရေရှိသွားပါလိမ့်မယ်ခင်ဗျာ"

လို့ အကြံပေးသတဲ့။ သူကြီးမင်းကလည်း...

"ဟုတ်တယ်၊ ဒါကောင်းတယ် လုပ်သင့်တယ်"

လို့ ပြောသတဲ့။ နောက် ဈေးသည်တစ်ယောက်ကတော့...

www.burmeseclassic.com

www.burmeseclassic.com



“သူကြီးမင်းခင်ဗျား သည်အနွယ်ဆိုးကြီးဟာ ရွာသားတွေကို မျက်ကန်းဘဝပို့ဆောင်ပေးမယ့် အဆိပ်ပင်ကြီးဖြစ်ပါတယ်။ သည်အနွယ်ဆိုးကကာကွယ်ကြဖို့ ကျုပ်တော်အကြံပေးချင်တာက မျက်စေ့၊ မျက်နှာကို ကာကွယ်ပေးနိုင်တဲ့ မျက်နှာကာတွေ၊ ခေါင်းစွပ်တွေ၊ ဆေးဝါးတွေ တစ်ရွာလုံး မဝယ်မနေရရောင်းချပေးနိုင်ရင်တော့ သူကြီးမင်းရဲ့ရွာဟာ နေပြည်တော်မှာ ခေတ်အမီဆုံး၊ ကျန်းမာရေးအကောင်းဆုံးရွာ ဖြစ်လာပါလိမ့်မယ်သူကြီးမင်း”

လို့ အကြံဉာဏ်တွေပေးကြသတဲ့။ သူကြီးမင်းကလည်း…

“ဟုတ်တယ်၊ ဒါလဲကောင်းတာပဲ လုပ်သင့်တာပေါ့”

လို့ ပြောပြန်သတဲ့။

နောက်တစ်ခါ ရွာထဲမှာ အလုပ်မရှိတဲ့လူတွေ အကြံပေးပြန်တယ်။

“သူကြီးမင်းခင်ဗျား ရွာထဲကအိမ်တွေကို တစ်အိမ်တစ်တွင်းကျတူးကြမယ်ဆိုရင် ပိုပြီးအဆင်ပြေပါလိမ့်မယ်”

လို့ အကြံပေးတော့လည်း …

“ဟုတ်တယ် သည်အကြံလဲကောင်းတာပဲ”

လို့ ပြောသတဲ့။

နောက်ဆုံးကျတော့ ရွာကြီးတစ်ရွာလုံးဖျက်ပြီး ရွှေ့ကြဖို့အထိ သူကြီးမင်းက စီမံလေတော့သတဲ့။ သည်ကိစ္စကို ဘုရင့်နန်းတော်အထိ



ပေါက်ကြားသွားတဲ့အခါ၊ နန်းတော်က အစ်ကိုတွေလိုက်လာပြီး၊ မရိုးပင်ကို အမြစ်ကတူးပြီး ချောက်ထဲပစ်ချလိုက်ကြသတဲ့။

ခမည်းတော်ဘုရင်ကြီးကလည်း သည်းမခံနိုင်တော့တဲ့အဆုံး၊ သားငယ်ကို ဘာအမှုမှမထမ်းစေတော့ဘဲ ဟိုမြို့ရွာမြို့ဖျားမှာ ကင်း တပ်သားရာထူးပဲ ပေးလိုက်တော့သတဲ့ကွယ်။

* * *

## ဘုရင့်သမီးနှင့် မင်းသားလေး

သားတော်ငယ်လေးကတော့ ဘယ်နေရာမှ သုံးလို့မရတော့တာမို့ အစ်ကိုကြီးတွေက ညီမတွေးလေးအတွက် အကြိတ်အနယ်စဉ်းစားကြရပြန်တယ်။ စဉ်းစားတယ်ဆိုပေမယ့် ညီလေးတုန်းကလိုတော့ အာမ မခံရဲတော့ဘူး။ အခြေအနေကိုကြည့်နေရုံလောက်ပဲ တတ်နိုင်ကြတော့တယ်ပေါ့။

ဒါကိုလည်း မင်းသမီးလေးက သိတယ်။ သူတို့ ညီတော်ရေးတုန်းကတော့ အစ်ကိုကြီးတွေဟာ ခမည်းတော်ကို ဝိုင်းဝန်းလျှောက်ထားပေးကြတယ်။ ငါ့ကျတော့ ဥပက္ခာပြုတယ်။ လစ်လျူရှုတယ်ဆိုပြီး အစ်ကိုကြီးတွေကို မကျေနပ်ဖူးတဲ့ကွယ်။ အစ်ကိုကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း စေတနာမရှိလို့မှ မဟုတ်ဘဲ၊ အရင်တစ်ခါမှားထားတာတွေက မျက်နှာမပြရဲအောင်ဖြစ်နေတော့ ညီမထွေးလေးပေမယ့် အရိပ်အကဲကြည့်နေရသေးတာပေါ့။

တစ်နေ့ကျတော့ မင်းသမီးလေးက သူ့ရဲ့ရွှေတော်တွေနဲ့တိုင်ပင်တယ်။ သူတို့နောင်တော်ကြီးတွေတုန်းကလို သူလည်း ခရီးထွက်မယ်။ ပညာရှိရှာမယ်။ သည်အတောအတွင်း ကြင်ယာလည်းတွေ့ချင်တွေ့မယ်ဆိုပြီး ထွက်ခွာကြဖို့ စိတ်ကူးသတဲ့။

ခမည်းတော်၊ မယ်တော်နဲ့ ဆွေတော်မျိုးတော်တွေအားလုံး ဘယ်သူမှ ပြောလို့ တားလို့ မရတော့တဲ့အဆုံးမှာ မင်းသမီးလေးကို လက်လျှော့လိုက်ကြရတော့တာပေါ့ကွယ်။

မင်းသမီးလေးလည်း လွှတ်လပ်ပြီဆိုပြီး၊ ရဲရွှေတော်တွေနဲ့ မြို့ပြင်နေပုဒ်တွေပါမကျန် လှည့်လည်သွားသတဲ့။ သူတို့သွားနေတဲ့ခရီးကို အစ်ကိုကြီးတွေက မသိမသာလိုက်ပြီး စောင့်ရှောက်ကာကွယ်ကြလို့ ဘာအန္တရာယ်မှ မဖြစ်ကြဘူးတဲ့။

သည်လိုနဲ့ မင်းသမီးလေးနဲ့အဖွဲ့ဟာ ခရီးထွက်လာလိုက်ကြတာ တောအုပ်တစ်အုပ်ရဲ့အလယ် စမ်းချောင်းလေးတစ်ခုရဲ့ဘေးမှာ သပ်ယပ်သန့်ရှင်းတဲ့ ကျောင်းသင်္ခမ်းလေးတစ်ခုကို တွေ့ကြသတဲ့။ မင်းသမီးလေးရဲ့ အပေါင်းပါတွေဟာ ဝမ်းသာအားရ ဖြစ်သွားကြတာပေါ့။



ငါ့ရဲ့အစ်ကိုဟာ ပညာရှိကိုရှာတယ်ဆိုပေမယ့် ငါ့လို ရသေ့သူတော်စင်နဲ့ မတွေ့ဘူး။ ငါသိပ်ကံကောင်းတာပဲလို့လဲ ပျော်နေသတဲ့။ ဒါနဲ့ပဲ ရသေ့ကြီးကို လုပ်ကြတန်းကြပြီး သာယာလှပတဲ့ဆိပ်ကမ်းသောအနီးမှာ တဲကလေးတွေဆောက်ပြီး ပျော်ပျော်ပါးပါးနေကြသတဲ့။ နောက်ကနေလိုက်ပြီးစောင့်ရှောက်နေတဲ့ အစ်ကိုတွေ၊ မောင်တွေကလည်း စိတ်ချလုံခြုံတဲ့နေရာကိုရောက်ပြီဆိုပြီး ပြန်သွားကြတာပေါ့။

အဲသည်အချိန်မှာ ရသေ့ကြီးမှာ အကျပ်အတည်းတစ်ခု တွေ့နေတယ်တဲ့ကွယ်။ ဘာလဲဆိုတော့ မြစ်ရေထဲမှာမျောပါလာတဲ့ ချွေးထီးလေးတစ်ကောင်ကို သနားတာနဲ့ဆယ်ပြီး ကယ်တင်ထားလိုက်မိလို့တဲ့။ ရသေ့ကြီးသွားလေရာ၊ တရားထိုင်နေရာမှာ တကောက်ကောက် လိုက်ပြီးနှောင့်ယှက်နေလို့ သည်ချွေးထီးလေးကို ဘာလုပ်ရမှန်းမသိဘူးဖြစ်နေသတဲ့။

သူတော်စင်ဆိုတော့လည်း သတ်မပစ်ရက်ဘူးပေါ့။ ရသေ့ကြီးကလည်း ဈာန်အဆင့် သမထအဆင့်တွေပေါက်ရောက်ပြီး ကမ္မဋ္ဌာန်းနိုးနဲ့ကလည်း ပြည့်စုံသွားပြီမို့ ဟိုဝေးလံတဲ့ တောတောင်တွေဆီကို သွားပြီး တရားအားထုတ်ဖို့အချိန်ကလည်း ရောက်နေပြီဆိုတော့ အကျပ်အတည်း တွေ့နေတာပေါ့ကွယ်။

သည်ချွေးလေးကို ထားပစ်ခဲ့ရင်လည်း ဘေးဒုက္ခတွေနဲ့တွေ့ပြီး သေဆုံးမှာကို တွေးမိပြီးသွားတဲ့အခါ မထားပစ်ရက်ခဲ့ဘူးပေါ့။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးတော့ ရသေ့ကြီးက ခွေးထီးလေးကို လူယောင်ဖန်ဆင်းပြီး ထားပစ်ခဲ့သတဲ့ကွယ်။ မင်းသမီးလေးနဲ့အဖော်တွေ နောက်တစ်နေ့ ရသေ့ကြီးဆီလာကြတဲ့အခါကျတော့ ရသေ့ကြီးမတွေ့ရတော့ဘဲနဲ့ မင်းသားလေးကိုပဲ တွေ့ကြရတော့တာပေါ့။

ရှစ်ဆင်းအောင်လုပ်ပြီး နုညံ့သိမ်မွေ့တဲ့ မင်းသားလေးကို မင်းသမီးလေးက အထင်ကြီးသွားပြီး၊ မေတ္တာသက်ဝင်မိသတဲ့ကွယ်။ နောက်ဆုံးတော့ သညီလိုပညာဉာဏ်ရှိမယ့်လုလင်ပျိုကို ရွှေနန်းတော်ခေါ်သွားရရင် ခမည်းတော်နဲ့အစ်ကိုတော်တွေက ကျေနပ်ပြီး ရာထူးအဆောင်အယောင်တွေပေးမှာပဲလို့ တွေးမိပြီး၊ ကိုလူချောလေးကို ရွှေနန်းတော်ခေါ်သွားသတဲ့။ ဘုရင်ကြီးနဲ့ အစ်ကိုတွေမောင်တွေကလည်း ကိုလူချောလေးရဲ့အသွင်သဏ္ဌာန်နဲ့ စကားပြောပုံကိုကြည့်ပြီး နန်းတွင်းမှာ ရာထူးဌာနန္တရကောင်းကောင်းပေးပြီး လက်ထပ်ပေးလိုက်သတဲ့။ မင်းသမီးလေးကတော့ ပျော်လို့မော်လို့ပေါ့။

သည်လိုနဲ့ လအနည်းငယ်ကြာလာတဲ့အခါကျတော့ နန်းတော်တွင်းမှာ ထူးထူးခြားခြားတွေဖြစ်သတဲ့။ ဘာတွေလဲဆိုတော့ နန်းတွင်းမှာ မင်းညီမင်းသားတွေ၊ မှူးကြီးမတ်ရာတွေထားတဲ့ သားရေဖိနပ်တွေဟာ ပျောက်ပျောက်နေသတဲ့။ ဘယ်သူမှလည်း …ညှိလို့မရ၊ စဉ်းစားလို့မရဘူးပေါ့။ မသင်္ကာစရာလည်း ဘာတစ်ခုမှ မတွေ့ဘူးဆိုတော့ အတျာပ်ရိုက်နေကြတာပေါ့။



နောက်ဆုံးတော့ နန်းတွင်းမှာ လျှို့ဝှက်စုံစမ်းရေးအဖွဲ့ဖွဲ့ပြီး ချောင်းဖမ်းတဲ့အခါ၊ မင်းသမီးလေးရဲ့ခင်ပွန်းဟာ လူခြေတိတ်တဲ့ညမှာ သားရေဖိနပ်…ကွက်ကိုခိုးပြီး ဝါးစားနေတာကို အံ့ဩစွာတွေ့ကြရသတဲ့။ ဒါနဲ့ပဲ ကြာရင်နန်းတော်တွင်းကဖိနပ်မှန်သမျှ စားမှာစိုးရတယ်ဆိုပြီး ဖမ်းဆီး နှင်ထုတ်လိုက်ကြသတဲ့ ကလေးတို့ရယ်။

မခွဲနိုင်တဲ့မင်းသမီးလေးကိုလည်း တစ်ပါတည်း ထည့်လိုက်ကြရသတဲ့ကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# တောင်လေခိုးကြီး

တစ်ခါက ဘုရင်ကြီးတစ်ပါးဟာ သူ့အမတ်ကြီးကို တစ်နေ့မှာ မေးသတဲ့။

"လူတွေကို အသေအချာမကြည့်ကြပ်ဘဲနဲ့၊ စနစ်တကျအမိန့်မပေးဘဲနဲ့၊ သူတို့ဆန္ဒနဲ့သူတို့ လွှတ်ထားရင် အမိန့်ကိုနာခံကြပါ့မလားအမတ်ကြီး"

ဘုရင်ကြီးရဲ့အမေးကို အမတ်ကြီးက သေသေချာချာစဉ်းစားသတဲ့၊ တော်တော်နဲ့ မဖြေနိုင်ဘူး။ အတန်ကြာမှာ

"ရနိုင်တာရှိသလို မရနိုင်တာလဲ ရှိပါတယ်ဘုရား"

လို့ လျှောက်သတဲ့။

အမတ်ကြီးရဲ့အဖြေကို မင်းကြီးက မကျေနပ်ဘူး။ သူလိုချင်တာက ရချင်ရမယ်။ မရချင် မရဘူး တိတိကျကျတစ်ခွန်းတည်းအဖြေကို လိုချင်တာ။ အမတ်ကြီးဖြေပုံက မရေမရာဖြစ်နေတာကိုး။ ဒါကိုသိတဲ့အမတ်ကြီးက ကျွန်တော်မျိုးသက်သေပြပါ့မယ် ဘုရားလို့



လျှောက်ထားပြီး အစီအစဉ်တစ်ခုလုပ်သတဲ့။

ထန်းပင်တွေပေါများပြီး တင်လဲရည်ချက်တဲ့ရွာတစ်ရွာကို အမိန့်တော်တစ်ခု ဆင့်ထုတ်လိုက်တယ်။ တစ်ရွာလုံးမှာ ရှိသမျှအိမ်တွေအားလုံး တစ်အိမ်မှာတင်လဲရည်တစ်မြူနှန်း အချိုးကျနဲ့ လာရောက်လှူဒါန်းကြရမယ်ဆိုတဲ့ အမိန့်ပါတဲ့ကွယ်။

ရွာလယ်ခေါင်မှာ လှုဝင်ပေါက်တစ်ပေါက်ပဲချန်ပြီး၊ အလုံအခြုံကာရံထားတဲ့ တဲတစ်လုံးဆောက်စေတယ်။ အဲသည်တဲရဲ့ အလယ်ခေါင်မှာ ရေမစဉ့်အိုးကြီးတစ်လုံးထားတယ်။ ရွာသူရွာသားတွေက ကိုယ့်အိမ်က မြူအိုးလေးတွေနဲ့ထည့်လာတဲ့တင်လဲရည်တွေကို တဲတွင်းကရေမစဉ့်အိုးကြီးထဲကို ထည့်ကြရမယ်။ တင်လဲရည်ထည့်တဲ့အချိန်ဟာလဲ ညအခါဖြစ်ရမယ်။ တစ်ပတ်တိတိအချိန်အတွင်းမှာ တစ်ရွာလုံးတာဝန်ကျေပြီးဖြစ်ရမယ်လို့စည်းကမ်းချက်တွေ သတ်မှတ်ထားသတဲ့။

သတ်မှတ်ထားတဲ့ရက်အတွင်းမှာ မင်းကြီးနဲ့အမတ်ကြီးတို့ဟာ ရုပ်ဖျက်ပြီး ရွာထဲကိုလှည့်လည်စနည်းနာကြတယ်။ တာဝန်မကျေတဲ့လူနဲ့ ကျေပွန်တဲ့သူ ဘယ်သူကများသလဲ။ တာဝန်ကျေသူကများရင် အမတ်ကြီးရှုံးပြီး၊ တာဝန်မကျေတဲ့လူကများရင် မင်းကြီးရှုံးပြီပေါ့။

အဲသည်လိုထွက်ပြီး စနည်းနာလိုက်တာ အိမ်တစ်အိမ်ကို ရောက်သွားကြပါရောတဲ့။ အဲသည်က အိမ်ရှင်မတစ်ဦးက သူ့ယောက်ျားကို ပြောနေတာ ကြားကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



“ . . . ပဲနယ်တော် သည်လောက်ပဲ အ,ရန်ကော တစ်ဗူလုံး တင်လဲရည်လာထည့်ကြမှာ၊ သည်လောက်များတဲ့တင်လဲရည်ဖေ့ထဲ ရေတစ်မြှုပ်သွားတော့ ဘာအရေးတုန်း၊ သွား ရေပဲထည့်ခဲ့။ ကိုယ့်လဲ အသင့်ရှိတာမှတ်လို့ ဘုရင်ဆိုတာလဲ သိတာမှတ်လို့”

အိမ်တစ်အိမ်ကစကားကြောင့် အမတ်ကြီးကပြုံးတယ်။ ဘုရင်က ဒေါသထွက်သွားတာပေါ့။ အိမ်ကိုသေချာမှတ်ပြီး နောက်တစ်အိမ်ကူးကြပြန်တယ်။

“သည်ရှင်ဘုရင်ကလည်း သူ့စားမှာသောက်မှာလဲမဟုတ်ဘဲနဲ့ နိုင်တယ်ဆိုပြီး ညှင်းနေတာပဲ”

ဆိုတဲ့ မကျေနပ်သံကြားရပြန်ပါရော။ သည်လိုနဲ့ အိမ်ခြေရာချီရှိတဲ့ရွာကြီးမှာ ဆယ်အိမ်လောက်ကို စာရင်းကောက်မိကြတာပေါ့။ ကျန်တဲ့အိမ်တွေကတော့ သူ့ဒွေးသူကြွယ်နဲ့ မင်းစိုးရာဇာအမှုတော်ထမ်းတွေဆိုတော့ မင်းကြီးက စိတ်ချလက်ချနေလိုက်တာပေါ့။ အမတ်ကြီးရှုံးပြီလို့ တွက်ထားတာပေါ့။

သတ်မှတ်ထားတဲ့ ရက်ပြည့်တဲ့နေ့ကျတော့ မင်းကြီးနဲ့ အမတ်ကြီးတို့ဟာ တဲတွင်းကတင်လဲရည်အိုးကို သွားကြည့်ကြတယ်။

အိုးကြီးနဲ့တစ်လုံးအပြည့် ရေတွေချည်းတွေ့ကြရသတဲ့ကွယ်။

❋ ❋ ❋

# ကာလပဒေသ

ရှေးရှေးတုန်းက မြို့ကြီးတစ်မြို့နဲ့ အလှမ်းတရာဝေးကွာလှတဲ့ တောကြီးထဲမှာ သစ်ခုတ်သမားတွေစုပြီး ရွာငယ်လေးသဖွယ် တည်ထောင်နေကြသတဲ့ကွယ်။

အဲသည်တောထဲကလူတွေဟာ သစ်ခုတ်၊ ဝါးခုတ်၊ ပန်းရှူး၊ အမဲသားငါးရှာ၊ မှိုချိုးမျှစ်ချိုးနဲ့ လုပ်ကိုင်ပြီး နီးစပ်ရာရွာဈေးတွေမှာ သွားရောက်ရောင်းချကြရသတဲ့။ အဲသည် သစ်ခုတ်သမားတွေထဲမှာ မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးပြုနေတဲ့ မောင်ဟေမာဆိုတဲ့ လုလင်ငယ်လေးတစ်ယောက်လည်း ရှိသတဲ့။

တစ်နေ့ကျတော့ မောင်ဟေမာလေးနေတဲ့တောထဲကို ပန်းပုဆရာလို့ အမည်ခံထားတဲ့ လူရည်သန့်သန့်ပုဂ္ဂိုလ်ကြီးတစ်ဦး ရောက်လာသတဲ့၊ အဲသည်ပုဂ္ဂိုလ်ကြီးဟာ သစ်ခုတ်သမား၊ ပန်းစိုက်သမားတွေအားလုံးတွေထဲကနေပြီး မောင်ဟေမာလေးတို့အိမ်မှာပဲ တည်းခိုသတဲ့။ ပြီးတော့ အလွန်ကောင်းတဲ့ပိတောက်သားနဲ့ သမင်နေ့ကို

www.burmeseclassic.com

www.burmeseclassic.com



လိုချင်လို့ဆိုပြီး အခကြေးငွေများစွာပေးပြီး ရှာခိုင်းတယ်။ သူလိုချင်တဲ့ ပစ္စည်းတွေလည်းရရော အလွန်လှပတဲ့စောင်းလေးနှစ်ခုကို ဆရာကြီး ဘာသာ စိတ်ကြိုက်အချိန်ယူပြီး လုပ်သတဲ့ကွယ်။

စောင်းလေးတွေလဲပြီးရော မောင်ပေါ်မာကိုလည်း စောင်းပညာ သင်ပေးခဲ့တယ်။ မောင်ပေါ်မာလေး စောင်းတီးပညာလည်းတတ်သွား တော့ ဆရာကြီးက ကတိတောင်းသတဲ့။

စောင်းပညာနဲ့ စီးပွားမရှာပါဘူး။

စောင်းပညာနဲ့ ပြိုင်ပွဲမဝင်ပါဘူးဆိုတဲ့ကတိကို တောင်းပြီး ဆရာကြီးပြန်သွားသတဲ့။

တောထဲမှာ နေကြရတဲ့သူတွေဟာ မောင်ပေါ်မာရဲ့စော ...ါ လေးကိုနားထောင်ရင်း အပန်းဖြေကြတယ်။ လုပ်ငန်းခွင်တွေမှာလည်း မောင်ပေါ်မာရဲ့စောင်းသံကြောင့် ပိုပြီးခရီးတွင်ကြ၊ အောင်မြင်ကြ သတဲ့။ တောထဲကသစ်ခုတ်သမားတွေ၊ ပန်းစိုက်သမားတွေအပြင် ရွာနီးချုပ်စပ်က ရွာတွေအထိ မောင်ပေါ်မာလေးရဲ့စောင်းသံဟာ ပျံ့နှံ့နေတော့တာပေါ့ကွယ်။

သည်လိုနဲ့နေလာလိုက်တာ တစ်နေ့ကျတော့ မြို့ကြီးကိုသွားပြီး ပန်းရောင်းတဲ့လူတွေ၊ မှိုရောင်းသွားသူတွေနဲ့အတူ သတင်းစကားဝ ...ခု ပါလာတယ်။

ဘုရင်မင်းမြတ်ကြီးရဲ့ ဥယျာဉ်တော်ထဲမှာ စောင်းတီးပြိုင်ပွဲ



ကြီးတစ်ခု ကျင်းပမယ်ဆိုတဲ့သတင်းပါပဲတဲ့ကွယ်။ စောင်းတီးပြိုင်ပွဲကို အနိုင်ရတဲ့လူကိုရွှေနန်းတော်ရဲ့ဂီတပညာရှင်ကြီးအဖြစ်ချီးမြှင့်မြှောက်စား မယ်လို့ ကြေညာမောင်းခတ်တယ်ဆိုတဲ့သတင်းကို မောင်ပေါ်မာလေး ကြားတော့ ပြိုင်ပွဲရှိရာကိုသွားပြီး ယှဉ်ပြိုင်ချင်တဲ့စိတ် ဖြစ်လာသတဲ့။

ဆရာကြီးမှာခဲ့တဲ့စကားကလည်း ရှိနေလေတော့ ဝေခွဲမရဖြစ် နေတာပေါ့။ အဖော်တွေနဲ့ ရွာသူရွာသားတွေကလည်း မောင်ပေါ်မာ လေးကို ပါဝင်ယှဉ်ပြိုင်ဖို့သင့်တဲ့အကြောင်းကိုပဲ တစ်ဖွဖွတိုက်တွန်း ကြတယ်။ သည်နေရာတစ်ဝိုက်မှာ မောင်ပေါ်မာလို စောင်းပညာရှင်မျိုး လုံးဝမရှိဘူး၊ ဒါကြောင့် ပထမဆုရခဲ့ရင် ရွှေနန်းတော်မှာနေရမယ်၊ မိဘတွေကော တောထဲကလူတွေအားလုံးကိုလဲ မမေ့ဖို့ ဝိုင်းဝန်းမြှောက် ပင့်ပေးကြတယ်။ အချိန်ယူပြီး အမျိုးမျိုးစဉ်းစားနေတဲ့ကြားကနေပြီး ပြိုင်ပွဲကိုသွားပြီး ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။

ပြိုင်ပွဲကျင်းပတဲ့နေ့ကျတော့ ရွှေမြို့တော်ကြီးမှာရှိတဲ့ ဘုရင့် ဥယျာဉ်တော်ထဲကို သူငယ်ချင်းတွေနဲ့အတူ မောင်ပေါ်မာလေးဟာ စောင်းကလေးကိုပိုက်ပြီး သွားသတဲ့။ ဥယျာဉ်တော်ထဲမှာတော့ ရောမ စင်မြင့်ကြီးပေါ်မှာ ပန်းကနုတ်တွေစီခြယ်ထားတဲ့ ကတ္တီပါလိုက်ကာ ကြီးတစ်ခုလဲ ဆင်ထားတယ်။ ဘုရင်မင်းမြတ် ယာယီစံမြန်းတဲ့ နန်းတော်ကြီးနဲ့အတူ ခမ်းနားကြီးကျယ်စွာပြင်ဆင်ထားတာတို့ တအံ့တသြတွေ့ကြရသတဲ့၊ များပြားလှတဲ့ ပရိသတ်ကြီးခ ...ါ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း တိုးမပေါက်လောက်အောင်ပါပဲကွယ်။

အမှတ်ပေးကြ၊ အကဲဖြတ်ကြ၊ ရွေးချယ်ကြမယ့်ပညာရှင်ကြီးတွေထိုင်မယ့်နေရာတွေဆိုတာကလည်း ဖိတ်ဖိတ်တောက်လို့ပေါ့ကွယ်။ ဘုရင့်အမှုထမ်း စစ်သည်ရဲမက်တွေဆိုတာကလည်း နေရာအနှံ့ပေါ့။ ပြိုင်ပွဲကိုလာပြီး ကြည့်ရှုအားပေးတဲ့ပရိသတ်ကတော့ ဥယျာဉ်တွင်းက တလင်းပြင်တိုင်းမှာ နေရာလွတ်မရှိသလောက်ပဲဆိုပါတော့။

မကြာခင်မှာပဲ ဘုရင်မင်းမြတ်ထွက်တော်မူလာပြီး ဝန်ကြီးတွေ၊ မှူးမတ်တွေ၊ သေနာပတိတွေနဲ့အတူ ပညာရှင်ကြီးတွေ ရောက်လာကြတယ်။ ပြိုင်ပွဲဝင်ကြမယ့်ပညာရှင်တွေကိုလည်း စင်မြင့်ရဲ့ရှေ့ကို လှမ်းခေါ်လိုက်တယ်။ ပြိုင်ပွဲဝင်ကြမယ့်သူတွေထဲမှာ မောင်ဟေမာလေးလည်း မထင်မရှားပါသွားတာပေါ့ကွယ်။

သည်လိုနဲ့ ပြိုင်ပွဲလဲ စတင်လိုက်ပါရောတဲ့။ ပြိုင်ပွဲဝင်ကြတဲ့ စောင်းသမားတွေဟာ ပညာရှင်တွေတီးခိုင်းတာကို တီးကြရတယ်။ ပြီးတော့မှ ကိုယ်တိုင်တီထွင်ဆန်းသစ်ထားတဲ့ တီးလုံးတီးကွက်တွေကို တီးပြကြရတာဆိုတော့ မောင်ဟေမာတစ်ယောက် ချွေးပြန်နေရှာတာပေါ့။ တကယ်တန်းကျတော့ မောင်ဟေမာဟာ သာမန်အပျော်တမ်းတီးတတ်သူတစ်ဦးသာဖြစ်နေတာကိုး။ နောက်ဆုံးကျတော့ မောင်ဟေမာဟာ ပညာရှင်တွေ၊ ပရိသတ်တွေရဲ့အလယ်မှာ မျက်နှာမပြရဲလောက်အောင် အရှက်ကွဲခဲ့တော့တာပေါ့ကွယ်။



တကယ်တော့ မောင်ဟေမာလေးဟာ တတ်ကျွမ်းတယ်ဆိုတဲ့ စောင်းပညာဟာ သာမန်အဆင့်လေးလောက်သာရှိနေပါလားဆိုတာ တကယ့်ပညာရှင်တွေနဲ့ယှဉ်လိုက်တဲ့အခါ သူကိုယ်တိုင်သိသွားရှာသတဲ့။ ပြိုင်ပွဲကြီးပြီးဆုံးသွားတဲ့အခါကျတော့ မောင်ဟေမာဟာ ဥယျာဉ်တော်ရဲ့အပြင်ဘက်ကို ခေါင်းငိုက်စိုက်ချပြီး ဝမ်းနည်းစွာ ထွက်ခွါလာခဲ့ရသတဲ့။

အဲသည်အချိန်မှာ နောက်ကနေလှမ်းခေါ်နေတဲ့ လူကြီးတစ်ယောက်ရဲ့အသံကြောင့် မောင်ဟေမာရပ်ကြည့်မိတယ်။ သူတို့တောထဲကို ပန်းပုဆရာအမည်ခံ စောင်းဆရာကြီးဖြစ်နေတာကို တွေ့ရတယ်။ စောင်းဆရာကြီးဟာ သူတို့ပြိုင်ပွဲတွေကို ကြီးကြပ်ပြီး အဆုံးအဖြတ်ပေးရတဲ့ စောင်းပညာရှင်ကြီး အကြီးဆုံးဖြစ်နေတာကိုလည်း မောင်ဟေမာ အံ့အားသင့်စွာ တွေ့လိုက်ရသတဲ့။

ဆရာကြီးက မောင်ဟေမာရဲ့ ပခုံးကို ညင်သာစွာပုတ်တယ်။ မောင်ဟေမာရဲ့မျက်နှာကိုလည်း သနားကြင်နာစွာကြည့်တယ်။ ပြီးတော့မှ အေးအေးဆေးဆေး ဖြေးဖြေးချင်းပြောတယ်။

"ငါတပည့်... တပည့်ကို ဆရာက ပြိုင်ပွဲတွေမှာ ဝင်မပြိုင်မှီကတိအထပ်ထပ်တောင်းခဲ့တာ မှတ်မိရဲ့လား" လို့မေးတော့ မောင်ဟေမာက ခေါင်းညိတ်တယ်။

"မှတ်မိပါတယ်ဆရာကြီး" လို့လဲပါးစပ်က ပြောတယ်။

www.burmeseclassic.com



"အဲဒီလို ကတိတောင်းခဲ့တာ တပည့်ရဲ့အရည်အချင်းကို ဆရာသိနေလို့ပဲ။ ဆရာ့မှာ တပည့်တွေအများကြီးရှိတယ်။ ဆရာကောင်းမှန်ရင် တပည့်တွေရဲ့ရှေ့ခရီးကို ခန့်မှန်းတတ်ရတယ်။ နောက်ပြီးတော့ ကာလဒေသကို ကြည့်ရတယ်။ ငါ့တပည့်ဟာ တောထဲမှာနေပြီး တောရွာကလူတွေအပေါ်မှာသာ အောင်မြင်ကျော်ကြားနေတာ၊ ပညာရှင်ချင်းလည်း မတွေ့ဆုံရ၊ ပညာချင်းလည်း မနှိုင်းနှောရ၊ အနီးအနားတဝိုက်မှာ ငါနဲ့ငါသာ နှိုင်းစရာဆိုသလို ဖြစ်နေတာကို ဆရာသိလို့ ငါ့တပည့်ကို တစ်ခြားနေရာတွေမှာ ယှဉ်ပြိုင်ခြင်းမပြုနဲ့၊ စီးပွားမရှာနဲ့လို့ မှာခဲ့တာ။ အနုပညာဆိုတာ ကာလနဲ့ဒေသကို ချင့်ချိန်မှန်းမျှော်ကြည့်တတ်ဖို့လိုတယ် ငါ့တပည့်"

လို့ ဆရာကြီးကဆုံးမလိုက်တော့ မောင်ဟေမာလေး သဘောပေါက်နားလည်သွားသတဲ့ကွယ်။

❋ ❋ ❋

# လည်ပင်းကြီးသောအဘိုးအို

တစ်ခါတုန်းက ဝေးလံတဲ့အရပ်မှာရှိတဲ့ တောင်ပေါ်ရွာကလေးမှာ အဘိုးအိုတစ်ယောက်ရှိသတဲ့။ အဘိုးအိုကြီးဟာ သူတစ်ဖက်သားကို သနားကြင်နာတတ်ပြီးတော့ ကူညီစောင့်ရှောက်တတ်တဲ့ စိတ်စေတနာကောင်းလည်း ရှိသတဲ့။ ရပ်ရေးရွာရေးမှာလည်း ကူညီချင်စိတ်ပြည့်ပြည့်ဝဝရှိသူတစ်ဦးဖြစ်လေတော့ အဘိုးအိုမှာ လူချစ်လူခင်အင်မတန်ပေါ်များသတဲ့။

ဒါပေမယ့် အဘိုးအိုမှာ အမြဲတန်းစိတ်ဆင်းရဲနေရတဲ့ ဝေဒနာတစ်ခုရှိတယ်။ ဒါက ဘာလဲဆိုတော့ လည်ပင်းကြီးကြီးနေတာပါပဲတဲ့။ လည်ပင်းကြီးက ကြီးလွန်းတော့ အသားဘုကြီးအပိုဖြစ်နေသလို တွဲလောင်းကြီးကျနေတာပေါ့ကွယ်။ အဘိုးအိုကြီးဟာလည်း ကိုယ့်အပေါ်မှာ သည်ဘုကြီးပျောက်ကွယ်သွားတာကိုသာ အမက်မောဆုံးဖြစ်နေသတဲ့။ သည်ဘုကြီးကြောင့်လည်း ရုပ်ဆိုးနေသလို ဖြစ်နေရှာ

www.burmeseclassic.com



တာပေါ့ကွယ်။ ဒါပေမယ့် သူလည်း မတက်နိုင်ရှာဘူးတဲ့။

တစ်နေ့တော့ ထုံးစံအတိုင်း အဘိုးအိုကြီးဟာ တောထဲကို ထင်းခုတ်သွားသတဲ့။ ထင်းတွေကိုစုစည်းပြီး ထမ်းလာတုန်းမှာပဲ မိုးမှောင်ကြီးကျပြီး နေရောင်ခြည်လုံးဝပျောက်ကွယ်သွားသတဲ့ကွယ်။ မကြာခင်မှာပဲ မိုးသက်လေပြင်းပါ တဝုန်းဝုန်းတိုက်ခတ်လာတော့ တောထဲမှာ လမ်းရှာမတွေ့တော့ဘဲ ဟိုသွားရကောင်းနိုးနိုး၊ သည်သွားရကောင်းနိုးနိုးနဲ့ ဝေခွဲမရလည်းဖြစ်နေရင်းက ရွာကို လုံးဝမပြန်နိုင်တော့ဘဲ တောထဲမှာ ယောင်လည်လည်ဖြစ်နေရှာသတဲ့။ ဒါနဲ့ပဲ မိုးစဲသည်အထိ နားဦးမှပဲလေဆိုပြီး သစ်ပင်ခြုံကောင်းကောင်းမှာ ဝင်ပြီး မိုးခိုသတဲ့။

မိုးစဲသွားတဲ့အခါကျတော့ ညအချိန်ရောက်နေပြန်တာမို့ မှောင်ထဲမှာပဲ ထိုင်နေရတော့သတဲ့။ အဲသည်အချိန်မှာပဲ အဘိုးအိုနဲ့ မလှမ်းမကမ်းမှာ သက်ကယ်မိုးထားတဲ့တဲအိုပျက်ကလေးတစ်လုံးကို မိုးတဝါး မြင်ရတာနဲ့ တဲအိုပျက်လေးဆီကို အားတင်းပြီး လျှောက်လာခဲ့တာပေါ့ကွယ်။ အိမ်နားကိုရောက်တော့…

"ဗျို့ အိမ်ရှင်တို့ အိမ်ရှင်တို့ ကျုပ်တော် ဒုက္ခရောက်လာလို့ပါခင်ဗျာ…သည်တစ်ည သည်မှာတည်းခိုခွင့်ပြုပါ"

လို့ အိမ်ရှင်တွေကိုအော်ခေါ်ရင်း မေတ္တာရပ်ခံသတဲ့။ ဘယ်လောက်ပဲအော်ခေါ်ပေမေယ့် လူနေဟန်မတူတဲ့ ဝါအိမ်ထဲက အသံ



မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသတဲ့။

နောက်ဆုံးတော့ ဟန့်မဆောင်နိုင်တော့ဘဲအဘိုးအိုဟာ တဲထဲကိုဝင်ပြီး လှဲအိပ်လိုက်သတဲ့။ လူမနေတဲ့အိမ်ကြီးဆိုတော့ မှောင်မဲတိတ်ဆိတ်နေလို့ အဘိုးအိုဟာ ကြောက်လန့်နေတာနဲ့ ကောင်းကောင်းအိပ်လို့မရနိုင်ဘူးတဲ့။ ဒါနဲ့ အကြောက်ကလေးမှ ပြေပါစေတော့ဆိုပြီး သီချင်းတစ်ပုဒ်ကို သံနေသံထားနဲ့ အကျအနအော်ဆိုသတဲ့။ မှောင်မည်းနေတဲ့တောထဲမှာ အဘိုးအိုရဲ့အသံဟာ ကြည်လင်ပြီး အဝေးထိ ပျံ့နှံ့နေတော့တာပေါ့။ သည်တော့မှ အဘိုးအိုလည်း ကြောက်စိတ်တွေ ပျောက်ပြီး အားရှိလာသတဲ့။ အဲသည်အချိန်မှာပဲ…

"သည်ထဲက သည်ထဲကအသံကွ…လာကြ…လာကြ"

ဆိုတဲ့အသံတွေ တဲအပြင်ဘက်က ကြားရသတဲ့။ ရုတ်တရက် ကြားလိုက်ရတဲ့အသံတွေကြောင့် အံ့သြထိတ်လန့်ပြီး သီချင်းဆိုရပ်သွားကာ ထထိုင်မိသတဲ့။

မကြာခင်မှာပဲ တဲတံခါးကြီးက ကျွီခနဲပွင့်လာပြီး ခေါင်းမှာ ချိုတစ်ချောင်းပေါက်နေတဲ့ မှင်စာသူရဲကြီးတစ်ကောင် ဘွားခနဲပေါ်လာသတဲ့။ သူရဲကြီးက ထွားထွားကျိုင်းကျိုင်းမည်းမည်းဝဝကြီးဆိုတော့ အဘိုးအိုလည်း ကြောက်သွားတာပေါ့။ အဲသည်သူရဲခေါင်းဆောင်ကြီးရဲ့နောက်မှာတော့ သူရဲနောက်လိုက်တွေကလည်း ကနန်မြူးတူးပြီး ရယ်မောဝင်လာကြသတဲ့ကွယ်။

www.burmeseclassic.com



အဘိုးအိုလည်း ကြောက်ပေမယ့် ဟန်ကိုယ့်ဖို့ဆိုတဲ့ စကားလို မရဲသော်လည်း ပြေးခဲစေဆိုတဲ့စကားလို မကြောက်လန့်ချင်ယောင် ဆောင်နေရသတဲ့။ အဘိုးအိုလည်း မထူးတော့ပါဘူးဆိုပြီး သတ်ချင်လဲ သတ်ပါ စေတော့လေဆိုပြီး ရပ်ထားတဲ့သီချင်းကို ဆက်ဆိုသတဲ့။ သူရဲကြီးတွေကလည်း နားရွက်တွေထောင်ပြီး နားထောင်ကြတယ်။ နောက်ပြီးတော့ စုပေါင်းပြီး ကခုန်ပျော်ရွှင်ကြသတဲ့။

အဘိုးအိုက တစ်ညလုံးဆိုသတဲ့။ သူရဲတွေကလည်း တစ်ညလုံး ကကြသတဲ့။ တစ်ကယ်လို့သာ မိုးလင်းထိမဆိုနိုင်ရင် သူရဲတွေက သူ့ကိုရန်ပြုမယ်ဆိုတာ သေချာနေတာမို့ အဘိုးအိုလည်း တစ်ညလုံး ဆိုရတာပေါ့။ မိုးစင်စင်လင်းတော့ ကခုန်နေကြတဲ့သူရဲတွေဟာ သူတို့ဌာနီကို ပြန်ကြတော့မယ်ပေါ့လေ။ အဲသည်အချိန်မှာ သူရဲ ခေါင်းဆောင်ကြီးက အဘိုးအိုနားကိုရောက်လာပြီး…

"ကျုပ်တို့ သည်လိုသာယာတဲ့သီချင်းသံကို ဘယ်တုန်းကမှ မကြားဖူးခဲ့ဘူး၊ ခင်ဗျား သည်အသံကို ဘယ်ကရသလဲ၊ ခင်ဗျားရဲ့ လည်ပင်းအဖုကြီးထဲက ရတာလား"

လို့ မေးသတဲ့။ အဘိုးအိုကတော့ ရိုးရိုးသားသားပဲဖြေသတဲ့။

"အသံဟာ လည်ချောင်းထဲက လာပါတယ်ခင်ဗျာ"

သူရဲတွေကတော့ အဘိုးအို့ရဲ့ လည်ပင်းဘုကြီးကိုပဲ စမ်းသပ် ကိုင်တွယ်ကြည့်နေကြသတဲ့။



"ခင်ဗျား ညာတာပါ၊ သည်အသံဟာ ဟောသည်ဘုကြီးထဲက လာတာမဟုတ်လား၊ အသံကောင်းတွေကို ဟောသည်ဘုကြီးထဲမှာ လှောင်ထားတယ်မဟုတ်လား၊ ကျုပ်တို့အားလုံး ခင်ဗျားအသံကို သိပ်ကြိုက်တယ်ဗျာ။ သည်အိတ်ကြီးကို ကျုပ်တို့ရောင်းဗျာ၊ ခင်ဗျား အတွက် မနစ်နာစေရပါဘူး၊ တန်ရာတန်ဘိုးပေးပါ့မယ်"

အဘိုးအိုဟာ ကြောက်လဲကြောက်၊ သဘောလဲကျ ဖြစ်သွားတာ ပေါ့။ ဒါပေမယ့် မေးတော့မေးလိုက်သေးသတဲ့။

"မင်းတို့ပြောတဲ့ အဲသည်အိတ်ကြီး ငါ့လည်းပင်ဘုကြီးကို ဘယ်လိုဖြုတ်ယူကြမှာလဲလို့"

မေးသတဲ့။ မင်စာတွေက အားရပါးရဝိုင်းရယ်ကြသတဲ့။

"ခင်ဗျား ရောင်းမယ်မရောင်းဘူးသာပြောပါ၊ ခင်ဗျား ရောင်းမယ်ဆိုရင် လူလည်း အနာတရမဖြစ်စေရဘူး၊ တန်ရာတန်ဘိုး လဲရမယ် ဘယ့်နှယ်လဲ"

တကယ်တော့ အဘိုးအိုဟာ လှည့်စားလိုတဲ့ စေတနာတော့မရှိ ဘူးတဲ့။ သူ့လည်ပင်းဘုကြီးကို သူရဲတွေလိုချင်ရင် အလကားပေးချင် သူပင်ဖြစ်သည်။ အဘိုးအိုက မင်းတို့သဘောပါပဲကွာလို့ ပြောလိုက် ရော သူ့ရှေ့မှာ များပြားလှတဲ့ရတနာတွေ ဝေါခနဲသွန်ချလာတာကို တွေ့လိုက်ရသတဲ့။ အဲဒါနဲ့အတူပဲ သူရဲခေါင်းဆောင်ကြီးလက်မှာ သူ့လည်ပင်းကဘုကြီးလည်း အလိုလိုရောက်နေတာလို့ အံ့ဩဖွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသတဲ့ကွယ်။ အဘိုးအိုကြီးမှာ နာကျင်တာကိုလည်း မခံစားလိုက်ရဘူးတဲ့။

သည်လိုနဲ့ နေလဲထွက်၊ အလင်းရောင်လဲလာရော သူရဲကြီးတွေလည်း ပျောက်သွားကြပါလေရောတဲ့။ အသားဘူကြီးပျောက်သွားတဲ့ အဘိုးအိုဟာ ရတနာထုပ်ကြီးကိုထမ်းပြီး ပြန်လာခဲ့သတဲ့ကွယ်။

ချမ်းသာလာတဲ့အဘိုးအိုကတော့ ရပ်ရွာအကျိုးကိုဆောင်ရွက်ရင်း အလှူဒါနတွေလုပ်ပြီး ကုသိုလ်နဲ့နေသတဲ့။ လည်ပင်းဘူကြီးပျောက်သွားတဲ့ကိစ္စရယ်၊ ရုတ်တရက်ချမ်းသာလာတာရယ်ကြောင့် ရွာထဲကလူတစ်ချို့ဟာအံ့သြပြီး တစ်ချို့က မနာလိုကြဘူးပေါ့ကွယ်။ သတင်းတွေကလည်း ရွာနီးချုပ်စပ်ထိ ပျံ့နှံ့နေသတဲ့။

တစ်နေ့ကျတော့ သူဌေးအဘိုးအိုဆီကို လည်ပင်းမှာ ဘူကြီးတစ်ဘူပေါက်နေတဲ့ အဘိုးအိုတစ်ယောက် ရောက်လာသတဲ့။

သူဌေးအဘိုးအိုဆီကို ရောက်လာတဲ့အခါ ဒုတိယအဘိုးအိုဟာ ဆေးနည်းကောင်းလေးများရှိရင်ပေးပါလို့ တောင်းသတဲ့။ ပထမအဘိုးအိုကလည်း သူ့အဖြစ်ကို ရိုးရိုးသားသားပဲ မှန်ရာကိုဖွင့်ပြောလိုက်သတဲ့။ ဒုတိယအဘိုးအိုဟာ အဖြစ်မှန်ကိုကြားရတော့ လောဘကြီးလာပြီး ရတနာတွေကိုလိုချင်လာသတဲ့။ ပထမအဘိုးအိုပြောပြ လို နည်းလမ်းအတိုင်း နောက်ကလိုက်လုပ်မယ်လို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။

အဲသည်နေ့မှာပဲ ပထမအဘိုးအိုတွေ့ခဲ့ဲ့ ့ လူမနေတဲ့တဲကြီးဆီကို



ချက်ချင်းသွားသတဲ့။ ညအချိန်ထိ မစောင့်တော့ဘဲ နေ့ခင်းထဲကသွားပြီး အားရပါးရအိပ်ပြီး မိုးချုပ်အောင်စောင့်နေသတဲ့။ တစ်ရေးနိုးလာတဲ့အခါမှာ ညအချိန်ရောက်နေတာနဲ့ အံကိုက်ဖြစ်နေတော့ သူ့ရဲ့အသံဝါကြီးနဲ့ သီချင်းတွေကို အော်ဟစ်ဆိုတော့တာပေါ့ကွယ်။

မကြာခင်မှာပဲ သူရဲတွေဟာ ရယ်မောကခုန်ပြီး တဲတွင်းကို ဝင်လာကြပါလေရောတဲ့။ အဘိုးကြီးက သူရဲတွေကို အားရဝမ်းသာဆီးကြိုပါသတဲ့။ သူရဲခေါင်းဆောင်ကြီးက…

"သီချင်းသံသိပ်ကောင်းတာပဲ၊ နားထောင်လို့ကို မဝပါဘူး၊ သည်အသံ ဘယ်ကလာတာလဲ" လို့ အဘိုးအိုကိုမေးသတဲ့။

လောဘကြီးတဲ့ အဘိုးအိုကလည်း အလျှင်အမြန်ဖြေကြားလိုက်သတဲ့။

"သည်အသံဟာ ကျုပ်ရဲ့လည်ပင်းဘေးမှာရှိတဲ့ သည်အိတ်ကြီးထဲကလာတာပေါ့၊ ခင်ဗျားတို့လိုချင်ရင် ရွှေငွေကျောက်သံပတ္တမြားတွေနဲ့ရောင်းမယ်" လို့ ပြောသတဲ့။ အဲသည်တော့ သူရဲကြီးတွေက…,

"ခင်ဗျား ကျုပ်တို့ကို ညာလို့ဖြီးလို့ရမယ်များ ထင်သလား" လို့ အော်ပြီးရယ်လိုက်ကြသတယ်။ ပြီးတော့ ပထမအဘိုးအိုဆီက ဖြတ်ယူထားခဲ့ ့က်တဲ့အသားဘူကြီးကိုပြပြီး

"အရင်အဘိုးအိုတစ်ယောက်ဆီက ကျုပ်တို့ဝယ်ထားပေမဲ့တာ ဘာသံမှလဲ ထွက်မလာဘူး၊ တော်ပြီ ကျုပ်တို့ နောက်တခါ အလှည့်

www.burmeseclassic.com



စားမခံနိုင်ဘူး"

လို့ပြောပြီး ပထမအဘိုးအိုဆီကယူထားလိုက်တဲ့ အသားဘု ကြီးကို ဒုတိယအဘိုးအိုရဲ့လည်ပင်းမှာ ကပ်ပေးလိုက်သတဲ့။ ပြီးတော့ အားပါးတရ ရယ်မောကြရင်း…

"အခုလို အိတ်တွေအများကြီးနဲ့ဆိုတော့ အသံတွေ ပိုကောင်း တာပေါ့၊ အကြောကြီးလည်း သီချင်းဆိုနိုင်တာပေါ့ဗျာ… ဟုတ်လား"

လို့ပြောပြီး ထွက်ခွာသွားကြသတဲ့။

လောဘကြီးတဲ့ဒုတိယအဘိုးအိုခမျာ မူလရှိပြီးသားထက်ပိုပြီး အသားဘုတစ်ခုတိုးပြီး ဘုကြီးနှစ်ဘုဖြစ်သွားတဲ့အမြတ်ပဲ ရလိုက်သတဲ့ ကွယ်။

❋ ❋ ❋

## အဖေမေတ္တာသား

တစ်ခါတုန်းကပေါ့ကွယ်…

ရွာတစ်ရွာမှာ ကိုချစ်စရာနဲ့ မစိတ်ကောင်းဆိုတဲ့ လင်မယားနဲ့ အတူ သားလေးမောင်ဆိုးပေဆိုတာရှိသတဲ့။ သူတို့တစ်တွေဟာ လယ်ကူလီ၊ သူရင်းငှားဘဝနဲ့ အသက်မွေးကြရတာမို့ ဆင်းရဲနွမ်းပါး ကြသတဲ့။ အဲသလို ဆင်းရဲနွမ်းပါးတဲ့အထဲမှာ ကိုချစ်စရာရဲ့ဖခင်ဖြစ် သူဟာ အသက်အရွယ်ကြီးရင့်လာပြီမို့ ဘာအလုပ်မှ မလုပ်နိုင်တော့ ဘဲ သားနဲ့ချွေးမတို့ရဲ့လုပ်စာကိုစားပြီး မှီခိုနေရတဲ့ အဘိုးအို တစ်ယောက်လဲ ရှိသတဲ့။ စုစုပေါင်း မိသားစုလေးဦးနေထိုင်ကြတဲ့ အိမ်ကလေးပေါ့ကွယ်။

စားဝတ်နေရေးက ကျပ်တည်းလာတာနဲ့အမျှ ဝင်ငွေက နည်းလာတော့ အိမ်မှာမှီခိုနေရတဲ့ဒုက္ခိတအဘိုးအိုကြီးဟာ လူပိုလူလျှံ တစ်ဦးဖြစ်နေရှာတာပေါ့ကွယ်။ ဟိုတုန်းကတော့ အဘိုးအိုဟာ

www.burmeseclassic.com



အင်မတန်သန့်စွမ်းတဲ့ လယ်သမားကြီးပေါ့။ သူ့လယ်တွေက စပါး အထွက်ကောင်းလွန်းလို့ လူငှားတွေ၊ ကျွဲနွားတွေနဲ့ မနိုင်မနင်းလုပ်ကိုင် ခဲ့ရတာပေါ့။ အိမ်ထဲကစပါးကျီတွေမှာလည်း စပါးတွေအပြည့်၊ တစ်ယောက်တည်းမွေးထားတဲ့သားလေးကိုလည်း ရွှေ၊ ငွေ၊ အဝတ် အစား ဘာမှလိုလေသေးမရှိဘူးတဲ့။

သားဖြစ်သူ အိမ်ထောင်ပြုတော့လည်း တစ်ရွာလုံးမှာ တစ်ခါမှ မကြုံဘူး၊ မတွေ့ဘူးတဲ့ အခမ်းအနား၊ အကြီးကျယ်ဆုံး မင်္ဂလာဆောင် ကြီးတစ်ခုဖြစ်အောင်လည်း လက်ထပ်ပေးခဲ့ရှာတယ်။ ဒါပေမယ့် ဖခင် ဖြစ်သူဟာ အိုမင်းမစွမ်းဖြစ်လာလို့ ဘာမှမလုပ်နိုင်၊ မကိုင်နိုင်တဲ့ဘဝ မှာတော့ ဖခင်ဖြစ်သူဟာ ရောဂါသည်တစ်ဦးလိုပဲ။ အိပ်ယာထဲမှာ နေရတော့တာပေါ့။

ဒီလိုနဲ့နေလာလိုက်ကြတာ နှစ်တွေကြာလာပြီဆိုတော့ ဖခင် ဖြစ်သူက ချွေးမကိုအားနာလာရှာတယ်။ စိတ်လည်း ဆင်းရဲလာတယ်။ အသက်အရွယ်ကြီးလာတဲ့ ဖခင်အိုဟာ သားနဲ့ချွေးမတို့ရဲ့အကူအညီကို အလွန်လိုအပ်နေတာပေါ့။ သားနဲ့ချွေးမကလည်း ဘာအကူအညီမှ လုံးဝမပေးချင်တော့ဘူးတဲ့။ ကျွေးလည်းမကျွေးချင်တော့ဘူးတဲ့ကွယ်။ ဂရုစိုက်မှုလည်း မရှိ၊ ကျွေးသမျှလေးကိုပဲ ဝသည်ဖြစ်စေ မဝသည်ဖြစ် စေ စားရရှာတယ်။ ဆင်သမျှကိုပဲ လိုက်သည်ဖြစ်စေ၊ မလိုက်သည် ဖြစ်စေ၊ လုံသည်ဖြစ်စေ မလုံသည်ဖြစ်စေ ဝတ်ရရှာတယ်တဲ့ကွယ်။



မကြာခဏဆိုသလိုပဲ အအေးမိတာ၊ ခေါင်းကိုက်တာတွေနဲ့ ခံစားနေရပြီး အမြဲတမ်းလည်း ဆာလောင်မွတ်သိပ်နေရှာသတဲ့။

အဲဒီအဖြစ်ကို နေ့စဉ်တွေ့မြင်နေရတဲ့ မြေးကလေးဆိုးပေက အဖိုးဖြစ်သူရဲ့ဘဝကို စိတ်မကောင်းဖြစ်မိရှာသတဲ့။ ဝမ်းနည်းမှုတွေနဲ့ အတူ သူ့အတွက်စားဖို့ ဝေစုရထားတဲ့ အစားအစာလေးတွေ၊ မုန့်ပဲ သွားရည်စ ထမင်းတွေကို သူ့အဖိုးကိုကျွေးလေ့ရှိသတဲ့။ အဲသလို ကျွေးတဲ့အခါမျိုးမှာ သူ့အမေက ...

"မင်းက မိဘအရှက်ကွဲအောင် လုပ်တာလား၊ မင်းအဘိုးကို ငါတို့က လိုလေသေးမရှိ ဝအောင် အိအောင်ကျွေးထားတာ၊ကောင်းမွေ ကောင်းကွေတွေကိုသူ့ကျွေးပြီး တို့က မကောင်းတာတွေကို စားနေရတာ"

လို့ ဘေးပတ်ဝန်းကျင်တွေကြားအောင် အော်ပြောလေ့ရှိသတဲ့။

ဆိုးပေရဲ့အဖေ ကိုချစ်စရာနဲ့ အမေဖြစ်သူ မစိတ်ကောင်းတို့ရဲ့ ကျွေးမွေးမှုတွေကို သားဖြစ်သူမောင်ဆိုးပေကသိနေတော့ သူတို့အလစ် မှာ သူ့အဘိုးကို ကျွေးနေတတ်တယ်တဲ့။ တစ်ခါတစ်လေမှာ အဘိုးကို ကျွေးရမလားဆိုပြီး အရိုက်အနှက်တောင် ခံရသေးတယ်တဲ့ကွယ်။

အသက်ကြီးတဲ့လူကြီးဆိုတာတာလည်း အလိုကျနိုင်ခဲတယ် မဟုတ်လား။ အဲသလိုအလိုမကျတိုင်း ဆူဆူပူပူလည်း လုပ်လေ့ရှိတာ၊ အသက်ကြီးသူတို့ထုံးစံဆိုတော့ မောင်ဆိုးပေရဲ့အဘိုးဟာလည်း လူကြီး သဘာဝ ဆူပူမိတာပေါ့။

www.burmeseclassic.com



အဲသလိုဆူပူတဲ့အခါတွေမှာ ချေးမဖြစ်သူ မစိတ်ကောင်းက

"လူကြီးများ အသက်ကြီးလေ အလုပ်ပိုရှုပ်လေပဲ၊ လူပျင်းဆေး သောက် နွားပျင်းတော့ သေးပေါက်သတဲ့၊ ကျုပ်တို့အိမ်က ယောက္ခမ အဘိုးကြီးတို့များ ဆေးလိပ်လဲသောက်ပ၊ သေးကလည်းပေါက်နိုင်ပ၊ ဘုရား ကျောင်းကန်သွားဖို့၊ ဥပုဒ်သီတင်းလေးကာလေးစောင့်ဖို့တော့ စိတ်မကူးဘူး၊ အလကားနေရင်း သားနဲ့ချေးမကို မြီတွန်နေတာပဲ။ မကောင်း ကောင်းကြောင်း စားနေတာပဲ"

လို့ အော်ကျယ်အော်ကျယ် ပြောဆေးသတဲ့။

ယောက္ခမနှင့်ချေးမဆက်ဆံရေးက တစ်နေ့တစ်ခြား ပိုဆိုးလာသလို သားနှင့်ဘခင်တို့ဆက်ဆံရေးကလည်း ချောမွေ့ကြည်လင်မရှိတော့ စေတနာလည်း ခေါင်းပါးကုန်တာပေါ့။ ဒီတော့ အဘိုးအိုကြီးအား ဝေးလံသောတစ်နေရာသို့ စွန့်ပစ်ထားကြရန် တိုင်ပင်ကြတော့သတဲ့။ ဇနီးဖြစ်သူလည်း ယောက္ခမကိုမျက်မုန်းကျိုးနေသူပီပီ လင်ယောက်ျားကို မာယာမျိုးစုံနှင့် သွေးဆောင်တော့တာပေါ့ကွယ်။

"မနက်ဖြန်ကျရင် ငါ ဈေးသွားမယ်၊ လူတစ်ယောက်စာဝင်လို့ ဆန့်တဲ့ ခြင်းကြားတောင်းကြီးတစ်လုံးဝယ်မယ်၊အဖေ့ကိုခြင်းတောင်းထဲ ထည့်ပြီး ဝေးရာကို ငါသွားပြီးပစ်ထားခဲ့မယ်၊အဲဒါမကောင်းဘူးလား"

လို့ ဇနီးကိုတိုင်ပင်သတဲ့။ ဇနီးကတော့ ဘာမှမပြောချင်သလို မာယာလုပ်နေတာပေါ့။ ဒါနဲ့ ယောက်ျားကဆက်ပြီးပြောသတဲ့။



"ရွာနဲ့ဝေးဝေး ဟိုအဝေးကြီးထိသွားပြီး ငါပစ်ထားမယ်ဟာ၊ သစ်ပင်ရိပ်ကောင်းကောင်းမှာ ပစ်ထားခဲ့မယ်၊ တစ်ခြားစေတနာ ကောင်းသူနဲ့တွေ့ရင်လဲ သူကံကောင်းတာပေါ့. . နင် ကျေနပ်ရဲ့လား၊ နင် စိတ်ချမ်းသာရင် ပြီးတာပါပဲ" အဲဒီတော့မှ မိန်းမဖြစ်တဲ့သူက. . .

"အိမ်နီးချင်းတွေမသိမှ ဖြစ်မှာနော်၊ တော်အဖေကို မမြင်ကြရင် မေးကြလိမ့်မယ်၊ အဲဒီကျရင် ကျုပ်တို့ ဘယ်လိုပြောကြမှာတုန်း"

လို့ စိုးရိမ်စွာ ပြန်မေးသတဲ့။ ယောက်ျားက. . .

"အို သူ့ဆွေမျိုးတွေရှိတဲ့နေရာကို လိုက်သွားတယ်။ ဟိုမှာ ဥပုဒ်စောင့်ရင်း ပျော်သလောက်နေလိမ့်မယ်လို့ ဖြေလိုက်ကြတာပေါ့"

သူတို့လင်မယားနှစ်ယောက် တိုင်ပင်နေသံတို့ သားလေး မောင်ဆိုးပေက အိပ်ချင်ယောင်ဆောင်နေရာကနေ ကြားသတဲ့ကွယ်။ သူတို့ကတော့ မောင်ဆိုးပေကို သတိမထားမိကြဘူးပေါ့။ နောက်တစ်နေ့ သူ့အဖေကိုချစ်စရာ ခြင်းကြားတောင်းကြီးအဝယ်သွားတော့မှ သားဖြစ်သူမောင်ဆိုးပေက သူ့အမေကို မေးတယ်။

"အမေရယ် အဘိုးကိုဘာပြုလို့ လူမရှိတဲ့တောထဲမှာ သွားပြီးပစ်ထားမှာလဲ"

သားရဲ့အမေးကြောင့် အမေဖြစ်သူလည်း ပျာပျာသလဲဖြစ်သွားပြီး သားကိုမဟုတ်တဲ့အကြောင်း ချော့မော့သတဲ့။ တစ်အိမ်လုံးက အလုပ်တွေများလွန်းလို့ သားရဲ့အဘိုးကို မစောင့်ရှောက်နိုင်ကြောင်း၊

www.burmeseclassic.com



အဘိုးဟာ ခုချိန်မှာ ပြုစုစောင့်ရှောက်ဖို့လိုအပ်ကြောင်း ဒါကြောင့် ဂရုတစိုက်စောင့်ရှောက်မယ့်လူရှိတဲ့နေရာကို ပို့ဖို့စီစဉ်ရကြောင်းဆိုပြီး သားကို ချေးသိပ်သတဲ့။

"သားရဲ့ဘိုးဘိုးက ဟိုးအဝေးကြီးပို့ပေမယ့် ဟိုမှာ ဂရုစိုက်ပြုစုမဲ့လူတွေ ရှိမှာပါသားရယ်…မပူပါနဲ့"

လို့ ချော့ပြီး သိပ်လိုက်သတဲ့ကွယ်။

ညနေမိုးချုပ်တော့ မောင်ဆိုးပေရဲ့အဖေ ကိုချစ်စရာဟာ ရောမ ခြင်းကြားတောင်းကြီးနဲ့အတူ အိမ်ကိုပြန်လာတယ်။ အိမ်နီးချင်းတွေ ရိပ်စားမိကုန်မှာစိုးလို့ ဘာမှမလုပ်ကြသေးဘဲ ညဉ့်နက်သထက်နက် အောင် မှောင်တဲ့အထိ စောင့်ဆိုင်းနေကြသတဲ့။ အဘိုးအိုကတော့ ဘာမှမသိရှာဘူးပေါ့ကွယ်။

လူခြေတိတ်ဆိတ်တဲ့အချိန်ရောက်လောက်ပြီဆိုတော့မှ ကိုချစ်စရာနဲ့ မစိတ်ကောင်းတို့လင်မယားနှစ်ယောက် သူတို့ရဲ့အကြံအစည်ကို စတင်အကောင်အထည်ဖော်ကြသတဲ့ကွယ်။ ဒီအထဲမှာ အမိက အားစိုက်ခွန်စိုက်လုပ်သူကတော့ အဘိုးကြီးရဲ့သား ကိုချစ်စရာပေါ့။

ကိုချစ်စရာက အိပ်ပျော်နေတဲ့သူ့အဖေကို ခြင်းကြားတောင်းကြားထဲကို ထည့်လိုက်သတဲ့။ အသတ်အရွယ်ကလည်းကြီး၊ ကျန်းမာရေးကလည်းမကောင်းရှာတဲ့ အဘိုးအိုကြီးခမျာ သားကမ္မပြီး တောင်းကြီးထဲလဲ ထည့်လိုက်ရော လန့်ဖြန့်ပြီးနိုးသွားတော့တာပေါ့။ ဒီတော့မှ



အဘိုးအိုခမျာ ပျာပျာသလဲဖြစ်ပြီး

"ငါ့ကို ဘာလုပ်မလို့လဲကွ၊ ငါ့ကို ဘာလုပ်မလို့လဲကွ"

လို့ဆိုပြီး တုန်တုန်ယင်ယင်ကြောက်ကြောက်လန့်လန့် မေးရှာသတဲ့။ ဒီတော့မှ သားက…

"အဖေရယ်…အေးအေးဆေးဆေးသာလိုက်ခဲ့ပါ၊ အဖေ့ကို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြစ်မယ့်နေရာ ပြုစုစောင့်ရှောက်မယ့်သူ ရှိတဲ့နေရာကို ကျွန်တော်ခေါ်သွားမှာပါ"

သားက အဲသလိုပြောပြီးခေါ်ပေမယ့် အဘိုးအိုကြီးကတော့ သိသတဲ့။ ကိုယ်မွေးထားတဲ့သားရဲ့စိတ်နဲ့ ချွေးမရဲ့စေတနာကို ရိပ်မိတာပေါ့။ ဒေါသလည်း ထွက်မိတာပေါ့။

"ဟဲ့…လူမိုက် မင်းကိုတစ်သက်လုံး လူဖြစ်အောင် ငါလုံးကျွေးခဲ့ရတဲ့ကျေးဇူး၊ လယ်ပိုင်၊ ယာပိုင်ဖြစ်အောင် လုပ်ပေးခဲ့တဲ့ ကျေးဇူးကိုတောင် မထောက်တော့ဘူးလား၊ အဝိစီငရဲမှာ မင်း တစ်သက်လုံးနေရမှာ မကြောက်ဘူးလား"

ဖခင်ဖြစ်တဲ့အဘိုးအိုကြီးဟာ သားကို ဒေါသလည်းဖြစ်၊ အကုသိုလ်ကံကြောင့်အဝိစီငရဲကျမှာလည်းစိုးရိမ်။သူ့ကိုတောထဲတောင်ထဲမှာ တစ်ယောက်ထဲထားခဲ့မှာကိုလည်း ကြောက်လန့်တဲ့စိတ်တွေကြောင့် တုန်တုန်ယင်ယင်ဖြစ်နေရှာတာပေါ့။ နောက်ပြီးတော့ မိုက်မဲတဲ့ သားနဲ့ချွေးမကိုလည်း အပြစ်ပြောပြီး ကြိမ်းမောင်းဆဲဆိုမိသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲသလို ကြိမ်းမောင်းလေ သားဖြစ်သူကလည်း ဒေါသထွက်လာလေလေဖြစ်ပြီး အဘိုးအိုကြီးကို ဇွတ်အတင်းတောင်းထဲထည့်၊ တောင်းပေါ်မှာ အဝတ်ကြီးအုပ်ပြီး မှောင်မဲတိတ်ဆိတ်တဲ့လမ်းအတိုင်း လူသူမရှိတဲ့တောကြီးဆီသို့တရွေ့ရွေ့ထမ်းလာခဲ့သတဲ့ကွယ်။ သူ အဲသလိုထမ်းလာတာကို နောက်ကနေပြီးသားဖြစ်သူမောင်ဆိုးပေကခြေသံမကြားအောင် တိတ်တိတ်ကလေးလိုက်လာနေတာ သူလုံးဝမသိဘူး။

ဒီလိုနဲ့ တောထဲကိုရောက်စပြုလာတော့ သားလေးက ခြေသံ၊ ချောင်းသံပေးသတဲ့။ ရှေ့ကတောင်းကြီးထမ်းသွားတဲ့အဖေက လှည့်ကြည့်တော့ သူ့သားငယ်ကို တွေ့တာပေါ့။

"ဟဲ့…လူလေး ကြည့်စမ်း မှောင်ကြီးမည်းကြီးထဲ မင်းဘာလို့ အဖေ့နောက်လိုက်လာရတာလဲကွယ်…သွား သွား ပြန်"

အဲသလိုနှင်လွှတ်ပေမယ့် သားလေးမောင်ဆိုးပေက မပြန်ဘူးတဲ့။ ပြီးတော့ သူ့အဖေကို လှမ်းပြောတယ်။

"ကျွန်တော်လဲ လမ်းသိအောင်လို့ပါအဖေ"

တဲ့။ ဒါကို သူ့အဖေက သဘောမပေါက်ဘူး။

"ပြီးတော့ အဖေ့ကိုမှာရဦးမယ်၊ အဘိုးကိုထားပြီးခဲ့ရင် အဲဒီခြင်းကြားတောင်းကြီးလည်း ပြန်ယူခဲ့နော်"

လို့ အော်ပြီးမှာလိုက်သေးသတဲ့။ ဒီတော့လည်း သူ့အဖေက

"လူလေးနယ် ဒီတောင်းကြီးကို ဘာလုပ်မှာလဲလို့ မေးမြန်းသတဲ့"



"အဖေက အဖေ့ရဲ့အဖေကို တောင်းထဲထည့်ပြီး တောထဲမှာစွန့်ပစ်သလိုကျွန်တော်ကလည်းကျွန်တော့်အဖေကိုဒီလိုပဲလုပ်ရဦးမှာလေ"

လို့ ပြောလိုက်သတဲ့။ ဒီတော့မှ ကိုချစ်စရာလည်း သဘောပေါက်သွားပြီး သူ့ဖခင်ကို သနားကြင်နာစွာနဲ့ အိမ်ကို ပြန်ထမ်းခေါ်လာတော့သတဲ့ကွယ်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# နတ်မြင်းပျံ

တစ်ခါတုန်းက နယ်စားကြီးတစ်ဦးပိုင်တဲ့ ဇရာမခြံဝန်းကြီးထဲမှာ ဖိုးတေဆိုတဲ့လူတစ်ယောက်ဟာ အလုပ်သမားအဖြစ် လုပ်နေသတဲ့။

သူ့အလုပ်တွေက နယ်စားကြီးပိုင်တဲ့မြင်းတွေကို နေ့စဉ် အစာကျွေးရတယ်၊ လမ်းလျှောက်ပေးရတယ်၊ အမွေးတွေကို ဖီးသင်ပေးရတယ်။ ပြီးတော့ စားကျက်မှာလွှတ်ပေးရတယ်ကွဲ့။ နယ်စားကြီးမှာ နွားတွေကလည်းရှိတော့ စားကျက်မြက်ခင်းကြီးကလည်း အကျယ်ကြီးပဲတဲ့၊ အဲဒီစားကျက်ထဲမှာ စမ်းချောင်းကလေးတွေ၊ ပန်းခင်းကလေးတွေလည်းရှိသတဲ့၊ ဖိုးတေက နွားတွေမြင်းတွေနဲ့ အလုပ်ရှုပ်နေတဲ့ အချိန်မှာ ဖိုးတေရဲ့မိန်းမ မစပ်စုကလည်း နယ်စားကြီးရဲ့ မီးဖိုချောင်မှာ ထမင်းဟင်းချက်တဲ့အလုပ်ကို လုပ်ရသတဲ့။

ဒီလိုနဲ့ နေလာလိုက်ကြတာ၊ တစ်နေ့ကျတော့ ဖိုးတေဟာ



သူ့အလုပ်တွေပြီးလို့ စားသောက်ပြီးတာနဲ့ စမ်းချောင်းကလေးရဲ့အနားမြက်ခင်းထဲမှာ လမင်းကြီးကိုကြည့်ရင်း အိပ်ပျော်သွားပါရောတဲ့၊ အိပ်ပျော်သွားရာကနေပြီး သူ့နားထဲမှာ မြင်းဟည်းသံတိုးတိုးကို ကြားလာတာနဲ့ ဖျတ်ခနဲ လန့်နိုးလာသတဲ့။ လင်းထိန်နေတဲ့ လရောင်ရဲ့အောက်မှာ မြက်ခင်းစိမ်းစိမ်းကြီးကိုပဲ မြင်ရသတဲ့၊ အနီးအနားမှာလည်း ဘာသတ္တဝါတစ်ကောင်ကိုမှ မတွေ့ရဘူးတဲ့။ ဒါပေမယ့် မြင်းဟည်းသံကတော့ ကြားနေရတုန်းပေါ့လေ။ မသင်္ကာဖြစ်လာတာနဲ့ အပေါ်ကိုမော့ကြည့်လိုက်တော့ ကောင်းကင်ကနေပြီး တဖြည်းဖြည်းကျလာတဲ့ မြင်းဖြူကြီးတစ်ကောင်ကို မြင်ရသတဲ့။

မြင်ရတဲ့မြင်းကြီးကသာမာန်မြင်းမျိုးလိုမဟုတ်ဘူး။တစ်ကောင်လုံးဆွတ်ဆွတ်ဖြူပြီး အတောင်ပံအဖြူရောင်နှစ်ဖက်ကလည်း ဖြေးဖြေးချင်း ခတ်နေသတဲ့၊ မြင်းကြီးကျလာပုံကလည်း တရွေ့ရွေ့တဖြေးဖြေးမို့ ဖိုးတေလည်း အသာလေး ငေးကြည့်နေသတဲ့။ မြင်းဖြူကြီးဟာ စားကျက်မြက်ခင်းနံဘေးက ရောင်စုံပန်းခင်းကြီးရဲ့အလယ်ကို ကျသွားပြီး ဖြေးဖြေးချင်းလျှောက်လို့ ပန်းပွင့်တွေကို ညင်ညင်သာသာ ကိုက်ဖြတ်ဝါးစားနေတာကို တွေ့ရသတဲ့ကွယ်။

ဖိုးတေကလည်း ပုံပြင်တွေ၊ ဒဏ္ဍာရီတွေထဲမှာသာကြားဖူးတဲ့ နတ်မြင်းပျံဆိုတာကို တကယ်မြင်ဖူးပြီဆိုပြီး ဝမ်းသာနေတာပေါ့၊ ကြည့်လို့အားမရတာနဲ့ အနားကို မသိမသာတိုးကပ်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မြင်းဖြူကြီးကလည်း ဖိုးတေကပ်လာတာကို မမြင်ဘူး။ ဖိုးတေကလည်း လောဘတကြီးကပ်သွားလိုက်တာ မြင်းကြီးရဲ့နံဘေးနားကို ရောက်သွားပါရောတဲ့။

ဒီတော့မှ မြင်းကြီးလည်း တောင်ပံဖြူဖြူကြီးကိုဖြန့်၊ တိုးတိုးလေးတစ်ချက်ဟည်းပြီး ကောင်းကင်ကိုပျံတက်ဖို့ အားယူလိုက်သတဲ့၊ ဒီတော့မှ ဖိုးတေလဲ မြင်းပျံကြီးကို နှမြောတဲ့စိတ်နဲ့ လုပ်မိလုပ်ရာကို လုပ်လိုက်တာ မြင်းပျံကြီးရဲ့အမြီးကို ဆွဲမိသွားသတဲ့၊ မြင်းပျံကြီးအပေါ်တက်သွားတော့ ဖိုးတေလည်း လေထဲမှာ တိမ်လွှာကလေးလွင့်သလို ပါသွားတော့တာပေါ့။ သူ့စိတ်ထဲမှာသာ ပင်ပန်းမယ်ထင်နေတာ၊ တကယ်တန်းကျတော့ သက်သက်သာသာ ညင်ညင်သာသာလေး ပါသွားတာမို့ ဖိုးတေအံ့အားသင့်နေသတဲ့။ အစတော့ မြေပြင်နဲ့ ဝေးဝေးလာရင် ကြောက်စိတ်ပြင်းထန်နေပေမဲ့ မြင့်တက်လာတဲ့အခါကျတော့ ကြောက်စိတ်တွေပျောက်ပြီး ပျော်လို့တောင်လာသတဲ့။

သူနေတဲ့ မြက်ခင်းကြီး၊ ရွာနဲ့လယ်ကွင်းတွေဟာ တဖြေးဖြေးချင်း သေးငယ်သွားလိုက်တာ နောက်ဆုံးကျတော့ ဘာမှမမြင်ရတော့ဘူးတဲ့၊ သူမြင်နေရတာက နယ်စားကြီးနဲ့ ရှင်ဘုရင်ကြီးပိုင်တဲ့ ဥယျာဉ်တော်ထက် အဆပေါင်းများစွာသာတဲ့ ဥယျာဉ်ကြီးကိုပဲ မြင်ရသတဲ့၊ နတ်မြင်းပျံကြီးဟာ ဥယျာဉ်ထဲရောက်တော့ ဖြေးဖြေးလေး



ဆင်းပြီး သူနေတဲ့ ဖန်သားလိုဖြူပြီးကြည်နေတဲ့ဂူကြီးထဲကို ဖြေးဖြေးလေးဝင်သွားသတဲ့၊ ဖိုးတေလည်း ကြောက်ကြောက်နဲ့ ဂူဝမှာ ငိုင်ကျန်ရစ်ခဲ့တာပေါ့ကွယ်။

ဥယျာဉ်ထဲကိုကြည့်မိတော့ ပန်းပွင့်ရောင်စုံကြီးတွေကလည်း လှုပြည်ကပန်းပွင့်တွေထက် ပိုပြီး ပိုလှပိုမွှေးကြသတဲ့၊ အသီးအနှံမျိုးစုံကလည်း အကြီးကြီးတွေတဲ့၊ ဇီးပင်က ဇီးသီးတစ်လုံးကို ဆွတ်ယူကြည့်လိုက်တော့ သူ့လက်နဲ့ တစ်ဆုပ်မကဘူး ကြီးမားနေတာကို တွေ့ရလို့ အငန်းမရစားကြည့်လိုက်တော့ ရင်ထဲမှာချိုပြီး အေးသွားသတဲ့ကွယ်။ ဒါပေမယ့် ကြောက်တဲ့စိတ်က ဖြန်းကနဲပေါ်လာလို့ ငိုချင်စိတ်တွေတောင် ဖြစ်လာသတဲ့၊ သူ လူ့ပြည်ကို မပြန်တတ်တော့ဘူးလေ။

ဥယျာဉ်ထဲမှာ လျှောက်သွားချင်ပေမဲ့ ရဲရဲဝံ့ဝံ့လည်း မသွားဝံ့ဘူး၊ အိမ်မှာကျန်နေတဲ့ မြင်းတွေ၊ နွားတွေနဲ့အတူ သူ့မိန်းမ၊ မစပ်စုကိုလဲ လွမ်းနေတာကိုး။

ဒီလိုနဲ့ တစ်နေကုန်လို့ ညချမ်းပိုင်းထိ ဖိုးတေဟာ ဂူဝမှာပဲ မပျင်းမရိ ထိုင်နေရှာတယ်၊ ညချမ်းရောက်တော့ မြင်းဖြူကြီးဟာ ဂူထဲကထွက်လာပြီး တောင်ပံကိုဖြန့်လို့ ပျံသန်းမယ်အလုပ်မှာ ဖိုးတေက မြင်းကြီးရဲ့အမြီးကို အမိအရဆွဲလိုက်ပြန်သတဲ့၊ လှပတဲ့မြင်းကြီးဟာ တောင်ပံကိုဖြန့်၊ တိမ်တိုက်တွေကိုကျော်ပြီး လူ့ပြည်က ဖိုးတေနဲ့

www.burmeseclassic.com



တွေ့ခဲ့တဲ့နေရာကို ပျံဆင်းလာသတဲ့၊ ဒါနဲ့ ဖိုးတေလည်း အသာလေး ဆင်းပြီး သူ့မိန်းမရှိတဲ့တဲကလေးထဲကို ဒရောသောပါးပြေးပြီး နိုးသတဲ့။

သူ့မိန်းမလည်း နိုးလာတယ်ဆိုရင်ပဲ…

"ရှင် မနေ့ကတစ်နေ့လုံး ဘယ်သွားနေတာလဲ၊ ညကတည်းက ပြန်မလာဘူး၊ နယ်စားကြီးကစိတ်ပူလို့ တောနင်းပြီးလိုက်ရှာနေတယ်"

လို့ ပြောပြီး ငိုပါလေရောတဲ့။ ဒါပေမယ့် ဖိုးတေက သူရောက်ခဲ့တဲ့နေရာကိုမပြောဘဲ ပါလာတဲ့ဇီးသီးတစ်လုံးကို မိန်းမလက်ထဲ ထည့်ပေးလိုက်တယ်။ ရော့ နင်စားဖို့လို့ ပြောလိုက်သေးသတဲ့။ မိန်းမလည်း ဒီလောက်ကြီးတဲ့ဇီးသီးကို မမြင်ဖူးတော့ လန့်သွားတာပေါ့။ စားကြည့်တော့လဲ အရသာကကောင်းလွန်းနေတာမို့

"ဒါကိုရှင်ဘယ်ကရသလဲ၊ ဘုရင့်ဥယျာဉ်က ခိုးလာတာလား"

လို့ မေးသတဲ့။

"လူ့ပြည်မှာတောင် ဒီလိုဇီးသီးမျိုး ရှိမယ်မထင်ပါဘူး မိန်းမရာ။ စကားမများနဲ့ စားမှာသာစားပါ၊ အဆိပ်မပါပါဘူး"

လို့ ပြောပြီး မောမောနဲ့ဝင်အိပ်တော့တာပါပဲတဲ့၊ မိန်းမခမျာတော့ ကြောက်ကြောက်လန့်လန့်ပေါ့။



## ဒုတိယအခေါက်လိုက်သွားခြင်း။

ဖိုးတေဟာ သူရောက်ခဲ့တဲ့နေရာအကြောင်းကို ဘယ်သူ့ကိုမှ မပြောပဲ ရေငုံနှုတ်ပိတ်နေလိုက်သတဲ့။ သူ့အလုပ်ရှင်နယ်စားကြီးက သူတစ်ညနဲ့တစ်နေ့လုံး အိမ်ကပျောက်သွားတဲ့အကြောင်းကို မေးတဲ့အခါကျတော့ သူငယ်ချင်းတွေနဲ့အလည်သွားရာက ပျော်ပွဲရှင်ပွဲတစ်ခုကိုရောက်သွားပြီး အိပ်ပျော်သွားမိတယ်လို့ ညာလိုက်သတဲ့။

ခါတိုင်းလိုပဲ သူလုပ်နေကျအလုပ်ကို လုပ်နေပေမယ့် စိတ်ကတော့ သူရောက်ခဲ့တဲ့ဥယျာဉ်ကြီးနဲ့ သူစီးခဲ့တဲ့မြင်းပျံကြီးကိုပဲ မြင်ယောင်တမ်းတနေတော့တာပေါ့ကွယ်။

နောက်တစ်လ လပြည့်ညမှာ မြင်းပျံကြီးရောက်လာပြန်သတဲ့၊ အရင်တစ်ခါတုန်းကလိုပဲ မြက်နုနုလေးတွေကို ဖြေးဖြေးအေးအေးနဲ့ စိမ်ပြေနပြေစားပြီး ဖိုးတေအနားကပ်တာကိုတောင် ဂရုမပြုတော့ပဲ နေသတဲ့၊ ညလယ်လောက်ကျတော့ မြင်းဖြူကြီးဟာ သူ့ရဲ့လှပဖြူဖွေးတဲ့အတောင်ကြီးကို ဖြန့်ပြီး ပျံတက်သွားပြန်ပါရောတဲ့၊ ဖိုးတေဟာလည်း မြင်းကြီးရဲ့အမြီးကိုဆွဲပြီး ပါသွားပြန်တာပေါ့။

အခုတစ်ခါတော့ လုံးဝမကြောက်လန့်တော့တဲ့ ဖိုးတေဟာ အောက်မှာ ကျန်ရစ်ခဲ့တဲ့ရှုခင်းတွေ၊ လယ်ကွင်းတွေ၊ မြက်ခင်းတွေကို တဝကြီးကြည့်ရင်း ပါသွားသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ကြီးကိုရောက်တဲ့အခါကျတော့ မြင်းဖြူကြီးဟာ ဂူထဲကိုဝင်သွားပြန်တယ်။ ပြန်ထွက်လာမဲ့အချိန်ကိုသိနေတဲ့ ဖိုးတေဟာ ဥယျာဉ်ကြီးထဲကို လမ်းအမှတ်အသားတွေလုပ်ပြီး လျှောက်လည်ကြည့်သတဲ့။

မွေးကြိုင်နေတဲ့ပန်းပွင့်ရောင်စုံတွေ ခူးသူမရှိလို့ ကြွေကျနေကြတဲ့ပန်းပွင့်ကြီးတွေကလည်း ပန်းကော်ဇောကြီး ခင်းထားသလို နင်းရက်စရာတောင် မရှိဘူးတဲ့၊ သစ်သီးမျိုးစုံကလည်း လှူပြည်က သစ်သီးတွေထက် အဆမတန်ကြီးထွားပြီး လှပနေသတဲ့၊ ငှက်ကလေးတွေကလည်း ရောင်စုံအမွေးတောင်လေးတွေကိုယ်စီနဲ့ ပျံသန်းနေကြပြီး ရှဉ့်ကလေးတွေ၊ ယုန်ကလေးတွေကလည်း အရောင်မျိုးစုံနဲ့ သိပ်ယဉ်ပါးကြတာပဲတဲ့။

'အော်…လှူပြည်မှာ လူဖြစ်ရတာချင်းအတူတူ ငါဟာ သိပ်ပြီး ကုသိုလ်ကံထူးလှပါလား၊ တကယ်လို့ ငါဒီမှာတစ်သက်လုံး နေလိုက်ရင်လည်း ဘာမှပူစရာမရှိဘူး' လို့တောင် တွေးမိသတဲ့။ ဒီလိုနဲ့ ဥယျာဉ်ထဲမှာစားလိုက်၊ တိရစ္ဆာန်ကလေးတွေနဲ့ ကစားလိုက်၊ ရေချိုးလိုက်၊ တရေးတမောအိပ်လိုက်နဲ့ အပျော်ကြီးပျော်နေတဲ့ဖိုးတေဟာ နောက်တစ်နေ့ည မြင်းကြီးထွက်လာတဲ့အချိန်ကျမှ မြင်းကြီးရဲ့အမြီးကိုဆွဲပြီး လိုက်လာသတဲ့။

သူရောက်သွားတဲ့အချိန်မှာ တစ်ရွာလုံး အိပ်မောကျနေတဲ့အချိန်



ပေါ့။ သူ့မိန်းမကတော့ မအိပ်သေးဘဲစောင့်နေသတဲ့။ သူ့ကိုလဲ အချိန်မတော်ကျမှ ပြန်လာရမလားဆိုပြီး ဆူပူကြိမ်းမောင်းလိုက် ငိုလိုက်နဲ့ အပြစ်တင်နေသတဲ့။

ဒီတစ်ခါတော့ ဖိုးတေဟာ သူ့မိန်းမကို သူ တွေ့ခဲ့ကြုံခဲ့တဲ့ အဖြစ်တွေကို ပြန်ပြောပြသတဲ့။ ပြီးတော့ သူ့မိန်းမကိုလည်း သူခူးလာတဲ့သစ်သီးတစ်ချို့ကိုပေးပြီး စားစေသတဲ့။ မိန်းမကတော့ အံ့ဩပြီးရင်း အံ့ဩရင်းပေါ့ကွယ်၊ ဒီအကြောင်း၊ ဒီအဖြစ်တွေကို နင်ဘယ်သူ့မှ မပြောရဘူးလို့လဲ နှုတ်ပိတ်ထားသတဲ့၊ မိန်းမကလည်း စိတ်ချပါတော်၊ ကျုပ် ဘယ်သူ့ကိုမှ မပြောပါဘူး၊ ကျိန်စာဆိုရဦးမလားလို့ ကတိတွေ အကာပ်ထပ်ပေးသတဲ့။ ဒါပေမယ့် မိန်းမသားဆိုတာကလည်း မပြောပါနဲ့ဆိုလေ ပြောချင်လေ၊ မသိချင်ပါနဲ့ဆိုလေ သိချင်လေဆိုတဲ့ သဘာဝရှိတယ်မဟုတ်လား။ ကတိတွေအထပ်ထပ်ပေးထားပေမဲ့ အခင်မင်ဆုံး သူငယ်ချင်းဖြစ်တဲ့ အိမ်ထဲကအလုပ်အတူလုပ်တဲ့မိန်းမကို ပြောပြမိသတဲ့။ ဒါပေမယ့် အပြောခံရတဲ့မိန်းမက မယုံပါဘူးလို့ပြောပြီး ရယ်ပါလေရော။

မယုံပါဘူးလို့ပြောတဲ့မိန်းမက ဈေးသွားရင်း တခြားမိန်းမတစ်ယောက်ကိုပြောသတဲ့။ အဲဒီလိုနဲ့ မိန်းမအချင်းချင်း လက်တို့ပြောရာကနေပြီး သူတို့ရဲ့ယောကျ်ားတွေပါ တဖြည်းဖြည်း သိကုန်ကြတာပေါ့။ ဒါကို ကာယကံရှင်ဖိုးတေကတော့ လုံးဝမသိဘူး၊ မယုံကြဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့လူတွေက နောက်တစ်ခါ မြင်းကြီးလာရင် ချောင်းကြည့်ကြမယ် ဟောလို့လဲ တိုင်ပင်ထားကြသတဲ့။

## တတိယအကြိမ်ရောက်ရှိသွားခြင်း

နောက်တစ်ခါလပြည့်နေ့ကျတော့ ဖိုးတေဟာ မြင်းကြီးအလာကိုစောင့်ဖို့အတွက် မိန်းမဖြစ်သူကိုထားခဲ့ပြီး အိပ်ယာထဲက တိတ်တိတ်ကလေး ထသတဲ့။ မိန်းမလုပ်တဲ့သူကလည်း ဒီတစ်ခါတော့ အိပ်ချင်ယောင်ဆောင်နေတာပေါ့။ ဖိုးတေလည်း ထသွားလို့ အချိန်နည်းနည်းလင့်ကာမှ မိန်းမဖြစ်တဲ့သူက အသာလေးထလိုက်သွားသတဲ့။ ဖိုးေမိန်းမနောက်ကနေပြီး အိမ်နီးချင်းမိန်းမနဲ့ သူတို့ယောကျ်ားတွေဟာလည်း နောက်က တိတ်တိတ်ကလေး လိုက်သွားကြတာပေါ့။

ဒါကို ဖိုးတေက လုံးဝမြင်လဲမမြင်၊ သိလည်းမသိဘူးကွဲ့။ နတ်မြင်းပျံကြီးလည်း အချိန်မှန်ရောက်လာရော ဆိုပါတော့ကွယ်။ ဖိုးတေဟာ မြင်းပျံကြီးအနားကိုသွားပြီး ချောင်းနေတုန်းမှာ နောက်က သူ့မိန်းမနဲ့အဖော်တွေကလည်း ချောင်းမြောင်းကြည့်နေကြသတဲ့။ မြင်းပျံကြီးလည်းပျံသွားရော၊ ဖိုးတေက မြင်းကြီးရဲ့အမြီးကို ဆွဲလိုက်သွားတယ်။ အဲဒီအချိန်မှာပဲ ပုန်းနေတဲ့ ဖိုးတေရဲ့မိန်းမကလည်း ဖြုန်းခနဲထပြီး ဖိုးတေရဲ့ခြေထောက်ကို ဆွဲလိုက်တယ်။ နောက်ကျန်နေ



တဲ့လူတွေကလည်း တစ်ယောက်ခြေထောက်ကို တစ်ယောက်ကဆွဲရင်း တသီတစ်တန်းကြီး ပါသွားပါလေရောတဲ့။ ဖိုးတေဟာ နောက်မှ လူတွေတသီတတန်းကြီးပါလာတာကို သိပေမယ့် တားဖို့အချိန် မရလိုက်တော့ဘူးတဲ့။

အဲသလိုတန်းလန်းကြီး အတွဲလိုက်ပါသွားရင်းကနေ နောက်ဆုံးကပါသွားတဲ့မိန်းမက နတ်ပြည်က ပန်းပွင့်ကြီးတွေ သစ်သီးတွေဟာ ဘယ်လောက်ကြီးသလဲဟင် ပြောပြစမ်းပါလို့ ရှေ့ကလူကို မေးသတဲ့။ ရှေ့ကလူကလဲ သူ့ရှေ့က လူကိုမေး၊ တစ်ဆင့်ပြီးတစ်ဆင့် မေးသွားလိုက်တာ ဖိုးတေဆီလဲရောက်ရော၊ ဖိုးတေက စိတ်ဆိုးဆိုးနဲ့

"ဟိုကျသိလိမ့်မယ်၊ စကားမများနဲ့"

လို့ ငေါက်လိုက်သတဲ့၊ ဒီလိုနဲ့ မြင်းပျံကြီးဟာ တော်တော်မြင့်မြင့် ဝေးဝေးကိုရောက်သွားကြသတဲ့။ နောက်ဆုံးကပါလာတဲ့မိန်းမကလည်း သူသိချင်တဲ့ပန်းပွင့်ကြီးတွေရဲ့ အရွယ်အစားကို ဇွတ်အတင်း တစ်ဆင့်ပြီးတစ်ဆင့် မေးနေတာပဲတဲ့။

ဒါနဲ့ စိတ်မရှည်တော့တဲ့ ဖိုးတေက

"အသာငြိမ်ငြိမ်နေပါဆို မနေဘူး၊ မိန်းမတွေဟာ အလွန်စပ်စုတယ်၊ နင်တို့သိချင်တဲ့ပန်းပွင့်ကြီးတစ်ပွင့်ရဲ့အရွယ်က ဟောသည်လောက်ရှိတယ်ဗျာ"

လို့ လက်နှစ်ဖက်ကို ဝိုင်းပြလိုက်သတဲ့။ သူက လက်ကိုဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်တော့ သူ့လက်က မြင်းအမြီးကို လွှတ်လိုက်ရတာပေါ့။ သူ့လက်လွှတ်လိုက်တယ်ဆိုရင်ပဲ သူ့ကိုတိုင်ထားတဲ့လူတွေဟာလဲ တစ်သီကြီးပြုတ်ကျလာသတဲ့ကွယ်။

ကလေးတို့ ဉာဏ်ရှိသလိုတွေးတောပြီး သင်ခန်းစာယူကြပေတော့နော်။

* * *

# ဘီလူးစားခံရသူများ

တစ်ခါတုန်းက အလွန်ထူထပ်တဲ့တောအုပ်ကြီးမှာ ဘီလူးကြီးတစ်ကောင်နဲ့ ညောင်ပင်စောင့်ရုက္ခစိုးနတ်တစ်ပါးတို့ အုပ်ချုပ်စိုးမိုးနေကြသတဲ့။

ဘီလူးကြီးကတော့ တောအုပ်အတွင်းမှာ ကြာပင်တွေပေါများတဲ့ရေကန်ကြီးတစ်ကန်ကို အပိုင်စားရထားတာမို့ ရေကန်ထဲကို ဆင်းမိတဲ့သူ ရေကို ချိုးမိသောက်မိတဲ့လူမှန်သမျှကို လူရယ်တိရစ္ဆာန်ရယ် ခွဲခြားမနေတော့ဘဲ ဖမ်းယူပြီး သတ်ဖြတ်ပြီးစားသောက်ပစ်သတဲ့။

ညောင်ပင်ကိုစောင့်ရတဲ့ရုက္ခစိုးနတ်ကတော့ သူ့ညောင်ပင်အောက်ကို ရောက်လာကြတဲ့သူတွေကိုပဲ ခြောက်လှန့်ဖမ်းစားပြီး သူ့ကိုပူဇော်ပသအောင် သွေးဆောင်သိမ်းသွင်းနေသတဲ့။

ဒီလိုနဲ့ ကိုယ့်ပိုင်နက်ကလေးမှာ ကိုယ်စွမ်းရှိသလောက် ကိုယ့်ဘဝကိုယ်ရပ်တည်နေလာလိုက်ကြတာ တစ်နေ့ကျတော့ ရေကန်စောင့်ဘီလူးကြီးက အရေးပေါ်ဘီလူးအစည်းအဝေးကိုသွားဖို့ ကြုံလာ

www.burmeseclassic.com

www.burmeseclassic.com



ပါလေရော။ ဒါနဲ့ ညောင်ပင်စောင့်ရက္ခစိုးကိုပဲ ခေတ္တတာဝန်ပေးပြီး အသေအချာမှာခဲ့သတဲ့။

"ကျုပ် ခရီးထွက်စရာရှိတယ် နတ်မင်း၊ မကြာခင်ပြန်လာမှာ။ ကျုပ်ပိုင်နက်ရေကန်ထဲကို ရောက်လာသမျှကို စားဆီးထားပါ၊ ခင်ဗျား အသားမစားတာ ကျုပ်သိတယ်၊ ကျုပ်ပိုင်နက်က ထွက်မသွား ရင်ပြီးရော၊ စိတ်ချပါရစေနော်၊ ကျုပ်အကြောင်းသိတယ်မဟုတ်လား"

အဲသလိုကြိမ်းမောင်းမှာကြားပြီး ဘီလူးကြီးအရေးပေါ် အစည်း အဝေးကို ထွက်သွားတယ်။ ဘီလူးဆိုတာက ကြမ်းတမ်းရက်စက်သူ ဆိုတော့ ရက္ခစိုးခမျာလည်း ဘာမှစောဒက မတက်ဝံ့ဘူး၊ ဟုတ်ကဲ့ပါ စိတ်ချပါဆိုပြီး တာဝန်ယူလိုက်ရတော့တာပေါ့။

ဒါပေမယ့် ရက္ခစိုးက သတိလစ်သွားတယ်၊ ဘီလူးပိုင်နက် ရေကန်ထဲကို ခရီးသွားတွေဆင်းပြီး ရေချိုးသွားကြတာ၊ ကြာနွယ်တွေ ချိုးသွားကြတာ၊ နွားတွေပါ ရေကန်ထဲဆင်းသွားကြတာတွေကို ညောင်ပင်စောင့်နတ်က မသိလိုက်ဘူး၊ သူ့ခမျာလည်း သူ့အပူနဲ့သူကိုး၊ ဘီလူးအစည်းအဝေးကပြန်လာတဲ့ ဘီလူးကြီးက သူ့ပိုင်နက်ရေကန် အခြေပျက်နေတာတွေတော့ ရက္ခစိုးကို လာပြီးကြိမ်းမောင်းခြိမ်းခြောက် တော့တာပေါ့။

"ခင်ဗျားကျုပ်ကိုပမာမခန့်လုပ်တာပဲ၊ခင်ဗျားတန်းကဒီလိုပဲလား" ဆိုပြီး ဒေါသတွေသိပ်ပြင်းထန်နေသတဲ့။ ဘယ်လိုမှမတတ်



နိုင်တဲ့အဆုံးမှာ ညောင်ပင်စောင့်ရက္ခစိုးလည်း ပြေလည်အောင်တောင်း ပန်ရတော့တာပေါ့။ ခင်ဗျားဖြစ်ချင်သလို ဖြစ်ရပါစေမယ်၊ လိုချင်တာ ပြောပါဆိုပြီး လိုက်လျောရသတဲ့ကွယ်။ ဒီတော့မှ ဘီလူးက

"ကျုပ်လူ့သားစားချင်တယ်၊ ခင်ဗျားရှာပေးပါ"

လို့ ခိုင်းပါလေရော။ ရက္ခစိုးကလည်း ကျုပ်တော့ ခေါ်မပေးနိုင် ဘူးဗျာ၊ ခင်ဗျားဘာသာသွားပါ၊ကျုပ်ကို ယုံယုံကြည်ကြည်နဲ့ကိုးကွယ် နေတဲ့ အိမ်တစ်အိမ်တော့ရှိတယ်။ ခင်ဗျားသွားဖမ်းပြီး စားပါလို့ ညွှန်လိုက်သတဲ့။ ဒါနဲ့ ဘီလူးလည်း အဲဒီရက္ခစိုးညွှန်ပြတဲ့ရွာကိုသွားပြီး စနည်းနာတာပေါ့။ ဘုရား၊ တရား၊ သံဃာနဲ့တစ်ကွ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်နေသူတွေရဲ့အိမ်များကိုတော့ ဘီလူးကြီးမကပ်နိုင်လို့ လက်လျှော့ရပြီး နတ်ကိုကိုးကွယ်သူတွေကိုတော့ ဘီလူးကြီးက ဖမ်းပြီး စားသောက် ဝါးမျိုပစ်လိုက်တာ၊ တစ်ရွာလုံးမှာ အိမ်ခြေလေးငါးအိမ်ပဲ ကျန်တော့သတဲ့ကွယ်။

အဲဒီပုံပြင်နဲ့ အလားတူတဲ့ပုံပြင်လေးတစ်ပုံ ရှိသေးတယ်ကွဲ့၊ တူ တူမလေးတို့ မကြာခဏကြားဘူးနေကြတဲ့ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး ဆိုတဲ့ပုံပြင်လေးပေါ့။ ဦးဦးက ဒီပုံပြင်လေးကို တစ်လက်စတည်း ပြောပြမယ်၊ ဗဟုသုတပေါ့ကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ကျားကြောက်လို့ရှင်ကြီးတော်ဦး ရှင်ကြီးမကျားဘောက်ဆိုး

တစ်ခါတုန်းက သစ်ခုတ်သမားနှစ်ယောက်ဟာ တောထဲမှာ လိုချင်တဲ့သစ်တွေကို ရှာဖွေခုတ်သင်ပြီး စုဆောင်းနေကြရာက အချိန်လွန်ပြီး ညဦးနက်သွားသတဲ့၊ ရွာနဲ့တောကလည်း ခရီးကဝေးကွာလွန်းတော့ ပြန်ကြဖို့ရာ မလွယ်ကူကြဘူးဖြစ်နေတာပေါ့။

ဒါနဲ့ပဲ မထူးပါဘူးလေဆိုပြီး တောထဲမှာပဲအိပ်ဖို့ ဆုံးဖြတ်ကြတော့သတဲ့ကွယ်၊ သူတို့အိပ်မယ့်တောကြီးကလည်း သားရဲတိရစ္ဆာန်တွေ အလွန်ထူပေါသတဲ့၊ အဆိုးဆုံးကတော့ လူသားစား ကျားဆိုးကြီး တစ်ကောင်ရှိနေတာကြောင့် အချိန်လင့်သွားတာနဲ့ လူသူမရှိတော့ပဲ ဖြတ်သန်းသွားလာတဲ့လူတောင် မရှိသလောက် တိတ်ဆိတ်သွားသတဲ့၊ ကျားဆိုးကြီးကလည်း တောတွင်းမှာ ဘုရင်တစ်ဆူမင်းမူနေသလို တစ်ခါတလေ ရွာစွန်ရွာဖျားထိလာပြီး ရွာသားတွေမွေးထားတဲ့ နွားတွေ



ကျွဲတွေ သိုးဆိတ်တွေကိုပါ ဖမ်းယူကိုက်ချီလေ့ရှိတာမို့ အကြောင်းသိနေကြတော့ သိပ်ကြောက်ကြတာပေါ့ကွယ်။

ကြောက်ပေမဲ့ အချိန်ကလည်းလင့်သွားခဲ့ပြီ၊ ပြန်ဖို့ရာကလည်း ချောင်းတွေအဆင့်ဆင့်ကူးရဦးမှာဆိုတော့ အိပ်ဖို့ပဲ ပြင်ကြဆင်ကြရတော့တာပေါ့။

အိပ်မဲ့နေရာကိုရွေးလိုက်တော့အရိပ်အာဝါသကောင်းသလောက် ညီညာပျံ့ပြူးတဲ့ ရောမသြောင်ပင်ကြီးအောက်ကို ရွေးချယ်လိုက်ကြတယ်တဲ့။ မအိပ်ခင်ညဦးပိုင်းမှာတော့ မီးလင်းဖိုလေးဖိုပြီး နေ့လည်ကကျန်ရစ်ခဲ့တဲ့ စားစရာလေးစားပြီး၊ ရေနွေးအိုးလေးတည်သောက်ရင်း စကားပြောနေကြတာပေါ့။ အိပ်ရာဝင်တော့မယ်ဆိုတော့ သစ်ခုတ်သမားတစ်ယောက်က သြောင်ပင်စောင့်နတ်ကို ရိုရိုသေသေရှိခိုးပြီး တိုင်တည်အကူအညီတောင်းတယ်။

"အရှင်ကြီးခင်ဗျား၊ ကျွန်တော်မျိုးသည် အရှင်ကြီးကို နေ့စဉ်စားဦးစားဖျားနဲ့ တင်မြှောက်ပူဇော်ခဲ့ပါတယ်၊ ယခုလည်း အရှင်ကြီးတို့ကို ရိုသေစွာရှိခိုးပူဇော်ပြီး အိပ်ပါတယ်။ ကျွန်တော်မျိုးအတွက်ကျလာမယ့်ရန်တွေကို ကူညီကယ်မတော်မူပါ၊ အရှင်ကြီးဘုရား"

ဆိုပြီး သြောင်ပင်စောင့်နတ်ကို ရှိခိုးအိပ်သတဲ့၊ ကျားရန်ကိုကြောက်ရှာတာကိုး။

ဒုတိယလူကတော့ တောအကြောင်းလဲသိတာမို့ ပါလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုံကြွပ်တို့၊ ဒါးမ်တို့ကို အနားမှာထား၊ ပစ်လို့ခတ်လို့ရတဲ့ ကျောက်တုံးကျောက်ခဲတွေကို စုဆောင်းထား၊ မီးကိုလည်း မပြတ်အောင် ထိုးထားသတဲ့၊ အိပ်ရာဝင်တော့လည်း အနန္တော အနန္တငါးပါးကို ရှိသေစွာရှိခိုးပြီး ဦးချတယ်၊ သရဏဂုံသုံးပါးကိုလည်း ကြည်ညိုစိတ်နဲ့ ရွတ်ဖတ်ပူဇော်တယ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် အစရှိတဲ့ ဝေနေယျသတ္တဝါတွေကိုမေတ္တာပို့ အမျှအတန်းဝေပြီးမှ သတိထားပြီး အိပ်တယ်တဲ့ကွယ်၊ လာချင်တဲ့ရန်သူလာခဲ့စမ်းလို့ အားခဲကြိမ်းဝါးပြီး လက်နက်တွေလဲ အသင့်ထားသတဲ့။

ညဉ့်နက်တော့ ကျားဆိုးကြီးရောက်လာပါလေရော။ အိပ်နေတဲ့လူနှစ်ယောက်ကလည်း ညောင်ပင်စောင့်နတ်ရဲ့ပိုင်နက်မှာဆိုတော့ အတင်းကိုက်ချီလို့ကလည်း မဖြစ်ဘူးလေ။ဒါကြောင့် ညောင်ပင်စောင့်နတ်ကို ခွင့်တောင်းသတဲ့။

"ကဲ နတ်မင်း ကျုပ်ကို လူသားတွေစားခွင့်ပေးမလား၊ မပေးဘူးလား"

ကျားကလည်း ကျားမိုက်၊ ကျားဆိုးဆိုတော့ နတ်ကလည်း ကြောက်ဟန်တူပါတယ်ကွယ်။

"ကောင်းပါပြီ မိတ်ဆွေကျား။ ဟောဟိုမှာ လူနှစ်ယောက်အိပ်နေတယ်၊ ဒီဖက်က ခြေပစ်လက်ပစ်အိပ်နေသူကတော့ ကျွန်ုပ်တို့နတ်တွေကို ယုံကြည်ကိုးကွယ်သူမို့ ကျွန်ုပ်တို့ပိုင်တယ်။ ၄င်းပြုလို့



ရတယ်။ ဟိုဖက်က ဗုဒ္ဓဘုရားရှင်ကိုကြည်ညိုယုံကြည်တဲ့လူကိုတော့ ကျွန်ုပ်တို့ မပိုင်ဘူး။ သင်သွားပြီး ရန်မူရင်လည်း သင်သာသေချာပေါက် ဒုက္ခရောက်မှာပဲ၊ သူက သတိဝီရိယနဲ့နေတဲ့သူပဲ"

နတ်အရှင်ကြီးက ဒီလိုလဲပြောလိုက်ရော စောစောက နတ်ကိုရှိခိုးပူဇော်ပြီး အိပ်တဲ့လူကို ကျားဆိုးကြီးက ကိုက်ချီစားသောက်ပစ်ပါလေရောတဲ့ကွယ်၊ ဦးဦးပြောတဲ့ပုံပြင်လေးကို ကလေးတို့ သဘောပေါက်ကြတယ်မဟုတ်လား။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# နှင်းဆီမှို

ဟိုရှေးရှေးတုန်းက နှင်းဆီပန်းပွင့်တွေဟာ အနီရောင်ရယ်လို့ မရှိသေးဘူးတဲ့ကွယ်။ နှင်းဆီနီရယ်လို့ဖြစ်ပေါ်လာရတဲ့ ဒဏ္ဍာရီတွေဟာ လူမျိုးတိုင်းမှာရှိသတဲ့၊ လူမျိုးအသီးသီးရဲ့ဒဏ္ဍာရီနဲ့မတူဘဲ နှင်းဆီနီလေးရဲ့ပုံပြင်လေးတစ်ပုဒ်ကို ပြောပြမယ်နော်၊ တူ တူမလေးတို့ စဉ်းစားတတ်သလို ရှုထောင့်စုံကစဉ်းစားပြီး သင်ခန်းစာယူပေတော့။

တစ်ခါတုန်းက မိဘနှစ်ပါးကိုသိပ်ချစ်တဲ့ 'မောင်ဝေဠု' ဆိုတဲ့ လူရွယ်လေးတစ်ယောက်ရှိသတဲ့၊ မောင်ဝေဠုအရွယ်ရောက်လာလို့ လူပျိုပေါက်ဖြစ်တဲ့အချိန်မှာ ဖခင်ကြီးဆုံးပါးသွားတာမို့ မိခင်အိုကြီးကိုပဲ ဂရုစိုက်ပြီး စောင့်ရှောက်ကျွေးမွေးပြုစုနေသတဲ့။

မနက်မိုးလင်းလို့ နေထွက်လာတာနဲ့ မောင်ဝေဠုလေးဟာ သူ့မိဘနှစ်ပါးစိုက်ပျိုးခဲ့တဲ့ ပန်းခင်းကြီးထဲကိုဝင်ပြီး ရောင်စုံပန်းလှလှ



လေးတွေကိုခူးပြီး ဆွဲခြင်းလေးနဲ့ထည့်လို့ မြို့ဈေးမှာသွားရောင်းသတဲ့။ အဲသလိုရောင်းတဲ့နေရာမှာ တစ်ချို့ပန်းကလေးတွေကို ဝါးနှီးသေးသေးလေးတွေနဲ့သီတဲ့အခါ သီရတယ်၊ အစုလိုက် အခိုင်လိုက်ကလေးတွေဖြစ်အောင် စုပြီး စည်းရနှောင်ရတဲ့အခါလည်းရှိသတဲ့။

မောင်ဝေဠုလေးဟာ စိတ်သဘောထားနူးညံ့ကောင်းမွန်ပြီး ချိုသာတဲ့စကားကိုသာ ပြောတတ်တဲ့သူဖြစ်လေတော့ သူ့ဆီမှာ ပန်းလာဝယ်ကြတဲ့သူတွေဟာ အများကြီးရှိနေတတ်ပါတယ်ကွယ်။ မောင်ဝေဠုလေးရောက်လာပြီဆိုရင် ဝယ်သူတွေ အလုအယက်ဝိုင်းဝိုင်းလည်နေကြတာပဲတဲ့။ အဲဒီထဲမှာ မဥမ္မာလို့ခေါ်တဲ့ အမျိုးသမီးလေးတစ်ယောက်ဟာ သူ့အဖော်မိန်းမကြီးတစ်ဦးနဲ့အတူ မောင်ဝေဠုဆီမှာ နေ့တိုင်းနေ့တိုင်း ပန်းလာဝယ်လေ့ရှိသတဲ့။

နေ့စဉ်နေ့တိုင်း ပန်းလာဝယ်နေကျဖောက်သည်ဖြစ်နေတော့ မောင်ဝေဠုနဲ့ မဥမ္မာတို့ဟာ ခင်မင်ရင်းနှီးတဲ့မိတ်ဆွေတွေဘဝကို ရောက်သွားကြတော့တာပေါ့။ တစ်ခါတလေ မောင်ဝေဠုမှာ ပန်းတွေမကုန်နိုင်လို့ရှိရင် မဥမ္မာဆိုတဲ့ မိန်းမလှလေးက အကုန်လုံး သိမ်းကျုံးဝယ်သွားတတ်သတဲ့။ နောက်ပြီးတော့ ပန်းလှလှလေးတွေကို သီတဲ့နည်း၊ လှလှပပရှုချင့်စဖွယ်ဖြစ်စေတဲ့နည်းတွေကိုလည်း မောင်ဝေဠုဆီကနေပြီး မေးမြန်းသင်ယူလေ့ရှိသတဲ့။ အဲသလို ခင်မင်ရင်းနှီးကြပေမယ့် မဥမ္မာဟာ သူ့မိဘရဲ့အလုပ်အကိုင်နဲ့ နေထိုင်နေရာကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှမပြောဘူးတဲ့။ မောင်ဝေဠုကမေးတဲ့အခါတိုင်း…

"ကိုဝေဠုရယ် သိလို့ကော ဘာအကြောင်းထူးမှာလဲ၊ တစ်ဦးနဲ့တစ်ဦး ခင်မင်ရင်းနှီးနေကြပြီဆိုမှတော့ ကျန်တာတွေမလိုပါဘူးလို့ပဲ ပြောသတဲ့"

တစ်နေ့ကျတော့ မဥမ္မာက မောင်ဝေဠုကို အလွန်လှတဲ့ ခေါင်းပေါင်းပုဝါတစ်ထည် လက်ဆောင်ပေးရင်းပြောသတဲ့။

"ကိုဝေဠုရယ်၊ တကယ်လို့ နေပြည်တော်က ထူးထူးဆန်းဆန်း ပြပွဲတွေ ပြိုင်ပွဲတွေလုပ်တဲ့အခါ ဝင်ပြီးတော့မယှဉ်ပြိုင်ပါနဲ့နော်"

လို့ သနားစဖွယ်တားမြစ်ရင်း ပန်းတွေကိုပါ အကုန်လုံးသိမ်းကျုံးဝယ်ပြီး မျက်နှာမသာမယာနဲ့ ပြန်သွားသတဲ့။

မောင်ဝေဠုခမျာလည်း ဘာကိုဆိုလိုတယ်ဆိုတာ တွေးတောစဉ်းစားလို့မရဘဲ ငေးငိုင်ကျန်ရစ်ခဲ့ရှာသတဲ့။ မဥမ္မာလေးရဲ့မျက်နှာလေးကိုကြည့်ပြီး သူဟာ မဥမ္မာကို စွဲစွဲလန်းလန်းသံယောဇဉ်ဖြစ်နေပါလားဆိုတာ သတိထားမိလိုက်တယ်တဲ့။ မဥမ္မာလေး သတိပေးသွားလို့ သိပ်မကြာခင်မှာပဲ ရွှေနန်းတော်မှာ ထူးထူးဆန်းဆန်းပြိုင်ပွဲတစ်ခု ကျင်းပမယ်လို့ အမိန့်တော်တွေ ထုတ်ဆင့်သံကြားရသတဲ့ကွယ်။

အမိန့်တော်ကတော့ ဘုရင်ကြီးနဲ့ မိဖုရားကြီးတို့ရဲ့ ဥယျာဉ်တော်ကပန်းတွေကို အလှပဆုံး နှစ်သက်ဖွယ်သီကုံးနိုင်သူကို မင်းသမီးလေးနဲ့ စကားပြောခွင့်ပေးမယ်၊ မင်းသမီးလေးမေးတဲ့မေးခွန်းကို



ဖြေနိုင်တဲ့သူကိုလည်း မင်းသမီးလေးနဲ့ ပေးစားမယ်ဆိုတဲ့ အမိန့်တော်ပဲတဲ့။

ဒီသတင်းကိုကြားတဲ့မောင်ဝေဠုဟာ ဝမ်းသာအားရဖြစ်ပြီး ပြိုင်ပွဲကိုဝင်ရောက်ဖို့ စိတ်ဆုံးဖြတ်လိုက်သတဲ့။

ပြိုင်ပွဲကျင်းပတဲ့နေ့ကျတော့ မောင်ဝေဠုလေးဟာ ဥယျာဉ်တော်ထဲကိုရောက်သွားပြီး အနှစ်နှစ်အလလကလေ့ကျင့်ထားတဲ့၊ သိထားတဲ့ ပန်းအလှဆင်ယင်နည်းပညာတွေကို အသုံးပြုပြီး ပန်းတွေကို အလှဆုံးအခိုင်လေးတွေ ပန်းကုံးလေးတွေဖြစ်အောင် လုပ်ပြလိုက်သတဲ့။

လာရောက်ယှဉ်ပြိုင်တဲ့သူတွေအများကြီးရှိပေမယ့် မောင်ဝေဠုရဲ့ ပန်းအလှဆင်ယင်မှုဟာ ဘယ်သူနဲ့မှမတူအောင် ဆန်းကြယ်လှပတာမို့ မောင်ဝေဠုကိုပဲ အားလုံးက ပထမဆုအဖြစ်ပေးလိုက်ကြပြီး ဘုရင်ကြီးနဲ့ အချစ်ဆုံးသမီးတော်ရဲ့မေးခွန်းတွေကိုဖြေကြားဖို့၊ ဖြေနိုင်ရင် လက်ထပ်ပေးမဲ့အကြောင်းကိုပါ ကြေညာလိုက်သတဲ့။

နောက်တစ်နေ့ကျတော့ ပန်းအလှပြင်ပွဲမှာ ပထမဆုရတဲ့ မောင်ဝေဠုကလေးကို စစ်သည်ရဲမက်အစောင့်အရှောက်တွေနဲ့ ဘုရင့်သမီးတော်လေးရဲ့ တပင်တိုင်ရွှေနန်းတော်ကို ခေါ်သွားကြသတဲ့။ မင်းသမီးလေးက မျက်နှာထားတော်ညှိုညင်စွာနဲ့ စောင့်မျှော်နေတာကို တွေ့ရတယ်ဆိုရင်ပဲ ထိတ်လန့်အံ့ဩသွားကြပါရောတဲ့။

ဘာကြောင့်လဲဆိုတော့ မင်းသမီးလေးဟာ မောင်ဝေဠုဆီမှာ

www.burmeseclassic.com

www.burmeseclassic.com



နေတိုင်းပန်းတွေလာပြီးဝယ်နေတဲ့ မဥမ္မာလို့ခေါ်တဲ့ အမျိုးသမီးလေးဖြစ်နေတာမို့ပါတဲ့ကွယ်။

နှစ်ယောက်သားတွေ့ကြတော့ ဝမ်းသာဝမ်းနည်း ဖြစ်နေကြတာပေါ့။ စကားပြောကြဖို့ရာကလည်း အဆင့်အတန်းက သိပ်ကွာလှမ်းလွန်းနေတယ်လေ။ သံယောဇဉ်ရှိနေတဲ့သူချင်းတွေ့ရလို့ မောင်ဝေဠုက ဝမ်းသာတယ်။ ဒါပေမယ့် မင်းသမီးလေးက ဝမ်းနည်းစိတ်မကောင်းဖြစ်နေတယ်။ မင်းသမီးလေး ဘာကြောင့် ဝမ်းနည်းစိတ်မကောင်းဖြစ်သလဲဆိုတော့ မင်းသမီးလေးဟာ အိမ်ထောင်ပြုဖို့ကို လုံးဝစိတ်မဝင်စားဘူးတဲ့။ ဒါပေမယ့် သူ့အိမ်ထောင်မပြုရင်လည်း တခြားသောတိုင်းပြည်တွေက မင်းညီမင်းသားတွေကလာပြီး ဓားစပ်ကြောင်းလမ်းကြမှာ၊ ငြင်းပယ်ရင်လဲ မျက်နှာပျက်ကြရမယ်၊ စစ်ခင်းချင်လဲ ခင်းရမယ့်အခြေအနေကိုရောက်နေတယ်။ ဒါကြောင့် သူ့ခမည်းတော်နဲ့ မယ်တော်က သူ့ကိုအိမ်ထောင်ချပေးချင်တယ်။ ခမည်းတော်နဲ့ မယ်တော်က သမီးမှာချစ်သူရှိသလားလို့ မေးတယ်တဲ့။ သူစိတ်ဝင်စားသံယောဇဉ်ရှိနေတဲ့ မောင်ဝေဠုလေးကလည်း ဆင်းရဲနွမ်းပါးတဲ့သူ၊ ပန်းသည်လေးဖြစ်နေတော့ အဆင့်အတန်းချင်းကွာလွန်းတာမို့ မိဘတွေက လုံးဝသဘောတူမှာမဟုတ်တော့ ပြောပြရမှာလည်း ခက်နေတာပေါ့။ ဒါကြောင့် မယ်တော်နဲ့ခမည်းတော်တို့ရဲ့အမေးကို သူ့မှာချစ်သူမရှိပါဘူးလို့ ဖြေလိုက်ရသတဲ့။ အဲဒီအဖြေကိုရတာနဲ့ တစ်ပြိုင်



နက် မိဘနှစ်ပါးက အိမ်ထောင်ရေးကိုစီစဉ်ဖို့ ကြံစည်ကြတာပေါ့။

အတိုင်းဘိုင်းအပြည်ပြည်က မင်းသားတွေကိုလည်း လုံးဝမချစ်မနှစ်သက်တဲ့မင်းသမီးလေးဟာ မိဘနှစ်ပါးရဲ့အစီအမံကို မငြင်းပယ်ခဲ့ပေမယ့် သူလိုချင်တဲ့အစီအစဉ်တစ်ခုကိုလည်း တောင်းဆိုသတဲ့။ တောင်းဆိုတာကတော့ . . .

မိဘနှစ်ပါးစီမံတဲ့အစီအစဉ်ကိုလဲ မငြင်းပယ်တဲ့သဘောလည်းရောက်အောင် သူ့ဆန္ဒလည်းပြည့်ဝရလေအောင် အရေးဆိုသတဲ့။ မယ်တော်နဲ့ခမည်းတော်တို့က ယန်းအလှပြိုင်ပွဲလုပ်ပြီး ရွေးချယ်လိုက်တဲ့ ဖူးစာရှင်ကို သမီးတော်က သီးသန့်အနေနဲ့ ဉာဏ်စမ်းပုစ္ဆာမေးမြန်းဦးမယ်၊ သမီးတော်မေးတဲ့ ဉာဏ်စမ်းပုစ္ဆာကို ဖြေနိုင်တဲ့သူမှသာ သမီးရဲ့ဖူးစာရှင်အဖြစ်ရွေးချယ်ပါရစေလို့ အခွင့်အရေးတစ်ခု တောင်းဆိုတယ်။ မယ်တော်နဲ့ခမည်းတော်တို့ကလည်း သမီးတော်တောင်းဆိုတဲ့အခွင့်အရေးကို ကြည်ကြည်ဖြူဖြူလေး ပေးအပ်လိုက်ပါသတဲ့။

ဒါကြောင့် မယ်တော်နဲ့ ခမည်းတော်တို့ရဲ့အစီအစဉ်နဲ့ ယန်းအလှပြိုင်ပွဲမှာပထမဆုရလာတဲ့ မောင်ဝေဠုကို မင်းသမီးလေးက ပုစ္ဆာမေးရတော့မှာပေါ့ကွယ်။

မင်းသမီးလေးဟာ ဘယ်လိုလူမှ မဖြေနိုင်တဲ့မေးခွန်းတွေကိုအများကြီး ရှာဖွေစုဆောင်းထားသတဲ့။ ဘယ်သူမှမဖြေနိုင်မှသည်း သူမချစ်မနှစ်သက်သူတွေနဲ့ မပေါင်းသင်းရမှာကိုးကွဲ့။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သူ့မေးခွန်းပုစ္ဆာကိုဖြေမယ့်သူက သူ့သံယောဇဉ်ရှိနေတဲ့ မောင်ဝေဠု ဖြစ်နေလေတော့ မင်းသမီးလေးခမျာ စဉ်းစားရကြပ်သွားတာပေါ့။ ဒါပေမယ့် မေးစရာရှိတာတော့ မေးရမှာပဲပေါ့ကွယ်။

မင်းသမီးလေးက မောင်ဝေဠုကို သူ့သလွန်တော်ရှေ့ ထိုင်ခုံပေါ်မှာထိုင်စေပြီး စားကောင်းသောက်ဖွယ်တွေနဲ့ ဧည့်ခံပေမယ့် မောင်ဝေဠုခမျာတော့ မစားနိုင်မသောက်နိုင်ရှာဘူးတဲ့။

"ရှင့်ကို ကျွန်မမေးခွန်းတစ်ခုမေးမယ်၊ မှန်အောင်ဖြေနိုင်ပါ့မလားလို့ မေးတယ်"

"မှန်အောင်ကြိုးစားဖြေပါ့မယ်"

"ဖြေနိုင်ရင် ရလာမယ့်ဆုလာဘ်ကိုသိထားပြီးရင် ခံစားရမယ့် အပြစ်ဒဏ်ကိုကော သိလား"

"မသိသေးပါဘူး မင်းသမီး"

အမှန်ကတော့ သူမေးတဲ့ပုစ္ဆာကိုမဖြေနိုင်ရင် နန်းတော်ကထွက်သွားရမှာပဲပေါ့။ မင်းသမီးလေးက ပြုံးနေတာပ'ေ။ မင်းသမီးလေးရဲ့ အဖော်မိန်းမကြီးကလည်း မောင်ဝေဠုကိုသိပြီးသားဖြစ်နေတော့ မလှမ်းမကမ်းကပဲ ထိုင်နေသတဲ့။ မှူးကြီးမတ်ရာတွေကတော့ ဟိုခပ်ဝေးဝေးကနေ အကဲခတ်နေကြတာပေါ့။

"ကဲ.....ဒါဖြင့် ရှင့်ကို ကျွန်မပုစ္ဆာတစ်ခုမေးတော့မယ်"

"မေးပါ"

❀ ဦးစိုးမြင့်(မ,နေ)

မင်းသမီးလေးဟာ သူ့အပါးမှာရှိတဲ့ ရွှေလှောင်အိမ်ထဲက ငှက်ငယ်ငယ်လေးတစ်ကောင်ကို ဖျတ်ကနဲဖမ်းယူပြီး လက်ထဲမှာ မိမိရရဆုပ်ထားလိုက်တယ်။ ငှက်ကလေးရဲ့အော်မြည်သံကိုလည်း နှစ်ယောက်စလုံး ကြားကြရတယ်။

"ကျွန်မလက်ထဲကငှက်ကလေးဟာ အရှင်လား၊ အသေလား"

မင်းသမီးလေးရဲ့မေးခွန်းကြောင့် မောင်ဝေဠု အဖြေရကြပ်သွားတယ်။ သူ့လက်ထဲမှာ လောလောဆယ် ငှက်အရှင်လေးကို ကိုင်ထားတာမှန်ပေမယ့် ငှက်ကလေးဟာ အရှင်ပါလို့ဖြေလိုက်ရင် မင်းသ'ီးလေးက ငှက်ကလေးကို ဖျစ်ညှစ်သတ်ပစ်လိုက်ရင် သူ့အဖြေဟာ မှားသွားနိုင်တယ်။ တကယ်လို့ ငှက်ကလေးဟာသေနေပါပြီ အသေပါလို့ဖြေလိုက်ရင်လည်း မသတ်ပဲနဲ့ ဖြန့်ပြလိုက်ရင် ငှက်ကလေးထပျံသွားမှာပေါ့။ ဒါဆိုရင်လဲ မောင်ဝေဠုရဲ့အဖြေဟာ မှားသွားပြီ။

ငှက်ကလေးကိုကြည့်လိုက်၊ မင်းသမီးလေးကိုကြည့်လိုက်နဲ့ မောင်ဝေဠုတစ်ယောက် ဦးနှောက်ခြောက်နေရှာသတဲ့။ ဒါကိုသိတဲ့ အထိန်းဖော်မိန်းမကြီးက မောင်ဝေဠုကို တိုးတိုးလေး စကားတစ်ခွန်း လှမ်းပြောလိုက်တယ်တဲ့။ မောင်ဝေဠု ဝမ်းသာသွားတယ်၊ မင်းသမီးလေးကိုလဲ ချက်ချင်းအဖြေပေးလိုက်သတဲ့။

"မင်းသမီးလေးရဲ့ သနားညှာတာတတ်တဲ့ နှလုံးသားကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လေးစားတန်ဖိုးထားတာမို့ မင်းသမီးလေးရဲ့စိတ်နဲ့ ကျွန်တော့်စိတ်ဟာ အတူတူပါပဲ"

လို့ ဖြေလိုက်သတဲ့။

အမှန်ကတော့ လိုချင်တဲ့အဖြေတိတိကျကျ မဟုတ်ဘူးပေါ့ကွယ်။ မဟုတ်ပေမယ့် အသက်ကိုရန်ရှာခံရမယ့် အဖြေထက်စာရင်တော့ တော်သေးတာမို့ မင်းသမီးလေးကော ရဲရွှေတော်ကြီးပါ စိတ်ချမ်းသာသွားရတာပေါ့။

"အသင့်ရဲ့အဖြေဟာ မှန်ကန်တယ်လို့ ပြောလို့မရပေမဲ့ မှားတယ်လို့လဲ ပြောလို့မရပါဘူး။ ဒါကြောင့် အသင့်ကို အပြစ်ဒဏ်ကတော့ကင်းလွတ်ခွင့်ပေးလိုက်မယ်။ ဒါပေမဲ့ ရှင့်ကို ကျွန်မအအရေးတစ်ခုလည်း ထပ်ပြီးပေးပါဦးမယ်"

မင်းသမီးလေးရဲ့ ပြုံးရွှင်နေတဲ့စကားကြောင့် မောင်ဝေဠုခမျာလည်း ပျော်သွားတာပေါ့။

" ရှင် ကျွန်မကိုနှစ်သက်မြတ်နိုးရင် အင့်မတန်ရှားပါးတဲ့ နှင်းဆီပန်းအနီကို ရအောင်ရှာခဲ့ရမယ် "

အဲဒီအချိန်တုန်းက နှင်းဆီပန်းအနီဆိုတာ လုံးဝမပေါ်သေးဘူး၊ မောင်ဝေဠုဟာလည်း ပန်းပင်စိုက်ပျိုးတဲ့ပညာမှာ တတ်ကျွမ်းတာမို့ တစ်နေ့နေ့မှာ နှင်းဆီပန်းအနီကို ရလာလိမ့်မယ်လို့ မျှော်လင့်ထားသတဲ့။ ဒါကြောင့်လည်း ဒီအခွင့်အရေးကို ပေးလိုက်တာပဲပေါ့ကွယ်။



မောင်ဝေဠုလေးလည်း အပြစ်ဒဏ်ဘေးကလွတ်ကင်းစွာနဲ့ ပြန်လာပြီး နှင်းဆီနီလေးရလာဖို့ကိုပဲ အမျိုးမျိုးတွေးတောစဉ်းစားနေသတဲ့။ သူ့ရဲ့ပန်းဥယျာဉ်လေးထဲရောက်တဲ့အခါကျတော့လဲ နှင်းဆီနီကို ဘယ်လိုမျိုးတွေနဲ့ စပ်ဟပ်ပေါင်းစည်းပြီး စိုက်ပျိုးရရင်ကောင်းမလဲလို့ စဉ်းစားနေသတဲ့။ ဒီလိုနဲ့ လတွေလတွေသာ ကုန်လွန်သွားတယ်။ မောင်ဝေဠုတစ်ယောက် နှင်းဆီနီရဖို့ကိစ္စ လုံးဝစဉ်းစားကြံစည်လို့မရဘဲ ဖြစ်နေရှာသတဲ့။ မင်းသမီးလေးကို လိုချင်မြတ်နိုးတဲ့စိတ်နဲ့ ကြိတ်မှိတ်ကြိုးစားရလွန်းလို့ နေ့စဉ်ပန်းရောင်းသွားရတဲ့ အလုပ်ပ်သည်းပျက်ကွက်လာသတဲ့။ မောင်ဝေဠုလေးဟာ အရင်ကလို ရွှင်ရွှင်လန်းလန်းမဟုတ်တော့ဘဲ တစ်နေ့တစ်ခြား ညှိုးရော် ငေးငိုင်နေတော့တာပေါ့။

တစ်နေ့ကျတော့ မောင်ဝေဠုရဲ့အမေက သားကိုမေးတယ်။

"သားလေးကြည့်ရတာ တစ်နေ့တစ်ခြားညှိုးနွမ်းနေတာပဲ၊ ပန်းရောင်းမသွားတာလဲကြာလှပြီ၊ သားမှာ ဘာများပူပင်ကြောင့်ကြစရာရှိနေသလဲ။ အမေ့ကို ပွင့်ပွင့်လင်းလင်းပြောပါသားရယ်"

အမေကမေးပေမယ့် မောင်ဝေဠုမဖြေနိုင်ဘူး၊ ဖြေရင်လဲ သူ့အမေဟာ ဘာမှကူညီနိုင်မှာမဟုတ်တဲ့ပြင် စိတ်ဆင်းရဲမှာကို သိနေတဲ့အတွက် မောင်ဝေဠုက ဘာမှမဖြစ်ပါဘူးအမေရယ်လို့ပဲ ပြောလိုက်သတဲ့။ သားဖြစ်သူကို အရိပ်ကြည့်နေတဲ့အမေကတော့ သားမှာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲစရာတစ်ခုခု ရှိနေပြီဆိုတာ သိနေတာပေါ့။

ဒီလိုနဲ့ မရမကမေးလွန်းမကမေးတော့ မောင်ဝေဠုလဲ အမှန်အတိုင်း ဖြေလိုက်ရရှာသတဲ့။

"သားမှာနှစ်ဦးသဘောတူ သံယောဇဉ်ရှိနေကြတဲ့ ချစ်သူတစ်ယောက်ရှိတယ်အမေ၊ သူက ဘုရင့်သမီး။

သူက မှာလိုက်တယ်၊ အလွန်ရှားပါးတဲ့နှင်းဆီပန်းအနီကို သူ့ဆီယူလာနိုင်တဲ့တစ်နေ့ကျရင် ကျွန်တော့်ကို လက်ထပ်မယ်တဲ့"

သားစကားကိုကြားရတော့ အမေက ခေါင်းညိတ်ပြီးပြုံးတယ်။

"သားရဲ့ချစ်သူက ဒီစကားကို နှစ်ကိုယ်ကြားပြောလိုက်တာလား။ ဒါမှမဟုတ် လူတွေအားလုံးရှေ့မှာ သိသိသာသာ ကြေညာလိုက်တာလား"

"နန်းတော်ထဲမှာ မင်းသမီးလေးကိုယ်တိုင်က အများသိအောင် ကြေညာခဲ့တာအမေရယ်"

အမေက သားရဲ့ညှိုးနွမ်းအားငယ်မှုကို ကြည့်ပြီး စိတ်မကောင်းရှာဘူး။ ဒါကြောင့် သားကိုအားပေးတယ်။

"မပူပါနဲ့သားရယ်၊ အမေ့မေတ္တာစွမ်းအားနဲ့ သားလိုချင်တဲ့နှင်းဆီနီလေး ရကိုရစေရမယ်။ ဒီကိစ္စ အမေတတ်နိုင်ပါတယ်၊ ပူမနေပါနဲ့"

အမေ့စကားကိုကြားရတော့ မောင်ဝေဠုဝမ်းသာအားရနဲ့



ပျော်မြူးသွားတယ်။

"အမေတကယ်ပြောတာလားဟင်"

"တကယ်ပေါ့သားရဲ့။ မနက်ဖြန်ခါမနက်ကျရင် သားရဲ့နှင်းဆီခြံထဲမှာ ရဲရဲနီနေတဲ့ နှင်းဆီနီတစ်ပွင့်တွေ့လိမ့်မယ်။ အဲဒါကိုယူသွားပြီး သားချစ်သူကို သွားပေးချေပေါ့"

သူ့အမေ ဒီစကားလေးပဲပြောပြီး ထွက်သွားသတဲ့။ မောင်ဝေဠုကတော့ ပျော်ကျန်ရစ်တာပေါ့ကွယ်။

မိဘဆိုတာ ဘယ်မိဘပဲဖြစ်ဖြစ် သားသမီးရဲ့အလိုဆန္ဒကို ဖြည့်ဆည်းပြီး၊ သားသမီးပျော်ရွှင်တာကိုပဲ မြင်ချင်ကြတာ မိဘတို့ရဲ့ မေတ္တာပဲပေါ့ကွယ်။

## မေတ္တာနှင်းဆီနီ

မောင်ဝေဠုရဲ့အမေဟာ သားလေးစိတ်ချမ်းသာပျော်ရွှင်နေတာလေးကိုကြည့်ပြီး ပြုံးရွှင်စွာနဲ့ ဥယျာဉ်ထဲကိုထွက်ခွာသွားသတဲ့။

မောင်ဝေဠုကတော့ သူသိပ်ချစ်တဲ့မင်းသမီးလေးနဲ့ ရင်းနှီးရတော့မှာကိုတွေးပြီး ဝမ်းသာလွန်းလို့ အိပ်တောင်မပျော်နိုင်ဘူးတဲ့။

ဒီလိုနဲ့ ညဉ့်နက်တဲ့အခါကျတော့ မှေးခနဲအိပ်ပျော်သွားရှာသတဲ့။

အိပ်ရာထဲကလန့်နိုးတဲ့အချိန်မှာ နေတောင်တော်တော်လေးမြင့်နေတာကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသတဲ့။ ဒါနဲ့ မောင်ဝေဠုလည်း အိပ်ရာထဲက ကမန်းကတန်းထ၊ မျက်နှာသစ်ပြီးဥယျာဉ်ထဲကိုပြေးသတဲ့။ လင်းလက်နေတဲ့နှင်းဆီဖြူ ပွင့်တွေထဲမှာရောမနှင်းဆီပန်းနီနီရဲရဲကြီးကိုဘွားကနဲတွေ့လိုက်ရသတဲ့။

မယုံကြည်နိုင်ခြင်းတွေ၊ အံ့သြခြင်းတွေနဲ့အတူ အလွန်ကြီးမား လှပတဲ့ နှင်းဆီပန်းနီနီကြီးကိုကြည့်ပြီး ဝမ်းသာနေတာပေါ့။ ရှုံးတံ ရှည်ရှည်ကို ရအောင်ကိုက်ဖြတ်ပြီး တယုတယကိုင်လို့ ဘုရင့်သမီး တော်လေးရှိတဲ့ ရွှေနန်းတော်ကို ဒရောသောပါးပြေးတော့သတဲ့ကွယ်။

လမ်းမှာတွေ့ကြမြင်ကြတဲ့သူတိုင်းကလည်း မောင်ဝေဠုကို ဖိုးကံကောင်းလေးပေါ့လို့ အော်ဟစ်ချီးကျူးပြီး သြဘာပေးကြသတဲ့။ ရွှေနန်းတော်ကိုရောက်တော့လည်း နန်းတော်တစ်ခုလုံး အုံးအုံးကျွတ် ကျွတ်ဖြစ်ပြီး မောင်ဝေဠုလေးကို ဝိုင်းပြီးချီးကျူးကြသတဲ့။

မင်းသမီးလေးကလည်း မောင်ဝေဠုကို ဝမ်းသာအားရဆီးကြို ပြီး စားကောင်းသောက်ဖွယ်တွေနဲ့ တည်ခင်းကျွေးမွေးသတဲ့။

ဒီလိုနဲ့ ဘုရင်ကြီးနဲ့မိဖုရားတို့ သိရှိသွားပြီး သူတို့ပေးထားတဲ့ ကတိ၊ သမီးတော်လေးရဲ့ကတိတွေနဲ့အညီ မောင်ဝေဠုနဲ့ သမီးတော် လေးကို လက်ထပ်ထိမ်းမြားဘို့ စီစဉ်ကြရတော့တာပေါ့ကွယ်။ နှစ်ဦး စလုံးကလည်း ပျော်လွန်းလို့ စကားပြောလို့ကို မဝနိုင်တော့ဘူးတဲ့။

"မင်္ဂလာအခမ်းအနားစီစဉ်တဲ့အခါကျရင် မောင်တော်ရဲ့အမေ ကိုလည်း ရွှေနန်းတော်ကိုခေါ်ထားပြီး အတူနေကြရအောင်နော်"



လို့ ပြောသတဲ့။

မင်းသမီးလေးပြောမှပဲ မောင်ဝေဠုဟာ သူ့အမေကိုသတိရ တော့သတဲ့။ နှင်းဆီနီကိုရအောင်လုပ်ပေးတဲ့အမေ့ကို ဝမ်းသာစကား မပြောရသေးတာကိုလည်း အမှတ်ရလာသတဲ့။

"မှတ်တယ်နှမတော်၊အမေ့ကိုဝမ်းသာစကားမပြောရသေးဘူး"

"မောင်တော်ဒီနှင်းဆီပွင့်ကိုဘယ်လိုရအောင် စိုက်သလဲဟင်"

အဲဒီနှင်းဆီနီတွေ ရွှေနန်းတော်ဥယျာဉ်ထဲမှာ အများကြီးစိုက် ရမယ်လို့ မင်းသမီးလေးကပြောသတဲ့။ သူကိုယ်တိုင် ကြိုးစားဖန်တီး တာမဟုတ်တော့ တိတိကျကျရေရေရာရာ မပြောနိုင်ဘူးပေါ့။ ဒီတော့မှ အလွန်ရှားပါးတဲ့ နှင်းဆီနီကို ဘယ်လိုစိုက်ပျိုးတယ်ဆိုတာကို ပိုပြီး သိချင်လာတယ်။ အမေဟာ ဒီနည်းလမ်းကို ဘယ်တုန်းကမှ မပြောခဲ့ ဘူးပါလားလို့ တွေးမိတယ်။

"နှမတော်တို့ အမေ့ဆီသွားကြရအောင်နော်"

မင်းသမီးလေးကတိုက်တွန်းတော့ မောင်ဝေဠုလည်း သွားဖို့ရာ သဘောတူလိုက်ရတာပေါ့။ ဒီလိုနဲ့ မင်းသမီးလေးနဲ့အတူ ရထားလုံး ကြီးကိုစီးပြီး သူ့အမေရှိတဲ့ ဥယျာဉ်ထဲကိုသွားကြသတဲ့။

ဥယျာဉ်ထဲရောက်တော့ သူတို့အမေကို တစ်ကြော်ကြော်အော် ခေါ်သတဲ့။ တဲအိမ်လေးထဲမှာလည်း သူတို့အမေကို မတွေ့ရဘူး။ ချောင်းကလေးရဲ့နံဘေးမှာရှိတဲ့ သူတို့အမေထိုင်နေကျ နေရာလေးမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း မတွေ့ကြဘူးတဲ့ကွယ်။

ဒီလိုနဲ့ သူတို့အမေကို လိုက်ရှာလိုက်တာ၊ နှင်းဆီခင်းကြီးရဲ့ အလယ်မှာ တွေ့လိုက်ကြရသတဲ့။ တွေ့တယ်ဆိုပေမယ့် အမေဟာ အသက်မရှိတော့ဘူးတဲ့ကွယ်။ မောင်ဝေဠုနဲ့ မင်းသမီးလေးတို့ဟာ အံ့အားသင့်သွားကြတယ်။ မောင်ဝေဠုက သူ့အမေကိုပွေ့ပြီး အမေ အမေလို့ခေါ်လိုက်တဲ့အခါကျတော့မှ သူတို့အမေဟာ ဘာကြောင့် သေဆုံးခဲ့ရတယ်ဆိုတာ သိသွားသတဲ့။

သူ့အမေရဲ့ရင်ဘတ်မှာ သွေးတွေချင်းချင်းနီနေတာကို တွေ့လိုက်ကြရသတဲ့ကွယ်။ ဒီတော့မှ မောင်ဝေဠုလေးက သူ့အမေရဲ့ ကြီးမားတဲ့ မေတ္တာနဲ့စေတနာကို သဘောပေါက်နားလည်သွားသတဲ့။

ဖြူဖွေးနေတဲ့ နှင်းဆီပွင့်ကြီးတစ်ပွင့်ကို သူ့ရင်ကိုခွဲပြီး နှလုံးသားထဲကလာတဲ့သွေးနဲ့ နှလုံးသွေးနဲ့ပက်ဖျန်းပြီး နှင်းဆီဖြူကနေ နှင်းဆီနီဖြစ်အောင် လုပ်လိုက်တာပါလားလို့ မောင်ဝေဠု သိသွားရှာသတဲ့။ မင်းသမီးလေးလည်း သိသွားတာပေါ့ကွယ်။

သူ့အမေရဲ့မေတ္တာတရားကြီးမားပုံကို သိမြင်သွားတဲ့မောင်ဝေဠုလေးဟာ သူ့အမေကိုပွေ့ဖက်ရင်းနဲ့ အမေ့ရင်ခွင်မှာ ခေါင်းငိုက်စိုက်ကျပြီး လဲကျသွားရှာသတဲ့ကွယ်။

✳ ✳ ✳

## သစ်ခုတ်သမားနှင့်ပညာရှိသုံးယောက်

ရှေးရှေးတုန်းကပေါ့ကွယ်။ ရွာတစ်ရွာမှာ ပညာရှိကြီးအမည်ခံနေကြတဲ့ ပုဂ္ဂိုလ်ကြီးသုံးယောက်ရှိသတဲ့။ သူတို့ဟာ သူတို့နယ်၊ သူတို့ရွာမှာတော့ အင်မတန်နာမည်ကြီးတဲ့လူကြီးတွေပေါ့။ လူတိုင်းက သူတို့ကို လေးစားကြရတယ်၊ အရိုအသေပေးကြရတယ်။ သွားလေရာအရပ်မှာ ခရီးဦးကြိုပြုပြီး နေရာထိုင်ခင်းကောင်းကောင်းမှာ ကျွေးမွေးဧည့်ခံကြလေ့ရှိသတဲ့။

တစ်နေ့ကျတော့ ပညာရှိကြီးသုံးယောက်ဟာ လောကကြီးကို လေ့လာဖို့၊ အတွေးအခေါ်ဉာဏ်ပညာတွေနဲ့ ကြည့်ရှုလေ့လာကြဖို့ အတွက် ရွာထဲကနေ ရွာပြင်ကိုထွက်လာခဲ့ကြသတဲ့။ ရွာပြင်မှာတော့ လယ်ယာစိုက်ပျိုးနေကြတဲ့သူတွေ၊ ကျွဲ နွားကျောင်းနေကြတဲ့သူတွေ၊ ထွန်ယက်နေကြတဲ့သူတွေနဲ့ ပြည့်လို့ပေါ့ကွယ်။

ဒီလိုနဲ့ လယ်ကွင်းတွေကိုလွန်မြောက်လာပြီး တောစပ်တစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



ကိုရောက်လာကြရောဆိုပါတော့။ တောထဲမှာဆိုတော့ သစ်ပင်ကြီးတွေ ခုတ်လှဲနေကြတဲ့သူတွေ၊ အကိုင်းအခက်တွေကို ခုတ်နေကြတဲ့သူတွေ၊ လွှဆွဲနေကြတဲ့သူတွေနဲ့ ကိုယ့်အလုပ်ကို လုပ်နေကြတာကို ပညာရှိကြီး သုံးယောက်တွေ့ရသတဲ့။

လူတွေအားလုံးဟာ ကိုယ့်အလုပ်ကို ကျွမ်းကျင်စွာလုပ်နေကြတာပေါ့။ တစ်နေရာမှာတော့ ပညာရှိကြီးသုံးယောက်ဟာ ထူးထူးခြားခြားသစ်ခွဲသမားတစ်ဦးကိုတွေ့သတဲ့။ တခြားလူတွေလုပ်နေတာနဲ့ မတူပဲ သူက ရောမအမြစ်ဆုံသစ်တုံးကြီးတစ်တုံးကို သံစို့တွေ၊ သံတူကြီးတွေအမျိုးမျိုးနဲ့ ခွဲစိပ်နေတာကို တွေ့ရသတဲ့။ ပညာရှိကြီး သုံးယောက်ဟာ သစ်ခုတ်သမားကြီးကို အသေအချာကြည့်ပြီး တစ်ယောက်တစ်မျိုးဆေဖန်ကြတယ်။ အမှန်တရားကို ရှာဖွေကြသတဲ့။

ပထမပညာရှိကြီးက သစ်ခုတ်သမားကြီးကိုကြည့်ပြီး....

"ဒီလောက် အမြစ်တွေအမျက်တွေနဲ့ရှုပ်နေတဲ့ အခွဲရခက်တဲ့ အမြစ်ဆုံကြီးကို လွယ်လွယ်ကူကူနဲ့ ခွဲနိုင်တာဟာ ဟောဒီသံစို့တွေကောင်းလို့ပဲ" လို့ မှတ်ချက်ချသတဲ့။

ဒါကို ကျန်တဲ့ပညာရှိနှစ်ယောက်က လုံးဝမဖြစ်နိုင်ဘူးလို့ ချေပကြသတဲ့။ ဒါဖြင့် ဘာကြောင့်လဲလို့ ပြန်ပြီးမေးသတဲ့။ ဒီတော့ ဒုတိယပညာရှိကြီးက...

"ဒီသစ်မြစ်ဆုံကြီးကို ကွဲသွားစေနိုင်တာဟာ ဟောဒီအင်မတန် ကြီးမားတဲ့ပုဆိန်ကြီး၊ သံတူကြီးကြောင့်ကွ၊ လူတွေမှတ်ထားကြ"

လို့ ပြောလိုက်သတဲ့။ ပထမပညာရှိကြီးနဲ့ တတိယပညာရှိကြီး တို့က မျက်မှောင်ကုပ် ပြီး မဲ့ရွဲ့ကြည့်ကြသတဲ့။

"ကဲ...ခင်ဗျားကကော ဘာကြောင့်ထင်သလဲ"

လို့ ခပ်ငေါ့ငေါ့မေးလိုက်သတဲ့။ တတိယပညာရှိကြီးကတော့ အသေအချာစဉ်းစားပြီးမှ ဖြည်းဖြည်းလေး ပြောသတဲ့။

"မင်းတို့အားလုံး တော်တော်ညံ့သေးတာပဲ၊ မသေမချင်း မှတ်ထားကြကွ။ ဒီလူကြီး ဒီထင်းတုံးကိုခွဲနိုင်တာ ဗလကောင်းလို့၊ အားရှိလို့ကွ မှတ်ထား။ မင်းတို့ စို့တွေ၊ ဆောက်တွေ၊ တူတွေ ဘယ်လောက်ပဲကောင်းကောင်း ထင်းပေါက်တဲ့လူဟာ ခွန်ဗလမရှိပဲ ပိန်ခြောက်ခြောက်နေရင် ဒီထင်းတုံး လုံးဝမကွဲဘူး၊ မပြတ်ဘူးကွ မှတ်ထားကြ"

ပထမပညာရှိက ထင်းဝေါက်ရာမှာ သံစို့တွေကောင်းလို့ လို့ပြောတယ်။ ဒုတိယပညာရှိကတော့ သံပုဆိန်တူကြီးကြောင့်၊ တတိယပညာရှိကတော့ ထင်းခုတ်သမားဟာ ခွန်အားဗလကြီးမားလို့သာ ဖြစ်တယ်လို့ အသီးသီးထင်ကြေးပေးကြသတဲ့။

ဒါကို ထင်းခုတ်သမားက လုံးဝမသိဘူး၊ သူ့အလုပ်ကိုသာ သူ လုပ်နေတာပေါ့။ ဒါနဲ့

"ကဲ..ဒီလိုပြောနေကြမယ့်အစား ထင်းပေါက်သမားကို သွား



www.burmeseclassic.com

www.burmeseclassic.com



ဖြီးမေးကြည့်ကြတာပေါ့"

လို့ သုံးဦးသားတိုင်ပင်ပြီး သစ်ခုတ်သမားကြီးရှိရာ ထွက်လာကြသတဲ့။

သူတို့ထွက်လာတဲ့အချိန်မှာ သစ်ခုတ်သမားကြီးကနားနေသတဲ့။ ပညာရှိကြီးသုံးယောက်ဟာ သစ်ခုတ်သမားကြီးကို သူတို့ထင်ထားတာတွေပြောပြသတဲ့။ သစ်ခုတ်သမားကြီးက

"ဆရာကြီးတို့ လက်တွေ့စမ်းသပ်ကြည့်ကြပါ"

လို့ လွှဲအပ်လိုက်သတဲ့။ ပညာရှိကြီးသုံးယောက်ဟာ စို့ကိုင်သူကကိုင်၊ တူကိုင်သူကကိုင်နဲ့ သစ်မြစ်ဆုံကြီးကို ခွဲဖြတ်ကြသတဲ့။ ချွေးတွေသာ ဒီးဒီးကျပြီး သူတို့ခွဲတဲ့နေရာက လုံးဝမပွဲမရွှဲဘူးတဲ့။ ဒီတော့မှ သစ်ခုတ်သမားကြီးက သစ်တုံးကြီးကို သေသေချာချာလှည့်ပတ်ကြည့်တယ်။စိတ်တိုင်းကျ ကြည့်ပြီးပြီဆိုတော့မှ စို့ကို အသားလေးတွေနဲ့ဆက်ပြီး ရိုက်သွင်းလိုက်တယ်။ စို့ဟာ အသားထဲကို နစ်မြုပ်ဝင်သွားပြီဆိုမှ တူကြီးနဲ့ ထုလိုက်သတဲ့။ အဲဒီစို့ကြီးနစ်ဝင်သွားပြီဆိုမှ နောက်စို့တစ်ချောင်းစိုက်ပြီး ထုပြန်တယ်။ စို့လဲ သုံးချောင်းလောက်စိုက်ထုပြီးရော သစ်သားတုံးကြီးဟာ ခွပ်ကနဲ ပွဲထွက်သွားသတဲ့။

အဲဒီအခါကျတော့ ပညာရှိကြီးသုံးယောက်ဟာ သူတွေးတာမှန်တယ်၊ ငါတွေးတာ ငါမှတ်ချက်ချတာ မှတ်တယ်လို့ ငြင်းကြပြန်သတဲ့။

ဒီတော့မှ သစ်ခုတ်သမားကြီးကပြောပြတယ်။



"သစ်တုံး သစ်မြစ်ကိုခွဲတဲ့နေရာမှာ သစ်ပင်တို့ရဲ့သဘာဝအကြောင်းကို သိဖို့လိုတာပါ"

လို့ ဖြေလိုက်သတဲ့။ ဘယ်သစ်တုံးကိုပဲခွဲခွဲ သူ့အကြောင်းကို မသိရင် မရနိုင်ပါဘူးလို့ ပြောလိုက်တာပေါ့ကွယ်။

ဒီတော့မှ ပညာရှိကြီးသုံးယောက်လဲ

"အင်း ဟုတ်ပေသားပဲ"

လို့ ပြိုင်တူဝန်ခံလိုက်ကြသတဲ့။ အဲဒီလိုအကြောင်းသိဖို့ကျတော့ ဘာကိုမြင်မှ ဘာကိုကြည့်မှ သိနိုင်ပါသလဲလို့ သစ်ခုတ်သမားကြီးကို မေးတာပေါ့။ ဒီတော့ သစ်ခုတ်သမားကြီးက...

သစ်ပင်၊ သစ်တုံးရဲ့ သဘာဝအကြောင်းကိုသိဖို့ကတော့ သစ်သားမျိုးစုံ၊ သစ်ပင်မျိုးစုံကို နှစ်ရှည်လများ ခွဲဖူးစိတ်ဖူးမှသိပါတယ် ပညာရှိကြီးတို့ခင်ဗျားလို့ ဖြေလိုက်သတဲ့ကွယ်။

⁂ ⁂ ⁂

www.burmeseclassic.com

www.burmeseclassic.com



## မင်းစေညွှန်းမိမ်

တစ်ခါကဥတ္တရဂီရိလို့ခေါ်တဲ့ တိုင်းနိုင်ငံမှာ မဟိန္ဒလို့ အမည်တွင်တဲ့ ဘုရင်ကြီးတစ်ပါး အုပ်စိုးနေခဲ့သတဲ့။

ဘုရင် မဟိန္ဒဟာ ဘုရင်ကောင်းတစ်ပါးဖြစ်သတဲ့။ ဒါပေမယ့် တိုင်းသူပြည်သားတွေကို အုပ်ချုပ်တဲ့နေရာမှာ စနစ်တကျ ဖြောင့်ဖြောင့်မှန်မှန် ဘယ်သူ့မျက်နှာမှမထောက် အုပ်ချုပ်တဲ့အတွက် သူ့ကို တိုင်းသူပြည်သားတွေဟာ ကြောက်ရွံ့ရိုသေကြပေမယ့် ချစ်တော့ မချစ်ကြဘူးပေါ့။ အဲဒီလို တိုင်းသူပြည်သားတွေ ချစ်မြတ်နိုးမှုကို မခံရတဲ့သူဖြစ်တဲ့အတွက် သူဟာ အမြဲတစေပဲ အနွံရာယ်ဝန်းရံနေတဲ့အဖြစ်မျိုး ကြုံလေ့ကြုံထ ရှိတယ်။

ဒါပေမယ့် သူ့ရဲ့အပါးမှာ ခစားနေတဲ့ မင်းမှုထမ်း မှူးမတ်တွေကတော့ သူ့ဆီက မျက်နှာသာရအောင် သူ့ကို အမြဲတစေပဲ မြှောက်ထိုး



ပင့်ကော် ချီးကျူးမှု ပြုနေတတ်ကြသတဲ့။ သူ ဘာပဲလုပ်လုပ် ကောင်းပါပေ့ တော်ပါပေ့လို့ လျှာအရိုးမရှိတဲ့အတိုင်းပဲ ဖောဖောသီသီ ထောပဏာ ပြုကြလေ့ရှိတယ်။ သူတို့ထဲမှာ အဆိုးဆုံးတစ်ယောက်ကတော့ စိတ္တလို့ အမည်တွင်တဲ့ အမတ်ကြီးတစ်ဦးပဲတဲ့။

စိတ္တဟာ ဘုရင်ကြီးရဲ့ လုပ်ရပ်တိုင်းကို ရွှန်းရွှန်းဝေအောင် တင်စားချီးကျူးလေ့ရှိတဲ့အပြင် တခြားပြောလေ့ပြောထအချက်ကတော့ "ဘုရင်မင်းမြတ်ဖြစ်ရတာ အင်မတန်ကောင်းမွန်ပါတယ်။ ကျွန်တော်မျိုးတော့ဖြင့် အရှင်မင်းတြားကြီးလို အင်မတန် ပညာရှိ၊ အင်မတန်ကြီးမြတ်၊ အင်မတန်ပြည့်ဝ၊ အင်မတန်စိတ်ချမ်းသာရတဲ့ ဘုရင်သာဖြစ်ရ၊င် သေပျော်ပါပြီ။ အရှင်မင်းကြီး ဒီလောကကြီးမှာ အရှင်မင်းကြီးလောက် ပျော်ရွှင်ချမ်းမြေ့ပြီး၊ ပညာဉာဏ်ပြည့်ဝလှတဲ့ဘုရင် ရှိမယ်မထင်ပါဘူး"လို့ ပြောကြားလျှောက်တင်သတဲ့။

စိတ္တဆီက အဲဒီစကားကို အကြိမ်ကြိမ်ကြားနေရတော့ ဘုရင်ကြီး မဟိန္ဒဟာ နားကြားပြင်းကပ်လာခဲ့တယ်။ စိတ္တဟာ ရင်ထဲကရှိတဲ့စကားကို ပြောဆိုနေတာမဟုတ်ဘဲ သူ့ဆီက မျက်နှာသာပေးချီးမြှင့်မှုတွေကို မျှော်ကိုးပြီး၊ လျှာအရိုးမရှိ ပြောဆိုတာကိုလည်း ဘုရင်ကြီး မဟိန္ဒ သဘောပေါက်မိတယ်။

"သူ့စကားတွေကြားရတာ နားခါးလာပြီ၊ နောင်ကျဉ်သွားအောင် ဆုံးမလိုက်အုံးမှပဲ...."

www.burmeseclassic.com



ဘုရင့်မဟိန္ဒဟာ အဲဒီလို စိတ်ကို ဆုံးဖြတ်လိုက်သတဲ့။

တစ်နေ့ စိတ္တဟာ သူ့ထုံးစံအတိုင်းပဲ ဘုရင်ကြီးကို မြှောက်တင်ပြီး စကားပြောဆိုနေတဲ့အခိုက်အတန့်မှာ ဘုရင်ကြီးက ရုတ်ချင်းမိန့်လိုက်တယ်။

"မောင်မင်းဟာ ဘုရင်ဖြစ်ရတာသိပ်ကောင်းတယ်လို့ဒီလောက်မှတ်နေမှတော့ ဘုရင်တစ်ပါးဖြစ်ရတာ ဘယ်လိုနေမှန်းသိအောင် ငါကိုယ်တော်မြတ်ဆောင်ရွက်ပေးမယ်။ မနက်ဖြန်ကျရင် ငါကိုယ်တော်မြတ်ရဲ့ မှူးမတ်တွေအတွက် စားသောက်ပွဲကြီးတစ်ခုကျင်းပမယ်။ အဲဒီအချိန်မှာ အမတ်မင်းက ငါကိုယ်တော်မြတ်ရဲ့နေရာမှာထိုင်၊ ငါကိုယ်တော်မြတ်ရဲ့သရဖူကိုဆောင်း၊ငါကိုယ်တော်မြတ်ရဲ့ကိုယ်စားအချိန်အနည်းငယ် ဘုရင်အရသာ၊ ဘုရင့်စည်းစိမ်ကို ခံစားကြည့်စမ်း"

ဘုရင်ကြီးက အဲဒီလိုမိန့်လိုက်တော့ စိတ္တဟာ သိပ်သဘောကျသွားတယ်။

"အိုအရှင်မင်းကြီး၊ အရှင်မင်းကြီးဟာ တခြားမင်းတို့ မပြုနိုင်စွမ်းသောအပြုဖြင့်ပင် ကျွန်တော်မျိုးကို ချီးမြှင့်တယ်။ ဒါကြောင့် အရှင်မင်းကြီး၊ ကြီးမြတ်မြင့်မြတ်လှပါပေတယ်လို့ ကျွန်တော်မျိုးဆိုလှေဆိုထရှိခြင်းဖြစ်ပါတယ်"

စိတ္တက အဲဒီလို ထပ်ကွန့်ဆိုဖြစ်အောင် ဆိုလိုက်သေးတယ်တဲ့။

နောက်တစ်နေ့တော့ စိတ္တဟာ ဘုရင်အဝတ်အစားတွေ ဝတ်ဆင်



ပြီး ပွဲတော်စားပွဲရဲ့ထိပ် ဘုရင်ကြီးရဲ့နေရာမှာ အကျအန ဝင်ထိုင်လိုက်တယ်။

ကျန်မှူးမတ်တွေက သူ့ဆီကို အခစားဝင်လာကြတော့ သူသိပ်ပီတိ ဖြစ်နေခဲ့တယ်။ သူ့ကို ဦးညွှတ်ဂါရဝပြု၊ ရှေ့မှောက်မှာ ခစားနေရတဲ့သူတွေအားလုံးကို ကြည့်ပြီး၊ သူ့ကိုသူ တကယ့်ဘုရင်လို ခံစားပြီး အူမြူးနေခဲ့သတဲ့။

"ဘုရင်ဖြစ်ရတာ တကယ့်ကိုကောင်းတာပဲ၊ ကောင်းမွေ့ဆိုတဲ့ အဝတ်တန်ဆာတွေကိုဝတ်၊ အကောင်းဆုံး အစားသောက်တွေကို ပွဲဦးတည်။ ဒီလိုဘဝမှ ပျော်စရာမကောင်းဘူးဆိုရင် ဘယ်ဘဝ ပျော်စရာရှိတော့မှာလဲ"

စိတ္တက စားပွဲဦးမှာ မိန့်မိန့်ကြီးထိုင်ပြီး အဲဒီလို တစိမ့်စိမ့်တွေး အကျေနပ်ကြီး ကျေနပ်နေခဲ့တာပေါ့။

အဲဒီအချိန်မှာပဲ သူဟာ အမှတ်တမဲ့ အပေါ်ကို မော့ကြည့်လိုက်မိတယ်။ သူတွေ့လိုက်ရတဲ့မြင်ကွင်းက နှလုံးသွေးခုန် ရပ်သွားစေသလားလို့ သူ မှတ်လိုက်ရတယ်။

သူ့ရဲ့ အပေါ်ထိပ်တည့်တည့် ခေါင်မိုးပေါ်ကနေ၊ အင်မတန်ချွန်မြတဲ့ ဓါးရှည်ကြီးတစ်လက် တွဲလောင်းကျနေတာကို တွေ့ရတယ်။ ဓါးရဲ့ ဓါးနှောင့်မှာ ဆံချည်မျှင်တစ်မျှင်ထဲ ချည်နှောင်ပြီး တွဲလောင်းချိတ်ထားတာဖြစ်သတဲ့။ အချိန်မရွေး ဆံမျှင်ပြတ်ကျနိုင်တဲ့ ပုံစံပေါ့

www.burmeseclassic.com



အဲဒါကိုသိတဲ့ စိတ္တဟာ အဲဒီဝါးကို ကြောက်ကြောက်ရွံ့ရွံ့နဲ့ ကြည့်နေမိခဲ့တယ်။ ဆံမျှင်သာ ပြတ်သွားရင် ချွန်ထက်နေတဲ့ ဓါးရှည်ဟာ သူ့ဦးခေါင်းတည့်တည့်ကို တန်းတန်းမတ်မတ် စိုက်ကျလာမှာကိုး။ အဲဒီလိုဖြစ်ရင် သေဖို့ ရာခိုင်နှုန်းပြည့် သေချာတဲ့ကိစ္စ။

အဲဒီဓါးကိုမြင်၊ အဲဒီအခြေအနေတွေကိုသဘောပေါက်လိုက်တာနဲ့ သူ့ရဲ့အပျော်တွေ၊ ပျောက်သွားသတဲ့။ စောစောက ဘုရင်ဖြစ်နေရတာကို ပျော်နေရတဲ့အရသာတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားတယ်။ ဒါကြောင့် စောစောကလို ပျော်ပျော်ပါးပါးကြီး သောက်နိုင်၊ စားနိုင်တဲ့ အခြေအနေ မရှိခဲ့တော့ဘူး။ ညှိသည်တွေကိုတောင် စကားမပြောရဲ မပြောနိုင်တော့သလို ဖြစ်နေခဲ့တယ်။

စိတ္တဟာ အဲဒီနေရာမှာ ဆက်ပြီးထိုင်မနေရဲတော့ဘူး။ ဒါပေမယ့် စားသောက်ပွဲကြီးကမပြီးသေးတော့ မထတ်နိုင်ဘူး။ ထိုင်မြဲထိုင်နေခဲ့ရတာပေါ့။ အချိန်ပြည့် ဘုရားပဲ တနေခဲ့ရပြီး ဝိုးကနဲ ဓါးကျသံမျိုးများကြားမိရင် ထပြေးနိုင်အောင် ဖင်တကြွကြွ ဖြစ်နေခဲ့တယ်။

နောက်ဆုံး စားသောက်ပွဲကြီး နိဂုံးချုပ်သွားတော့မှပဲ သူဟာ ဘုရင့်ပလ္လင်ကနေ သုတ်ကနဲ ထပြေးနိုင်ခဲ့တော့တယ်တဲ့။

အဲဒီအခါမှာ ဘုရင်မဟိန္ဒက သူ့ကို မေးမြန်းလိုက်သတဲ့။

"ကိုင်း… အမတ်ကြီးစိတ္တ၊ ဘုရင်ဖြစ်ရတာကို သဘောတွေ့ရဲ့လား"



အဲဒီတော့ စိတ္တဟာ ခေါင်းကို တွင်တွင်ခါရမ်းပြီး ဖြေလိုက်သတဲ့။

"ဘုရင်ဖြစ်ရတာကို ကျွန်တော်မျိုး လုံးဝ သဘောမကျပါဘူး အရှင်"

အဲဒီတော့ ဘုရင်ကြီး မဟိန္ဒက မိန့်လိုက်သည်။

"အမတ်မင်း နောက်နောင် ဘုရင်ဖြစ်ရတာ သိပ်ကောင်းပါတယ်ဆိုတဲ့စကား ဆိုတော့မယ် မဟုတ်ဘူးလို့ ငါကိုယ်တော်မြတ်ထင်တယ်။ အန္တရာယ်အမြဲတမ်းဝိုင်းနေတဲ့ ဘုရင်ဖြစ်ရတာ ဘယ်လိုနေတယ်ဆိုတာ အမတ်မင်း သဘောပေါက်လောက်ပြီမှတ်တယ်။ လောကကြီးမှာ အကောင်းအဆိုး အမြဲဒွန်တွဲနေသလို အကောင်းဆုံးအခြေအနေကို ခံစားရတဲ့သူတွေဟာ အကြီးမားဆုံး စတေးမှုတွေကို ပြုထားရတယ်ဆိုတာကို အမတ်မင်း နားလည်သဘောပေါက်ပါ"လို့ ဘုရင်ကြီးက ပြောလိုက်တယ်။ အဲဒီနေ့ကစပြီး အမတ်ကြီးစိတ္တဟာ ဘုရင်ကြီးကို မြှောက်ပင့်တဲ့စကား မပြောတော့ဘူးတဲ့ကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# တန်ကြေး

မန္တလာမ်တိုင်း တမ္ပနိုင်ငံရဲ့ မြို့တစ်မြို့ဖြစ်တဲ့ ရတနာပူရဆိုတဲ့မြို့မှာ မြို့စားသူရိန် အုပ်စိုးနေတဲ့ကာလဖြစ်တယ်။

တစ်နေ့မှာ ဝေးလံတဲ့အရပ်ဒေသက မြင်းကုန်သည်ကြီးတစ်ဦးဟာ အင်မတန်လှပခန့်ညားတဲ့ မြင်းကြီးတစ်စီးဆွဲပြီး ရောက်လာတယ်တဲ့။

"ခန့်ညားလှပသောမြင်းနဲ့ အရှင်မြို့စားမင်းကြီးသာ ထိုက်တန်တယ်လို့ ကျွန်တော်မျိုး သဘောပေါက်သောကြောင့် ဤမြင်းကြီးကို အရှင့်အားရောင်းချရန် ယူဆောင်လာခဲ့ပါသည်"

မြင်းကုန်သည်ကြီးက မြို့စားကြီးသူရိန်ကို အဲဒီလို လျှောက်ထားလိုက်သတဲ့။

မြို့စားကြီးသူရိန်လည်း မြင်းကို ရှေ့ပြန်နောက်ပြန် အသေ



အချာလိုက်ကြည့်ရှုတယ်။ မြင်းကုန်သည်ကြီးပြောသလို အင်မတန်ခန့်ညားလှပတဲ့ မြင်းဖြစ်ပြီး၊ အပြစ်အနာဆာ လုံးဝကင်းနေတာကို တွေ့တဲ့အတွက် အလွန်ပဲသဘောကျမိတယ်။ ဒါကြောင့် မြင်းကုန်သည်ကြီးကို မေးမြန်းလိုက်တယ်။

"သင် ဒီမြင်းကို ဘယ်လောက်နဲ့ ရောင်းမလဲ"

အဲဒီတော့ မြင်းကုန်သည်က ဖြေလိုက်တယ်။

"ဒီမြင်းကို အင်မတန်ချိုသာတဲ့ဈေးနှုန်းဖြစ်တဲ့ အသပြာငွေဒင်္ဂါး နှစ်ထောင်တည်းနဲ့ပဲ ရောင်းချမှာပါအရှင်"

ကုန်သည်ကြီးရဲ့စကားကြောင့် မြို့စားကြီးသူရိန်ဟာ မျက်လုံးပြူးသွားတယ်။

"အကောင်းဆုံးမြင်းတစ်ကောင်ရဲ့ ဈေးကတောင် ငွေအသပြာတစ်ထောင်ထက်မပိုဘူး၊ သင့်ဈေးနှုန်းက မတရားများနေပါလား"

"မှန်လှပါ... ဒီမြင်းဟာ အကောင်းဆုံးမြင်းတွေထက် နှစ်ဆကောင်းလွန်းလှလို့၊ နှစ်ဆဈေးတောင်းတာပါအရှင်"

မြို့စားကြီးသူရိန်ဟာ မြင်းကိုသဘောကျပေမယ့် ဈေးနှုန်းကြောင့် ထပ်မံဆစ်သတဲ့။ ဒါပေမယ့် မြင်းကုန်သည်ကလည်း ဈေးမလျှော့ဘူး။

"ဒီမြင်းဟာ ငွေအသပြာနှစ်ထောင်မကအောင် ထိုက်တန်တယ်ဆိုတာကို အရှင်မြို့စားကြီး တွေ့ရမှာပါ။ ဒါကြောင့် ငွေအသပြာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ထောင်ဆိုတာ အင်မတန်ဈေးချိုလှပါတယ်"

ဒီလိုအခြေအတင် အပြန်အလှန် ငြင်းခုန်နေကြပြီး မြို့စားကြီးကလည်း ဒီမြင်းကိုပဲ သိပ်သဘောကျနေတဲ့အတွက် နောက်ဆုံးမတော့ တောင်းတဲ့ဈေးကို အောင့်သက်သက်နဲ့ ပေးချေလိုက်တယ်။

"ကိုင်း... ဒါဖြင့် သင်တောင်းတဲ့ဈေး ငွေနှစ်ထောင် ငါပေးလိုက်မယ်၊ မတန်မရာငွေကို တောင်းတဲ့သင်လည်း ဒီငွေနဲ့အတူ ငါ့ရဲ့ ကျိန်စာသင့်စေ"

မြို့စားက အဲဒီလိုပြောဆိုလိုက်တော့ မြင်းကုန်သည်ဟာ မကျေမနပ်ဖြစ်သွားတယ်။

"အရှင်မြို့စားရဲ့အပြုအမူဟာ လူကြီးလူကောင်းတစ်ယောက်နဲ့ မထိုက်တန်ပါဘူး။ ဒါပေမယ့် ရှိပါစေတော့၊ ကျွန်တော်မျိုးရဲ့မြင်းကို နှုတ်ဆက်ပြီး သွားပါတော့မယ်"

မြင်းကုန်သည်က အဲဒီလိုပြောဆိုပြီး မြို့စားကြီးသူရိန်ပေးတဲ့ငွေ အသပြာနှစ်ထောင်ကို သူ့ရဲ့ပိုက်ဆံအိတ်ထဲထည့်၊ ခါးမှချိတ်ဆွဲလိုက်ပြီး၊ သူ့မြင်းဆီကို လျှောက်သွားတယ်။ မြင်းကို နှုတ်ဆက်မယ့်ပုံစံပေါ့။

မြင်းကုန်သည်ဟာ မြင်းရဲ့ခေါင်းကို ပွတ်သပ်ပြီး နှုတ်ဆက်နေတဲ့ပုံ တတွတ်တွတ်ပြောဆိုနေရင်းကနေ မြင်းပေါ်ကို ခုန်တက်ပြီး မြင်းကို ဒုန်းစိုင်းစီးထွက်သွားသတဲ့။

မြို့စားကြီးသူရိန်ဟာ ရုတ်တရက် အံ့အားသင့်သွားတာပေါ့



ကွယ်။

"ဟာ လူလိမ်၊ သူ့မြင်းကိုပြန်ယူပြီး ထွက်ပြေးသွားပြီ..လိုက်စမ်း လိုက်စမ်း"

မြို့စားကြီးရဲ့ ရဲမက်မြင်းသည်တော်တွေလည်း သူတို့မြင်းတွေဆီ အပြေးအလွှားသွားပြီး မြင်းတွေပေါ် ခုန်တက်၊ တဟုန်ထိုးလိုက်ကြသတဲ့။

မြို့စားကြီးသူရိန်ကလည်း နောက်က လှမ်းဟစ်လိုက်တယ်။

"အဲဒီလူလိမ်ကို မိအောင်ဖမ်း၊ သတ်ပစ်လိုက်... ငါ့ဆီကို မြင်းသာယူခဲ့၊ ငွေကို မင်းတို့ ဝေမျှယူလိုက်"

မြို့စားကြီးက အဲဒီလိုအမိန့်ပေးလိုက်တဲ့အတွက် မြင်းကုန်သည်နောက်ကိုလိုက်တဲ့ပမာဏ ပိုမိုများပြားလာသတဲ့။

ဒါကြောင့် ရှေ့ကဒုန်းစိုင်းပြေးနေတဲ့ မြင်းကုန်သည်နောက်ကို ငဲ့ကြည့်လိုက်တော့ ဖုံလုံးကြီး လုံးထနေအောင် လူအယောက်ပေါင်း တစ်ရာနီးနီး၊ သူ့နောက်ကို မြင်းစီးလိုက်လာနေတာ တွေ့လိုက်သတဲ့။

ဒါပေမယ့် သူ မပူလှဘူးတဲ့။ ပြန့်ပြောလှတဲ့ ကွင်းပြင်တကျော အသော့နှင်နေခဲ့ပေမယ့် သူ့ရဲ့မြင်းဟာ ပြေးနေကျနှုန်းလောက် ပြေးနေတဲ့ပုံ၊ အထူးအားစိုက်နေရမှု မရှိဘူးတဲ့။ ဒါပေမယ့် အဲဒီနှုန်းကိုတောင်မှ နောက်ကမြင်းသည်တွေ မီးကုန်ယမ်းကုန် အားစိုက်လိုက်ပေမယ့် နီးလာတယ်လို့ မရှိခဲ့ဘူး။

www.burmeseclassic.com



အဲ… မြင်းကုန်သည်ကြီးက သူ့မြင်းကို အရှိန်လျှော့လိုက်ပါမှ ဝါးလေးငါးဆယ်ပြန်စာလောက် မီလာကြတာရှိတယ်။ ဒါပေမယ့် အဲဒီလိုနီးလာတယ်ဆိုရင်ပဲ မြင်းကုန်သည်ကြီးဟာ သူ့မြင်းကို အရှိန်မြှင့် ဒုန်းစိုင်းပြန်တော့ အလုံးအများကြီး ဝေးသွားပြန်လေရော။

မြင်းကုန်သည်ဟာ အဲဒီလိုပဲ လွှင်ပြင်တကျော ရှေ့နောက် တောင်မြောက် ပြေးရင်း၊ နောက်ကလိုက်တဲ့အုပ်စု ဝေးသွားအောင် ပြုပြီးနောက် နောက်ဆုံး သူ့နောက်ကို ဘယ်မြင်းမှမလိုက်နိုင်တော့မှပဲ မိုးကုပ်စက်ဝိုင်းစွန်ဘက် ဦးတည်ပြီး တဟုန်ထိုး ပြေးထွက် ပျောက်ကွယ်သွားသတဲ့ကွယ်။

မြို့စားကြီးသူရိန်ရဲ့ မင်းချင်းတွေဟာ စိတ်ဓါတ်ကျကျ နွမ်းလျလျနဲ့ မြို့ကို ပြန်ရောက်လာတယ်။

"အရှင်မြို့စားမင်း၊ သူ့ရဲ့မြင်းဟာ နတ်မြင်းပျံလို ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် ပြေးလွှားနိုင်တဲ့အတွက် ကျွန်တော်မျိုးတို့ရဲ့မြင်းတွေ သူ့ကို လိုက်မမီနိုင်ခဲ့ပါဘူး"

မြို့စားကြီးလဲ ဘာမှမတတ်နိုင်ခဲ့ဘူးပေါ့။ ခံပြင်းပြင်းနဲ့ပဲ ရေငုံနုတ်ပိတ် နုတ်ဆိတ်နေလိုက်ရတော့တယ်။

ဒါပေမယ့် နောက်တစ်နေ့မနက်ကျတော့ မြို့စားအိမ်တော်ဝင်း အပြင်ဘက်က လှမ်းဟစ်သံကြားလိုက်ရတယ်။

"မြို့စားကြီး၊ မြို့စားကြီး"



မြို့စားကြီးလှမ်းကြည့်လိုက်တော့ မြင်းထက်က မြင်းကုန်သည်ကို တွေ့လိုက်ရတယ်။

"ဒီမြင်းဟာ မြို့စားကြီးပေးချေလိုက်တဲ့ အသပြာငွေနှစ်ထောင် ထက်မက တန်ကြေးရှိကြောင်း၊ အရှင်မြို့စားကြီး တွေ့မြင်သဘော ပေါက်ပြီမဟုတ်ပါလား။ အရှင်မြို့စားမင်းရဲ့ ကျွန်စာတိုက်ပေးလိုက်တဲ့ ငွေအသပြာကို ပြန်လိုချင်သလား၊ ဒီမြင်းကို အဲဒီဈေးနှုန်းပဲ ကြည် ကြည်ဖြူဖြူ သတ်မှတ်လက်ခံလိုပါသလား"

အဲဒီတော့မှမြို့စားကြီးက

"သင့်မြင်းဟာ တန်ကြေးထိုက်မှန်း သင်ပြသချက်မှန်တယ်။ ဒါကြောင့် သင်တောင်းတဲ့ဈေးနှုန်းကို ငါကြည်ဖြူစွာပေးတယ်။ မြင်းကိုထားရစ်ပြီး သွားပေတော့"

မြို့စား သူရိန်ဟာ အဲဒီလိုဆိုလိုက်တော့ မြင်းကုန်သည်လည်း မြင်းပေါ်မှဆင်းကာ မြို့စားကြီးကို ဦးညွတ်ဂါရဝပြုပြီး ထွက်ခွာသွား တော့သတဲ့ကွယ်။

⁕ ⁕ ⁕

www.burmeseclassic.com

# ဘာရှာရှာသူ

တစ်ခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးနေခဲ့သတဲ့။ ဗြဟ္မဒတ်မင်းကြီးဟာ တိုင်းပြည်ကို သမ္မာသမတ်ကျကျ အုပ်စိုးတယ်။ မင်းကျင့်တရားဆယ်ပါးအတိုင်း ကျင့်ကြံတယ်။ ကောင်းမှုကုသိုလ် အလှူအတန်းပေးလှူပေးထရှိတယ်။

ဒါပေမယ့် သူဟာ ဒီလိုလုပ်ကိုင်နေတာဟာ မင်းတစ်ပါးအနေနဲ့ ကျင့်ရမယ့်ကိစ္စတွေလို့ သတ်မှတ်ပြီး ကျင့်ကြံချင်းဖြစ်တယ်။ ရှေးဘုရင်တွေ လုပ်ထုံးအတိုင်း လုပ်ကိုင်ခြင်းသဘောပဲ ရှိခဲ့တယ်။ သူကိုယ်တိုင်တရားမြင်ပြီး လှူဒါန်းပေးကမ်းလုပ်ကိုင်နေခြင်း မဟုတ်ဘူးတဲ့။ ဒါကြောင့် သူဟာ တိုင်းခန်းလှည့်လှည်သွားလာရင်း တွေ့ကြုံရတဲ့ ရဟန်းသံဃာတွေအပြင် အခြား ထူးထူးခြားခြား တရားကျင့်နေသူတွေကိုကြည့်ပြီး ဘဝင်မကျ ဖြစ်လာမိတယ်။



"သူတို့ ဘာတရားကို ရှာနေကြတာလဲ"

ဘုရင်ကြီးဟာ သူ့ရဲ့အနီးအပါးမှာ ခစားနေတဲ့ မှူးမတ်တွေကို မေးမြန်းမှုပြုမိတယ်။

"လောကီ၊ လောကုတ္တရာဆိုင်ရာ နိယာမသဘောတရားတွေကို စူးစမ်းဆင်နွှဲနေကြတာပါ အရှင်မင်းကြီး"

"ဟုတ်လား... လောကနိယာမသဘောတရားတွေကို သိရင် ဘာအကျိုးရှိသလဲ"

ဘုရင်ကြီးက ထပ်ဆင့်မေးမြန်းလိုက်တယ်။

"လောကသဘောတရားတွေ၊ နိယာမတွေကို သဘောပေါက်နားလည်ရင် လောကရဲ့လျှို့ဝှက်ချက်ကို သိမြင်ပြီး လောကကို အောင်နိုင်သူ ဧကံ ဖြစ်ပါတယ် အရှင်မင်းကြီး"

ပညာရှိအမတ်ကြီးရဲ့ လျှောက်ထားချက်ကို ဘုရင်ကြီးက သဘောကျသွားတယ်။ ဒီလိုတင်ပလ္လင်ခွေ၊ မျက်စေ့မှိတ် အာရုံပြုရင်းနဲ့ပဲ လောကကို အောင်နိုင်သူဖြစ်မယ်ဆိုရင် သိပ်ကောင်းပေါ့။ စစ်ပြုစစ်တိုက် အုပ်ချုပ်ရသလို အပန်းမကြီးလှဘူးပေါ့။

ဒါနဲ့ အဲဒီညရောက်တော့ ဘုရင်ကြီးဟာ သူ့ရဲ့အဆောင်တော် ဖဲမွေ့ယာကြီးပေါ်မှာ အကျအနထိုင်ပြီး တရားထိုင်တော့သတဲ့။

အတော်လေး အချိန်လင့်သွားတော့ သူ့အိပ်ဆောင် ခေါင်မိုးပေါ်မှာ လူသံကြားသတဲ့။

www.burmeseclassic.com



"ဟော့.. ငါကိုယ်တော်မြတ်ရဲ့ အိပ်ဆောင်ခေါင်မိုးပေါ်ကို အချိန်မတော် ဘယ်သူတက်နေတာလဲ"

ဘုရင်ကြီးက အဲဒီလို လှမ်းဟစ်လိုက်တော့ ခေါင်မိုးထက်က ပြန်ဟစ်သံ ပေါ်လာတယ်။

"မှန်လှပါ ကျွန်တော်မျိုးရဲ့မြင်း ပျောက်သွားလို့ မြင်းကို လိုက်ရှာနေတာပါ"

"ဟ.. မြင်းပျောက်တာ ခေါင်မိုးပေါ်တက်ရှာရသလား။ ဘယ်လိုလုပ်ပြီး မြင်းက ခေါင်မိုးပေါ်မှာရှိမလဲ"

ဘုရင်ကြီးက အဲဒီလို တအံ့တဩ ပြန်ဟစ်လိုက်တော့ ခေါင်မိုးထက်က အသံကလည်း ပြန်ဖြေသတဲ့။

"အော်... ဟုတ်ပေသားပဲ၊ ကျွန်တော်မျိုးမှားသွားပါတယ် အရှင်မင်းကြီး"

အဲဒီလိုပြောဆိုပြီး အသံပျောက်သွားတော့ ဘုရင်လည်း သူ့အိပ်ဆောင်ပေါ် လူရောက်တာတောင် သူ့အစောင့်တွေ မသိရမလားဆိုပြီး သူ့အိပ်ဖန်စောင့်တွေကို ဆူပူအပြစ်ပေးဖို့ ထွက်လာတော့ အစောင့်တွေဟာ နိုးနိုးကြားကြားစောင့်နေပေမယ့် ဘုရင်ကြီးပြောတဲ့အသံကို သူတို့ မကြား မသိခဲ့ကြောင်း လျှောက်တင်လိုက်ကြတယ်။

ဘုရင်ကြီးလည်း ဘာမှ မပြောတော့ဘူး၊ အတော်ထူးခြားတာပဲလို့ စိတ်ထဲ တေးမှတ်ထားလိုက်တယ်။



နောက်တစ်နေ့ကျတော့လည်း ထုံးစံအတိုင်း တရားထိုင်ပြန်ရော။ အချိန်အတော်လင့်တော့ အသံကြားလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့အခန်းထဲမှာ လူနှစ်ယောက် ရောက်နေတာကိုတွေ့တယ်။

အဲဒီလူတွေဟာ သူ့ကို လုံးဝအရေးမထားဘဲ သူ့ကုတင်အောက်တွေ၊ သူ့စားပွဲအောက်တွေ၊ အခန်းချောင်ကြိုချောင်ကြားတွေထဲ လျှောက်လိုက်ကြည့်နေကြတာကို တွေ့တယ်။

"ဟော့... မင်းတို့ ဘယ်သူတွေလဲ၊ ဘာလုပ်နေကြတာလဲ"

"မှန်လှပါ... ကျွန်တော်မျိုးတို့ မြင်းပျောက်လို့ လာရှာတာပါ"

"ဟ မင်းတို့ မနေ့ညကလည်း ငါ့ခေါင်မိုးပေါ် မြင်းရှာ။ ဒီနေ့ ငါကိုယ်တော်မြတ်ရဲ့အခန်းထဲမှာ မြင်းရှာ၊ ဘယ့်နဲ့ မင်းတို့မြင်းဟာ ငါ့အခန်းထဲမှာရှိမလဲ"

ဘုရင်ကြီးဟာ အဲဒီလိုအော်လိုက်တော့ မြင်းရှာသူနှစ်ဦးကလည်း ရိုရိုကျိုးကျိုးပဲ။

"မှန်လှပါ အရှင်မင်းကြီး။ ကျွန်တော်တို့ မှားသွားပါတယ်"

အဲဒီလို ပြောဆိုပြီး အဲဒီသူနှစ်ယောက်လည်း အခန်းပြင်ဘက် ပြန်ထွက်သွားကြတယ်။

ဘုရင်ကြီးကလည်း သူ့အခန်းထဲကို လူစိမ်းဝင်အောင် စောင့်ကြပ်မှု ချို့ယွင်းပျက်ကွက်ခဲ့တဲ့ မင်းချင်းတွေကို ပြစ်တင်ဖို့ အဆောင်အပြင်ထွက်လာတော့ ဘုရင်ကြီးပြောတဲ့သူနှစ်ယောက် အကြောင်းအတွက်

www.burmeseclassic.com



လုံး၀မရှိခဲ့ကြောင်း အိပ်ဖန်စောင့်တွေက ပြန်လျှောက်ထားလိုက်တယ်။

ဘုရင်ကြီးကလည်း နတ်ဆိတ်စွာ အထဲပြန်၀င်လာခဲ့တယ်။ နောက်ပြီး သူ့အဖြစ်ကိုသူ စေ့စေ့ငုံငုံ သုံးသပ်ဆန်းစစ်လိုက်တယ်။

ဒီလူတွေဟာ ခေါင်မိုးပေါ်မှာ အိပ်ခန်းထဲမှာ မြင်းရှာနေတာ အကြောင်းကျိုးမကျ မစပ်ဆိုင် မဆီလျော်ဘူး။ သူရော မင်းစည်းစိမ်အလယ်မှာ တရားရှာနေတာ တရားရနိုင်ပါ့မလား။ သူဟာ အဲဒီလို တွေးတောမိပြီး နောက်တစ်နေ့မှာပဲ သူ့ထီးနန်းကို သူ့ရဲ့ညီတော်ကို လွှဲအပ်ပေးလိုက်ပြီး တရားရှာ၊ တရားကျင့်ဖို့အတွက် တောထွက်သွားသတဲ့ကွယ်။

✻ ✻ ✻

BURMESE CLASSIC

တ လေး တို့ ကျ န်း မ ာ ရွှ င် လ န်း ကြ ပါ စေ

**ဆရာဦးမိုးမြင့် (B.Sc)**

www.burmeseclassic.com